# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ်ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး

# အဌမနေ့မှတ်တမ်း(မူကြမ်း)

**၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်**

**( ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )**

**( ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊၁၀ ႏ ၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ အဌမနေ့အစီအစဥ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီ ခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန် ၊၁၀ း ၀၂။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဌမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၈၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးတက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၇.၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားရန်ရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဇော်ဇော်မိုး(တပ်မတော်သားကိုယ်စားလှယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်သည် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ် ကြည်း-၂၅၂၉၅ ဗိုလ်မှူးဇော်ဇော်မိုး ဖြစ်ပါတယ်။ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း- ၃၃၄၅၀ ယာယီတပ်ခွဲမှူး ဗိုလ်မှူးအောင်မြတ်ဌေး၏ ကိုယ်စားခွင့်တိုင်ကြားအပ်ပါတယ် ခင်ဗျား။ ယာယီတပ်ခွဲမှူး ဗိုလ်မှူးအောင်မြတ်ဌေးသည် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် ၁၀၀၀ တွင် အထက်လှန်အောက်လျှောရောဂါဖြင့် ဆေးကုသမှုခံယူနေပါ သောကြောင့် အစည်းအဝေး မတက်ရောက်နိုင်ပါသဖြင့် ၃၁-၈-၂၀၁၁ ရက်နေ့ တစ်ရက်အတွက် ခွင့်ခံစားခွင့်ပြုပါရန် ရှိသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးသန့်ဇင်(ကြည့်မြင်တိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း၏ ဖခင်သည် ၃၀-၈-၂၀၁၁ နံနက် ၁၀ နာရီခန့်တွင် ကွယ်လွန်သွားပါ၍ နာရေးကိစ္စအဝဝကို ဆောင်ရွက်နိုင်ရန်အတွက် ၃၁-၈-၂၀၁၁ မှ ၂-၉-၂၀၁၁ အထိ ခွင့်(၃) ရက်ပေးပါရန် ဦးစိုးဝင်း ကိုယ်စား ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးသည် အစာအိမ်ရောင်ပြီး ချောင်းအဆက်မပြတ်ဆိုးနေပါ၍ ယနေ့ကျင်းပသော လွှတ်တော်အစည်းအဝေး တက်ရောက်နိုင်ခြင်းမရှိပါသဖြင့် ခွင့်(၁) ရက် ခံစားခွင့်ပြုပါရန် ဒေါ်တင်နွယ်ဦးကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန် ၊၁၀ း ၀၆။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ ကြယ်ပွင့်ပြထားတဲ့ အောက်ပါ မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း ဖြစ်ပါတယ်။

**ဓာတ်မြေသြဇာများဖြန့်ဝေခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၀ း ၀၇။**

**ဦးကျော်မြင့်(မိုးမိတ် မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများအား ကာယသုခ၊ စိတ္တသုခနှစ်ဖြာသော သုခအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်(ခေါ်) ဦးဖိုးတုတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုမေးရတဲ့ အကြောင်းအရင်း ကတော့ ကျွန်တော်ဟာ လယ်ယာလုပ်ငန်းကို အနှစ် ၃၀ ကျော် လုပ်ကိုင်ခဲ့တဲ့သူ ဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ခဲ့တဲ့ သက်တမ်းတစ်လျှောက်လုံးမှာ လယ်ယာလုပ်ငန်းခွင်အတွက် သွင်းအားစုဖြစ်တဲ့ နိုင်ငံတော်မှထုတ်လုပ်တဲ့ ဓာတ်မြေသြဇာ တီစူပါ၊ ပိုတက်ရှ်စတဲ့ သွင်းအားစုတွေကို မိမိလုပ်ကိုင်ခဲ့တဲ့ လယ်ဧကအချိုးအစားအလိုက် နှစ်စဉ်ထုတ်ယူရရှိခဲ့ကြပါတယ်။ ဒါပေမယ့် ရှမ်းပြည်နယ်၊ မိုးမိတ်မြို့နယ်အနေနဲ့ နိုင်ငံတော်မှထုတ်ပေးတဲ့ ဓာတ်မြေသြဇာများကို မရရှိခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်ကျော်လောက်ရှိနေပြီဖြစ်တဲ့အတွက် ဒီမေးခွန်းကို မေးရခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ လယ်ယာလုပ်ငန်းလုပ်ကိုင်နေကြပြီး အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ တောင်သူလယ်သမားတွေပဲ ဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းခွင်မှာ အသုံးပြုတဲ့ သွင်းအားစု ဓာတ်မြေသြဇာဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးရဲ့ ၁၄ ရက် မြောက်နေ့ ၂၄-၃-၂၀၁၁ နေ့မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီး ဦးဌေးဦး မှလည်း နိုင်ငံတော်အစိုးရအနေနဲ့ တောင်သူလယ်သမားများအတွက် ဓာတ်မြေသြဇာနှင့် ပတ်သက်ပြီး ၁-၇-၂၀၀၂ ခုနှစ်မှာ ဓာတ်မြေသြဇာဥပဒေ၊ ၁-၁၀-၂၀၀၂ ခုနှစ်မှာ ဓာတ်မြေသြဇာနည်းဥပဒေများကို

ထုတ်ပြန်ကာ ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ နိုင်ငံတော်အနေဖြင့်လည်း တောင်သူလယ်သမားများအတွက် ဓာတ်မြေဩဇာများကို စလေဓာတ်မြေဩဇာစက်ရုံ၊ ကျွန်းချောင်း ဓာတ်မြေဩဇာစက်ရုံ၊ ကျော်စွာဓာတ်မြေဩဇာစက်ရုံ၊ ၂၀၁၀ ခုနှစ်မှာ မြောင်းတကာ ဓာတ်မြေဩဇာ စက်ရုံနဲ့ ၂၀၁၁ ခုနှစ်မှာ ပုသိမ်ဓာတ်မြေဩဇာစက်ရုံတို့ဖြင့် ထွက်ရှိသော ဓာတ်မြေဩဇာများကို လယ်သမားများအား ဖြန့်ဝေပေးနေကြောင်းကိုလည်း သိရှိရပါတယ်။ ဒါကြောင့်မို့ ကျွန်တော် မေးချင်တဲ့မေးခွန်းကတော့ (က)နိုင်ငံတော်၏ ဓာတ်မြေဩဇာစက်ရုံမှ ထုတ်လုပ်သော ဓာတ်မြေဩဇာ များကို နိုင်ငံတော်အတွင်းရှိ လယ်ယာလုပ်ငန်းလုပ်ကိုင်နေသူ တောင်သူလယ်သမားများအား ဖြန့်ဝေပေးနေပါသလား။ (ခ)ဖြန့်ဝေပေးသည်ဆိုပါက တိုင်းဒေသကြီးနဲ့ ပြည်နယ်များကို မည်ကဲ့သို့ ဖြန့်ဝေပေးပါသလဲ။ (ဂ)တိုင်းဒေသကြီးနဲ့ ပြည်နယ်များကို ဖြန့်ဖြူးပေးမယ်ဆိုရင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ မိုးမိတ်မြို့နယ်ရဲ့ အသားတင်စိုက်ပျိုးမြေဧက ၁၃၃၃၆ ဧကကို လုပ်ကိုင်နေကြသော တောင်သူလယ်သမားများအား မည်ကဲ့သို့ ဖြန့်ဝေပေးပါသနည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စားကျက်မြေများ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မင်းပြားမဲဆန္ဒနယ်မှ ဦးအောင်စိန်သာ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၀ း ၁၁။**

**ဦးအောင်စိန်သာ(မင်းပြားမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များကို ကျွန်တော် ဒီနေရာက ဂါရဝပြု လေးစားကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ မင်းပြားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိန်သာ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြချင်တာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ တိရစ္ဆာန်စားကျက်မြေများဟာ ဟိုးအရင့်အရင် လက်ထက်ကတည်းက တရားဝင်သတ်မှတ်လို့ရှိပါတယ်။ အင်္ဂလိပ်အစိုးရများ လက်ထက်ကလည်း ဒီလိုပဲသတ်မှတ်လို့ ရှိပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက်လည်း ကျွန်တော်တို့နိုင်ငံတော်အစိုးရများဟာ ဒီတိရစ္ဆာန် စားကျက်မြေများကို သတ်မှတ်ထားလို့ရှိခဲ့ပါတယ်။ အဲဒီလို ရှိတာကနေပြီးတော့ ဒီလို စားကျက်မြေ ဘာကြောင့်ထားရလဲဆိုလို့ရှိရင် ခိုင်းနွား၊ ခိုင်းကျွဲတွေကို အစာရေစာပေးဖို့အတွက်၊ သူတို့ကို ကျန်းမာရေးအတွက်၊ လမ်းလျှောက်ဖို့အတွက်၊ သူတို့ကိုသွားလာလှုပ်ရှားဖို့အတွက် ဒီစားကျက်မြေများကို ထားရပါတယ်။ ဒါပေမယ့် ဒီစားကျက်မြေများကို နောက်ပိုင်းမှာ ကျွန်တော်တို့တွေ့ရတာက အာဏာပိုင် လို့ပဲဆိုပါမယ်။ အာဏာပိုင်တချို့ဟာ ဒါတွေကို သီးစားတွေ ချထားပါတယ်။ ပုဇွန်မွေးမြူရေး တာတွေ

ချထားပါတယ်။ အဲလိုလုပ်တဲ့အတွက် စားကျက်မြေများဟာ တဖြည်းဖြည်းနဲ့ လျော့နည်းလာပါတယ်။ နောက်တစ်ခါ တောစပ်ပြီးတော့ မြစ်ချောင်း၊ ကမ်းနားစပ်မှာရှိတဲ့ တောတွေထဲမှာလည်း ကျွဲ၊ နွားတွေကဝင်လို့ အစာတွေရှာစားပါတယ်။ တကယ်ကတော့ ဒီနေရာဟာ စားကျက်မြေမဟုတ်ဘူး။ မဟုတ်ပေမဲ့ ဒီနေရာကိုပဲ စားစရာရှိတဲ့အတွက် ဒီနေရာမှာ ကျွဲတွေ၊ နွားတွေ ဝင်စားပါတယ်။ အဲဒါကိုလည်း နောက်ပိုင်းမှာ ပုဂ္ဂနိုက်မွေးမြူတာတွေ ချလိုက်ပါတယ်။ ခွင့်ပြုလိုက်ပါတယ်။ အဲဒါကြောင့် အဲဒီတောစပ်၊ မြစ်ကမ်းနားစပ်တွေဟာလည်း အားလုံးပြုန်းသွားပါတယ်။ အဲဒီတော့ ကျွဲ၊ နွားတွေ အတွက် ဘာမှအားကိုးစရာမရှိတော့ပါဘူး။ အဲဒါကြောင့် လယ်ယာပြီးတဲ့အချိန်မှာ တချို့လယ်သမား တွေဟာ ဟိုးဝေးလံတဲ့ဒေသ၊ တောတောင်ထူထပ်တဲ့ နေရာဒေသတွေမှာသွားပြီးတော့ ကျွဲ၊ နွားတွေကို ကျောင်းရပါတယ်။ ပိုက်ဆံလည်းအများကြီးကုန်ပါတယ်။ အဲဒါအတွက်ကြောင့် ကျွဲ၊ နွားတွေစားဖို့ အတွက် ဟိုးအရင့်အရင်ကတည်းကရှိလာတဲ့ တရားဝင်သတ်မှတ်ခွင့်ပြုထားတဲ့ ဒီမြေတွေဟာ အင်မတန်အရေးကြီးပါတယ်။ ကျွဲ၊ နွားစားကျက်မြေတွေဟာ ကျေးလက်များတွင် ရွာဘုံမြေ၊ ကျွဲ၊ နွားစားကျက်မြေ၊ ကျွဲ၊ နွားသွားလာရန်လမ်း သတ်မှတ်ထားပါတယ်။ စားကျက်မြေများဟာ ကျွဲ၊ နွားများသွားလာရေးအတွက်လည်း၊ အစားအစာအတွက်လည်း၊ လွတ်ကျောင်းရန်အတွက်လည်း၊ အညောင်းပြေရန်အတွက်လည်း အင်မတန်အရေးကြီးပါတယ်။ စားကျက်မရှိလျှင် ကျွဲ၊ နွားများဟာ စိုက်ပျိုးတဲ့လယ်ယာဥယျာဥ်များကို အတင်းဝင်ပြီးတော့ အစာရှာဖွေစားနိုင်ပါတယ်။ အဲဒီတော့ စိုက်ပျိုးထားတဲ့ဥယျာဥ်တွေကို ပျက်စီးစေနိုင်ပါတယ်။ ဒါကြောင့် လယ်သမား၊ ယာသမားတွေ အချင်းချင်း ပဋိပက္ခတွေ ဖြစ်နိုင်ပါတယ်။ ကျေးရွာတစ်ရွာနှင့် တစ်ရွာလည်း တုတ်တပြက်၊ ဓားတပြက်ခိုက်ရန် ဖြစ်နိုင်ကြပါတယ်။ တကယ်လည်း ဖြစ်ခဲ့ကြပါတယ်။ အဲဒါကြောင့် ဒီလိုဖြစ်တာဟာ ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်စီးစေခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ဟိုးအရင် အစိုးရများလက်ထက်ကဆိုလို့ရှိရင် ၁၉၆၄ ခုနှစ်၊ မတ်လ ၁၁ ရက် နေ့စွဲနဲ့ ဗဟိုမြေယာကော်မတီ ညွှန်ကြားစာအမှတ်၊ ၅ ဟပ ၉ ထ ၆၄/၂၀၄ အရ သူတို့သတ်မှတ်ထားတာရှိပါတယ်။ ကျွဲ၊ နွား စားကျက်မှန်က မည်သည့်ကျူးကျော်ဝင်ရောက် စိုက်ပျိုးလုပ်ကိုင်မှုကိုမှ ခွင့်မပြုနိုင်ကြောင်း အဲဒီလို ကြေညာခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ၁၉၇၃ ပြည်သူ့ကောင်စီခေတ်ရောက်တဲ့အခါမှာ စားကျက်မြေများကို ကျူးကျော်တဲ့လုပ်ငန်းတွေ ပေါ်လာပါတယ်။ အဲဒါကတော့ ၁၉၇၇ ခုနှစ်၊ ပြည်သူ့ကောင်စီခေတ်မှာ ကျွန်တော်တို့ ပြဋ္ဌာန်းခဲ့တဲ့ ဒီလွှတ်တော်ဥပဒေအမှတ် ၁၃/၇၇ ပုဒ်မ ၆၆(က)အရ အဲဒီမှာလုပ်ပိုင်ခွင့်ကို မြို့နယ်ပြည်သူ့ကောင်စီက ကောင်စီအဆင့်ဆင့်ကို အပ်လိုက်တဲ့ အခါမှာ အဲဒီလိုစားကျက်မြေများဟာ ခုနက ကျွန်တော်စောစောက တင်ပြခဲ့သလို လယ်ယာထုတ်ကုန်

ပိုမိုစေရန်ဆိုတဲ့ အကြောင်းပြချက်နဲ့ စားကျက်မြေများကို သီးခြားစီချထားပါတယ်။ ပုဇွန်မွေးမြူရေးကန်တွေချထားပါတယ်။ အဲလိုလုပ်လာတော့ ကျွန်တော်တို့ ကျွဲနွားတွေအတွက် စားစရာ စားကျက်မြေဟာ လုံးဝပျောက်ဆုံးသွားခဲ့ပါတယ်။ အဲလိုကြောင့် ကျွန်တော်ကနေပြီးတော့ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနကို ကျွန်တော်မေးချင်ပါတယ်။ မေးခွန်းသုံး၊ လေးခု လောက်ခွင့်ပြုပါ။ မြန်မာနိုင်ငံတစ်ဝန်း၌ လက်ရှိ ကျွဲ၊ နွားတိရစ္ဆာန်စားကျက်မြေဧက မည်မျှရှိပါသနည်း။ ၁၉၆၂ ခုနှစ် မတိုင်မီက ကျွဲ၊ နွားတိရစ္ဆာန်စားကျက်မြေဧက မည်မျှရှိပါသနည်း။ ၁၉၆၂ ခုနှစ် နောက်ပိုင်း ရခိုင်ပြည်နယ်တွင် တိရစ္ဆာန်စားကျက်မြေဧက မည်မျှရှိ၍ ယင်းအနက် သီးစားချထားခြင်းနှင့် သား၊ ငါး၊ ပုဇွန်မွေးမြူကန် တာများအဖြစ် ဧကပေါင်း မည်မျှခွင့်ပြုခဲ့ပါသနည်း။ ၂၀၁၀-၂၀၁၁ နှစ်အတွင်း မင်းပြားမြို့နယ်တွင် စားကျက်မြေနှင့် ကန့်သတ်မြေဧကပေါင်း မည်မျှရှိ၍ ယင်းအနက် သီးစားချထားမြေဧကနှင့် ပုဇွန်မွေးမြူရေးတမံအဖြစ် ခွင့်ပြုမြေဧကမည်မျှရှိပါသနည်း။ နံပါတ်ငါးအနေနဲ့က ယင်းသို့ တိရစ္ဆာန် ကျွဲ၊ နွား စားကျက်မြေများတွင် သီးစားချခွင့်ပြုပေးခဲ့သော မြေများအနက် ငါး၊ ပုဇွန်မွေးမြူရေးခွင့်ပြုခဲ့သောမြေများကို တောင်သူလယ်သမားများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက်လည်းကောင်း၊ တိရစ္ဆာန် ကျွဲ၊ နွားများဘဝ အသက်ရှင်ရပ်တည်နိုင်ရေးအတွက်လည်းကောင်း ဆောလျင်စွာ ရုပ်သိမ်းပေးနိုင်ပါသလား။ ထိုသို့ မရုပ်သိမ်းပေးနိုင်ပါက အဘယ်ကြောင့်ပါနည်း။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ကဝမြို့နယ်ရှိ တူးမြောင်းကြီးများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ⊞ဌ**။ ။ ကဝမဲဆန္ဒနယ်မှ ဦးဝင်းစိန်မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၀ း ၁၈**။

**ဦးဝင်းစိန်(ကဝမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့် အစိုးရဝန်ကြီးများ ဂါရဝထား နှုတ်ဆက်ပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ ကဝမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန် ဖြစ်ပါတယ်။ ကဝမြို့နယ်မှာရှိတဲ့ ရေနုတ်မြောင်းကြီးတွေ ကိစ္စနဲ့ပတ်သက်ပြီးတော့ ယနေ့တင်ပြမှာ ဖြစ်ပါတယ်။ ကဝမြို့နယ်ဟာ ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ မြို့နယ် ၂၈ မြို့နယ်အနက် တစ်မြို့နယ် ဖြစ်ပါတယ်။ ကဝမြို့နယ်ဟာ မြောက်ဘက်မှာ သနပ်ပင်နဲ့ ပဲခူးမြို့နယ်၊ အရှေ့ဘက်တွင် စစ်တောင်းမြစ်ဝနဲ့ ကျိုက်ထိုမြို့နယ်၊ တောင်ဘက်တွင် ခရမ်းမြို့နယ်၊ အနောက်ဘက်တွင် ပဲခူးမြစ်နဲ့ ပဲခူးမြို့နယ်တို့ တည်ရှိပါတယ်။ ပဲခူးတိုင်းဒေသကြီးတွင် စပါးစိုက်ဧက သိန်း ၃၀ ခန့်ရှိရာ ကဝမြို့နယ်တွင် ဧကနှစ်သိန်းကျော် စိုက်ပျိုးပါတယ်။ စပါးစိုက်ပျိုးနိုင်သော

လယ်များမှာ ပဲခူးမြစ်နဲ့ စစ်တောင်းမြစ်ဝတို့ကြားတည်ရှိပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ကဲ့သို့ မြေနိမ့်လွင်ပြင်များဖြစ်ပြီး၊ နှစ်စဉ်မိုးတွင်းကာလ ဝါဆို၊ ဝါခေါင်လများတွင် ရေလွှမ်းပြီး စပါးစိုက်လယ်မြေများ ရေမြုပ်ပျက်စီးလေ့ရှိပါတယ်။ လက်ရှိတည်ရှိနေသည့် ရေနုတ်မြောင်းကြီးများသည် ၎င်းကာလတွင် ရေနုတ်နိုင်ခြင်းမရှိသဖြင့် ဤကဲ့သို့စပါးစိုက်လယ်မြေများ ရေမြုပ်ရခြင်းဖြစ်ပါတယ်။

အထူးသဖြင့် အုန်းနဲ့၊ ပိုင်ကျုံ၊ ကျားတက်၊ ဇွဲကိုက်၊ မိုးကနဲ၊ ဘလောက်၊ နတ်မောက်၊ ဝဲပတံ၊ ကံမြင့်၊ သပြေကန်နဲ့ အေးမွန်စတဲ့ ကျေးရွာဒေသများမှာဖြစ်ပါတယ်။ ၎င်းအပြင် ကဝမြို့နယ်မှာ တူးမြောင်းကြီး လေးခုရှိပါတယ်။ ကဝမြို့နယ်ရဲ့ အရှေ့ခြမ်းမှာ ဝဲပတံတူးမြောင်းနဲ့ သံဒင်းတူးမြောင်း၊ အနောက်ဘက်ခြမ်းမှာဆိုလို့ရှိရင် ပိုင်ကျုံတူးမြောင်းနဲ့ ရွှေလှေတူးမြောင်းတို့ တည်ရှိပါတယ်။ ၎င်းတူးမြောင်းများဟာ နှစ်ပေါင်းကြာလာပြီ ဖြစ်သည့်အတွက် ကမ်းပြိုခြင်း၊ သဲနုန်းဖို့ခြင်းတို့ကြောင့် ရေဆွဲအားနည်းသွားပါတယ်။ နည်းသွားတဲ့အတွက်ကြောင့် ၎င်းတူးမြောင်းလေးခုကို တိုင်းဒေသကြီး အဆင့်နဲ့ဆက်လုပ်ဖို့ အခက်အခဲရှိပါသဖြင့် နိုင်ငံတော်အဆင့်နဲ့ ဆောင်ရွက်ပေးမှသာရမည် ဖြစ်ပါတယ်။ သို့ပါ၍ ၎င်းတူးမြောင်းကြီးများကို ပြန်လည်တူးပေးပါရန် အစီအစဉ် ရှိ၊ မရှိ။ ရှိပါက မည်သည့်နှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို ဖြေကြားပေးပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရွှေလီတာတမံနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်**၊၁၀ ႏ ၂၀။

**ဦးမိုးဇော်ဟိန်း(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်းဖြစ်ပါတယ်။ ကျွန်တော်ရဲ့မေးခွန်းအား ဖတ်ကြားမေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်မေးမြန်းဆွေးနွေးတင်ပြလိုတာကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်ရှိ ရွှေလီတာတမံဟာ ရွှေလီမြစ်နံဘေးမှာရှိပြီး ရှမ်းပြည်နယ်၊ မဘိန်းမြို့၊ နန်းနွဲ့ကျေးရွာမှ ကျွန်တော်တို့ ကသာမြို့နယ်၊ ဝက်တူးကျေးရွာအထိ အလျား ၃၆၈၀၀ ပေ၊ မိုင်အားဖြင့် ၇ မိုင်နီးပါးခန့်ရှိတဲ့ မြေသားတာတမံ ဖြစ်ပါတယ်။ ၁၉၈၂-၁၉၈၃ ခုနှစ်မှ စတင်တည်ဆောက်ခဲ့တဲ့ တာတမံဖြစ်ပြီး ဒေသခံတောင်သူများရဲ့ စိုက်ပျိုးမြေ ၆၈၆၂ ဧကကို ရေနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်ဖို့ တည်ဆောက်ခဲ့ခြင်းဖြစ်တယ်လို့ သိရှိရပါတယ်။

စတင်တည်ဆောက်စဉ်က တာတမံရဲ့အတိုင်းအတာမှာ အကျယ်ရှစ်ပေ၊ အမြင့် ခုနှစ်ပေနဲ့ အောက်ခြေ အကျယ် ၃၅ ပေခန့်ရှိတယ်လို့သိရှိရပါတယ်။ စိုက်ပျိုးမြေများကို ရေနစ်မြုပ်မှုအကာအကွယ်ပေးနိုင်တဲ့အပြင် ဒေသခံပြည်သူများရဲ့ လမ်းပန်းဆက်သွယ်ရေးအတွက်လည်း အဆိုပါတာတမံကို အသုံးပြုပြီး သွားလာကြတဲ့အတွက် ကူးသန်းသွားလာရေးအဆင်ပြေပြီး ဒေသအတွင်းအလွန်အရေးပါတဲ့တာတမံ ဖြစ်ပါတယ် ခင်ဗျား။ နှစ်ကာလကြာလာတာနဲ့အမျှ အခုအခါမှာ ရွှေလီတာတမံဟာ တာတိုင်အမှတ် ၄၀၀၀ မှ ၄၂၀၀ အထိ ငါးတဲကြီးကျေးရွာအနီးမှာလည်းကောင်း၊ တာတိုင်အမှတ် ၆၀၀၀ မှ ၆၄၀၀ အထိ ဆင်ဆင်းကျေးရွာအနီးမှာလည်းကောင်း၊ တာတိုင်အမှတ် ၁၃၀၀၀ မှ ၁၃၃၀၀ အထိ ဝက်တူး ကျေးရွာအနီးမှာလည်းကောင်း၊ အလျား ၂၅၀ ပေခန့်စီ ကျိုးပေါက်လျက်ရှိပြီး အဆိုပါနေရာများမှာ ကျေးရွာမှတောင်သူများဟာ ကိုယ်ထူကိုယ်ထစနစ်နဲ့ ငုတ်ရိုက်၊ မြေဖို့ ဆောင်ရွက်ကြပေမယ့် ရွှေလီ မြစ်ရေတိုးလာတဲ့အချိန်မှာ ရေစီးအားကြောင့် စိတ်ချရမှုမရှိဘဲ စိုက်ပျိုးထားတဲ့ လယ်ယာမြေများ ရေကြီးနစ်မြုပ်နိုင်မယ့် အခြေအနေနဲ့ နှစ်စဉ်ကြုံတွေ့လျက်ရှိပါတယ်။ ဒ့ါအပြင် လမ်းပန်း ဆက်သွယ်ရေးအနေနဲ့လည်း တာတမံရဲ့အချို့နေရာများမှာ ဆိုင်ကယ်၊ စက်ဘီးတစ်စီးခန့်သာ သွားလာ နိုင်တဲ့ အကျယ်နှစ်ပေခန့်သာကျန်ရှိနေပြီး မိုးတွင်းကာလမှာသွားလာရေးတွင် ဒေသနေပြည်သူများ အခက်အခဲဖြစ်ပေါ်လျက်ရှိကြပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရွှေလီတာတမံကို သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ ပြန်လည်ပြုပြင်တည်ဆောက်ပေးနိုင်ပါက စိုက်ပျိုးမြေဧက ၆၈၀၀ ကျော်ကို ရေကြီးရေနစ်မြုပ်မှုအန္တရာယ်မှ အကာအကွယ်ပေးနိုင်တဲ့အပြင် ဒေသခံပြည်သူ ၂၀၀၀၀ နီးပါးရဲ့ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ကောင်းမွန်လာမှုကြောင့် ၎င်းတို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနဲ့ ပညာရေးစသဖြင့် တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံပြည်သူများ အနေနဲ့ ရွှေလီတာတမံကို ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် မျှော်လင့်တောင့်တနေကြခြင်း ဖြစ်ပါတယ်။သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ရွှေလီတာတမံကို နိုင်ငံတော်အနေနဲ့ ပြန်လည်ပြုပြင်တည်ဆောက်ပေးမှု အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန် ၊၁၀ း ၂၅။**

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ပဏာမ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ မေးခွန်းလေးခုအပေါ်မှာ ဦးစားပေးအစီအစဉ်များအရ ဆက်လက်ဖြေကြားတင်ပြ သွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် တော်များ ခင်ဗျား။ ရှမ်းပြည်နယ်၊ မိုးမိတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်(ခ) ဦးဖိုးတုတ်က နိုင်ငံတော်ဓာတ်မြေသြဇာစက်ရုံများမှ ထုတ်လုပ်ဖြန့်ဖြူးပေးသော ဓာတ်မြေသြဇာများ သည် နိုင်ငံအတွင်းရှိ တောင်သူလယ်သမားများအား ဖြန့်ဝေပေးခြင်းရှိပါသလား။ ဖြန့်ဝေပေးမှု ရှိပါကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များကို မည်သို့မည်ပုံ ဖြန့်ဝေပေးပါသနည်းဟု မေးမြန်း ထားခြင်းနှင့်ပတ်သက်၍ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး၊ ဦးမြင့်လှိုင်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် နိုင်ငံပိုင် စွမ်းအင်ဝန်ကြီးဌာနအောက်မှာရှိတဲ့ ဓာတ်မြေသြဇာ စက်ရုံများဖြစ်ကြသော စလေဓာတ်မြေသြဇာ စက်ရုံ၊ ကျွန်းချောင်းဓာတ်မြေသြဇာစက်ရုံ၊ ကျော်စွာဓာတ်မြေသြဇာစက်ရုံ အပါအဝင် ၂၀၁၀ ခုနှစ်မှာ ထပ်မံတည်ဆောက်ခဲ့တဲ့ မြောင်းတကာဓာတ်မြေသြဇာစက်ရုံနှင့် ၂၀၁၁ ခုနှစ်မှာ ထပ်မံတည်ဆောက် ဖွင့်လှစ်ခဲ့တဲ့ ပုသိမ်ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို တောင်သူများ အသုံးပြုနိုင်ရေးအတွက် ထုတ်လုပ်ဖြန့်ဖြူးပေးမှု ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်ကာလက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သော ဓာတ်မြေသြဇာများကို ထုတ်လုပ်ပေးမှုအရင်းခံဖြစ်သော စွမ်းအင်ဝန်ကြီးဌာန ကနေ တိုက်ရိုက်လက်ခံရယူပြီး တောင်သူလယ်သမားများထံသို့ ဖြန့်ဖြူးပေးတဲ့စနစ်ကို ၂၀၀၅ ခုနှစ် ကာလ အထိ ဆောင်ရွက်ခဲ့မှုရှိပါတယ်။ ၂၀၀၆ ခုနှစ်ကနေစတင်ပြီး ယနေ့ကာလအထိ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ စိုက်ပျိုးကြမယ့် သီးနှံများ အပေါ်မှာမူတည်ပြီး ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံ၊ ဝါ၊ ကြံ၊ ဂုန်လျှော် စသည့်သီးနှံအမယ်အလိုက် ယူရီးယားဓာတ်မြေသြဇာ လိုအပ်ချက်များနှင့် လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တိုက်ရိုက်အောက်မှာရှိတဲ့ လုပ်ငန်းဌာနများ၏ စိုက်ခြံများ၊ စိုက်ကွင်းများ၊ စိုက်ပျိုးကြမယ့် သီးနှံများအတွက်လိုအပ်သည့် ယူရီးယားဓာတ်မြေသြဇာ စာရင်းဇယား

များကိုသာပြုစုပြီး၊ စာရင်းဇယားလိုအပ်ချက်အရ စွမ်းအင်ဝန်ကြီးဌာနသို့ စာရင်းဇယားအရသာလျှင် ညှိနှိုင်းပေးပို့ခြင်း ဆောင်ရွက်ပေးလျက်ရှိတဲ့စနစ်ကို ကျင့်သုံးပါတယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များက မိမိပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း တောင်သူလယ်သမားများ စိုက်ပျိုးကြမယ့် သီးနှံများအတွက် ယူရီးယားဓာတ်မြေသြဇာ လိုအပ်ချက်ကို စွမ်းအင်ဝန်ကြီးဌာနနှင့် တိုက်ရိုက်ဆက်သွယ်ဝယ်ယူကြပြီး ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းများ၏ အစီအစဉ် အားဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီကြီးများမှ စွမ်းအင်ဝန်ကြီးဌာနသို့ တိုက်ရိုက် တင်ပြလျှောက်ထားဝယ်ယူကြပြီး တောင်သူလယ်သမားများ လက်ဝယ်သို့ ဖြန့်ဖြူးသည့်စနစ်ဖြင့် လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ဆန်စပါးလုပ်ငန်းရှင်များ အသင်းအဖွဲ့များမှလည်းပဲ စွမ်းအင်ဝန်ကြီးဌာနမှ ယူရီးယားဓာတ်မြေသြဇာ လိုအပ်ချက်များကို စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ တိုက်ရိုက်တင်ပြလျှောက်ထား ဝယ်ယူပြီး ဒေသတောင်သူလယ်သမားများ လက်သို့ တိုက်ရိုက်ဖြန့်ဖြူးပေးတဲ့စနစ်ဖြင့် ဆောင်ရွက်လျက်ရှိနေပါတယ်။ စွမ်းအင်ဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအနေနဲ့ ဓာတ်မြေသြဇာထုတ်လုပ်ရေးတာဝန်ကို အဓိကထားတာဝန်ယူ ဆောင်ရွက်နေတဲ့ဌာန ဖြစ်ပါတယ်။ ဒီဌာနကနေ ထုတ်လုပ်ရောင်းချတဲ့ ဈေးနှုန်းမှာ ၅၀ ကီလိုဂရမ် တစ်အိတ်ကို ၁၄၄၀၀ ကျပ်နဲ့ တစ်တန်လျှင် ၂၈၈၀၀၀ ကျပ်နှုန်းနဲ့ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ယခင်က ပြည်နယ်နဲ့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တစ်ဆင့် တောင်သူများ၊ လယ်သမားများလက်သို့ အကြွေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချခဲ့တဲ့စနစ်ကို ကျင့်သုံးခဲ့ရာမှာ အကြွေး ၃၈.၁၅ ဘီလီယံကျပ် ကျန်ရှိနေခဲ့ပြီး ဒီအကြွေးများကို ပြန်လည်ပေးဆပ်မှု အနေဖြင့် ယနေ့ထိ ၅.၇၀ ဘီလီယံကျပ် ကြွေးကျန်လျက်ရှိနေဆဲဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ ပေးပို့တဲ့ ကိန်းဂဏန်းများအရ တင်ပြအပ်ပါ တယ်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မြို့နယ်အဆင့်၊ကျေးရွာအဆင့်အပါအဝင် တောင်သူလယ်သမား တစ်ဦးချင်းဆီသို့ တိုက်ရိုက်ရောင်းချပေးနိုင်သည့်စနစ်ကို ကျင့်သုံးနေခြင်းမရှိဘဲ ပြည်နယ်/ တိုင်း ဒေသကြီး အစိုးရအဖွဲ့များနှင့် တောင်သူလယ်သမားများအား တိုက်ရိုက်အကျိုးပြုသော ဆန်စပါး အထူးပြုကုမ္ပဏီများမှတစ်ဆင့် လက်ငင်းငွေချေစနစ်ဖြင့်လည်းကောင်း၊ လတ်တလော လိုအပ်ချက် အရ ၆ လဆိုင်း အကြွေးစနစ်ဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိကြောင်းသိရှိရပါတယ်။ ပြည်တွင်း စက်ရုံများမှ ထုတ်လုပ်တဲ့ ဓာတ်မြေသြဇာများအားလုံးကိုလည်းပဲ နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်း လုံးဝမပြုလုပ်ဘဲ ပြည်တွင်းလိုအပ်ချက်အတွက်သာလျှင် ရောင်းချဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရ ပါတယ်။ နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဓာတ်မြေသြဇာ သုံးစွဲမှုပမာဏမှာ စိုက်ဧကနှင့် ချိန်ထိုးပါက အလွန်နည်းပါးလျက်ရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိစစ်လေ့လာတွေ့ရှိရပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်၊ စိုက်ပျိုးရေးရာသီကာလအတွင်း ဓာတ်မြေဩဇာကို နိုင်ငံခြားမှတန်ချိန် ၈၀၀၆၈၄.၈၉ မက်ထရစ်တန် တင်သွင်းခဲ့ပြီးတော့မှ ပြည်တွင်းထုတ်လုပ်မှုအနေနဲ့ တန်ချိန် ၃၅၂၉၃.၅၀ မက်ထရစ်တန်ရှိတဲ့အတွက်ကြောင့် စုစုပေါင်း ၈၃၅၉၇၈.၃၉ မက်ထရစ်တန်သာလျှင် ဖြန့်ဖြူးအသုံးပြုနိုင်ခဲ့မှုရှိကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း စုစုပေါင်း သီးနှံစိုက်ဧကမှာ ၅၈.၃၆ သန်းရှိတဲ့အတွက်ကြောင့် ဓာတ်မြေဩဇာသုံးစွဲမှုပမာဏကို နှိုင်းယှဉ်ချိန်ထိုးကြည့်ပါက သီးနှံစိုက်ဧက တစ်ဧကလျှင် ဝ.၂၈ အိတ်နှုန်း တစ်နည်းအားဖြင့် သီးနှံစိုက်ဧကလေးဧကတွင် တစ်အိတ်နှုန်းသာလျှင် ပျမ်းမျှသုံးစွဲနိုင်ခဲ့မှုရှိကြောင်း ဆန်းစစ်တွေ့ရှိရပါတယ်။ နိုင်ငံတော်၏ အဓိကသီးနှံအမယ်ဖြစ်သည့် ဆန်စပါးသီးနှံတစ်မျိုးစိုက်ပျိုးမှုအရပင်လျှင် မိုးစပါးဧက ၁၇ သန်းနှင့် နွေစပါးဧက သုံးသန်းရှိနေသည့်အတွက် စပါးစိုက်ဧကစုစုပေါင်း သန်း ၂၀ အတွက် ဓာတ်မြေဩဇာလိုအပ်ချက်အနေဖြင့် တစ်ဧကလျှင် တင်းတစ်ရာနှုန်းအထက် ထွက်ရှိနိုင်ရန် ယူရီးယား နှစ်အိတ်၊ တီဆူပါတစ်အိတ်နှင့် ပိုတက်ရှ် အိတ်ဝက်ခန့်နှုန်းဖြင့် စုစုပေါင်း တန်ချိန်သုံးသန်းခန့် အမှန်လိုအပ်ချက်ရှိပါတယ်။ ထို့ကြောင့် နိုင်ငံပိုင်စက်ရုံများ ထုတ်လုပ်မှုအပြင် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့်လည်းပဲ ပြည်တွင်းသို့ ဓာတ်မြေဩဇာများ ပိုမိုတင်သွင်းရင်းနှီးမြှုပ်နှံခြင်းအားဖြင့်လည်းကောင်း၊ ပြည်တွင်း၌ ပုဂ္ဂလိကကဏ္ဍမှဓာတ်မြေဩဇာစက်ရုံများ တည်ထောင်နိုင်ရေး အားပေးဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဓာတ်မြေဩဇာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံအသုံးပြုနိုင်ရေးအတွက် အထူးလိုအပ်ချက်ရှိနေကြောင်း တင်ပြလိုပါတယ်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၊ ၁၀-၈-၂၀၁၁ ရက်နေ့အထိ ပြည်နယ်နဲ့တိုင်းဒေသကြီးအလိုက် ဖြန့်ဖြူးပေးနိုင်မှုအခြေအနေ အကျဉ်းချုပ်ကိုတင်ပြရမယ်ဆိုရင် ကယားပြည်နယ်သို့တန်ချိန် ၂၅၀၊ ကရင်ပြည်နယ်သို့ ၂၅၆.၅၀ တန်၊ မွန်ပြည်နယ်သို့ ၃၉၆၃.၅ တန်၊ ရခိုင်ပြည်နယ်သို့ ၅၆၀.၁ တန်၊ ရှမ်းပြည်နယ်မြောက်ပိုင်းသို့ တန်ချိန် ၁၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ တန်ချိန် ၂၈၅၀ တန်၊ မန္တလေးတိုင်းဒေသကြီးသို့ တန်ချိန် ၁၂၇၅.၈၅ တန်၊ မကွေးတိုင်းဒေသကြီးသို့ တန်ချိန် ၁၂.၅ တန်၊ ပဲခူးတိုင်းဒေသကြီးအရှေ့ တန်ချိန် ၄၅၇၂.၈၀ တန်၊ ပဲခူးတိုင်းဒေသကြီးအနောက် တန်ချိန် ၄၆၇၀.၇၅ တန်၊ ဧရာဝတီတိုင်းဒေသကြီး တန်ချိန် ၁၉၂၈၂.၅၅ တန်၊ ရန်ကုန်တိုင်းဒေသကြီး တန်ချိန် ၃၁၆၃.၇၅ တန်နဲ့ နေပြည်တော်ခရိုင်မှာ တန်ချိန် ၁၁၂၅ တန် စုစုပေါင်း ၄၂၀၈၃.၃၀ တန် ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနရဲ့ ကိန်းဂဏန်းများအရ တင်ပြအပ်ပါတယ်။ ယခုဘဏ္ဍာရေးနှစ်မှာ စွမ်းအင်ဝန်ကြီးဌာန လက်အောက်မှာရှိနေတဲ့ ဓာတ်မြေဩဇာစက်ရုံများမှာ လျာထားချက်များအတိုင်း ပြည့်မီအောင် ကြိုးပမ်းထုတ်လုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါ

သော်လည်းပဲ နိုင်ငံတော်၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပကတိအမှန် လိုအပ်ချက်ရှိနေသော နှစ်စဉ်ဓာတ်မြေဩဇာ တန်ချိန်သုံးသန်းခန့် လိုအပ်ချက်အပေါ်တွင် နိုင်ငံတော်အပိုင်းမှ စက်ရုံများ ပိုမိုတည်ဆောက်တိုးတက် ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း နည်းလမ်းအပါအဝင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများအား ထိထိရောက်ရောက်ဖိတ်ခေါ်ပြီး တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးသီးနှံများ ပိုမိုတိုးတက်ထွက်ရှိ နိုင်ရေးလိုအပ်ချက်ဖြစ်သော အခြေခံသွင်းအားစု မြေဆီ/မြေဩဇာလိုအပ်နေမှုအပေါ် ထိထိရောက်ရောက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်ရေး အမှန်လိုအပ်လျက်ရှိနေကြောင်း တင်ပြအပ်ပါတယ်။ သွင်းအားစုမြေဩဇာ လိုအပ်ချက်အပေါ် လက်တွေ့စီမံအကောင်အထည်ဖော်ပေးလာနိုင်သည်နှင့်အမျှ မိမိတို့နိုင်ငံ၏ အဓိကသီးနှံ ဆန်စပါးပိုမိုတိုးတက်ထုတ်လုပ်နိုင်မှုရည်မှန်းချက်အပါအဝင် လယ်ယာထုတ်ကုန်သီးနှံများအပေါ် တစ်ရှိန်ထိုး ပိုမိုတိုးတက်ထွက်ရှိလာမည့် လက်တွေ့အကျိုးကျေးဇူးများ ဖြစ်ထွန်းခံစားရရှိလာနိုင်စေမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အထူးပင် ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

ဦးအောင်စိန်သာ မေးမြန်းထားတဲ့ မေးခွန်းများဖြစ်ကြတဲ့ မြန်မာနိုင်ငံတစ်ဝန်း၌ လက်ရှိ ကွဲ၊ နွား၊ တိရစ္ဆာန် စားကျက်မြေဧက မည်မျှရှိပါသနည်း။ ၁၉၆၂ ခုနှစ် မတိုင်မီက ကွဲ၊ နွား၊ တိရစ္ဆာန် စားကျက်မြေဧက မည်မျှရှိပါသနည်း။ ၁၉၆၂ ခုနှစ် နောက်ပိုင်း ရခိုင်ပြည်နယ်အတွင်း တိရစ္ဆာန် စားကျက်ဧက မည်မျှရှိ၍ ယင်းအနက် သီးစားချထားခြင်းနှင့် သား၊ ငါး၊ ပုဇွန် မွေးမြူရေးကန်တာများ အဖြစ် ဧကပေါင်း မည်မျှခွင့်ပြုခဲ့ပါသနည်း။ သီးခြားစီ ဖြေကြားပေးပါရန်။ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း မင်းပြားမြို့နယ်အတွင်း စားကျက်မြေနှင့် ကန့်သတ်မြေ ဧကပေါင်း မည်မျှရှိ၍ ယင်းအနက် သီးစားချထားမြေဧကနှင့်ပုဇွန်မွေးမြူရေးတာတမံအဖြစ် ခွင့်ပြုမြေဧက မည်မျှရှိပါသနည်း။ ယင်းကဲ့သို့ တိရစ္ဆာန် ကွဲ၊ နွား စားကျက်မြေများတွင် သီးစားချထားခွင့်ပြုပေးသော မြေများနှင့် ငါး၊ ပုဇွန် မွေးမြူရေး ခွင့်ပြုခဲ့သောမြေများကို တောင်သူလယ်သမားများ၊ ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရေး အတွက်လည်းကောင်း၊ တိရစ္ဆာန်ကွဲ၊ နွားများဘဝ အသက်ရှင်ရပ်တည်နိုင်စေရေးအတွက် လည်းကောင်း ဆောလျင်စွာ ရုပ်သိမ်းပေးနိုင်ပါမည်လား။ ထိုသို့ ရုပ်သိမ်းမပေးနိုင်ပါက အဘယ့်ကြောင့်ပါနည်းဟု မေးမြန်းထားခြင်းနှင့်ပတ်သက်၍ ကျွန်တော်မှ ဆက်လက် ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝှမ်းလုံးတွင် ယခင်ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီမှ ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော ကွဲ၊ နွား စားကျက် မြေထိန်းသိမ်းရေးစာရင်းအင်းကိန်းဂဏန်းများ ဖော်ပြချက်အရ ၁၉၆၂ ခုနှစ်မတိုင်မီက ကွဲ၊ နွား စားကျက်မြေဧရိယာစုစုပေါင်းဧက ၉၁၇၀၂၆ ဧက ရှိခဲ့ကြောင်းနှင့် ၂၀၁၀-၂၀၁၁ ခုနှစ်၊ စာရင်းအင်း

ကိန်းဂဏန်းများအရ ကွဲ၊ နွားစားကျက်မြေ ဧရိယာ ၇၆၀၉၉၀ ဧကကျန်ရှိကြောင်း တွေ့ရှိရပါတယ်။ ရခိုင်ပြည်နယ်အတွင်း ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံနှင့် ရသေ့တောင် မြို့နယ်တို့မှာ စပါးစိုက်ပျိုးရန်အတွက် ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခဲ့သည့် ဧရိယာမှာ စုစုပေါင်း ၄၄၆၀ ဧက ရှိခဲ့ပြီးတော့မှ ၂၀၁၀-၂၀၁၁ ခုနှစ် စာရင်းဇယားအရ ရခိုင်ပြည်နယ်တစ်ခုလုံးမှာ စားကျက်မြေ ဧရိယာ ၇၉၉၇၂ ဧက ကျန်ရှိကြောင်းနှင့် စားကျက်မြေဧရိယာများမှာ ငါး၊ ပုဇွန် မွေးမြူရေးကန်များအဖြစ် တရားဝင်ခွင့်ပြုချထားခဲ့ခြင်းမရှိသော်လည်းပဲ ငါး၊ ပုဇွန် မွေးမြူရေးကန်များအဖြစ် ဧကပေါင်း ၂၄၅၃ ဧက အသုံးပြုထားကြောင်း တွေ့ရှိရပါတယ်။ မင်းပြားမြို့နယ်မှာ ၂၀၁၀-၂၀၁၁ ခုနှစ်၊ စာရင်းဇယား များအရ ကွဲ၊ နွားစားကျက်မြေဧရိယာ ၁၁၇၉၃ ဧကရှိပြီး၊ ၂၀၀၄ ခုနှစ်မှာ စပါးစိုက်ပျိုးရန်အတွက် စားကျက်မြေ ၁၂၃၆ ဧကကို ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခွင့်ပြုခဲ့ကြောင်းနဲ့ ကွဲ၊ နွားစားကျက်မြေများမှ ငါး၊ ပုဇွန်မွေးမြူရေးအတွက် တရားဝင် ခွင့်ပြုထားခဲ့ခြင်းမရှိသော်လည်းပဲ မင်းပြားမြို့နယ်မှာ ပုဇွန်မွေးမြူရေးကန်အဖြစ် ၄၂၄ ဧက အသုံးပြု လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ယခု ကျွန်တော် တင်ပြခဲ့တဲ့ ကွဲ၊ နွားစားကျက်မြေ ဧရိယာများမှာ မူလပြုစုကောက်ယူထားတဲ့ ကိန်းဂဏန်းစာရင်း ဇယားများအရ ဖော်ပြတင်ပြခဲ့ခြင်းဖြစ်တဲ့အတွက် ကြောင့် မြေပြင်ပကတိအမှန် အခြေအနေနှင့်လည်း ကိန်းဂဏန်းအချုပ် ကွဲလွဲမှုရှိနိုင်မည်ဖြစ်ကြောင်း လည်းပဲ သုံးသပ်ရရှိပါတယ်။ မြေအသုံးချမှု မြေပြင်ကိန်းဂဏန်းများ မှန်ကန်စွာရရှိရေးအတွက် မိမိတို့ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ မြေပြင်စာရင်းကောက်ယူ အတည်ပြုနိုင်ရေးတာဝန်ကို အလေးအနက်ထားပြီး ဆောင်ရွက်စေလျက်ရှိပါတယ်။ ထို့အတူပဲ သက်ဆိုင်ရာ မြို့နယ်နှင့် ခရိုင် အုပ်ချုပ်ရေးအဖွဲ့များနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့်လည်းပဲ အထူးအလေးထား ကြပ်မတ်ကွပ်ကဲ ပေါင်းစပ်ကူညီ ဆောင်ရွက်ပေးနိုင်ပါရန်ကိုလည်းပဲ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် နိုင်ငံတော်အဆင့်မှ မပြတ်နှိုးဆော်တိုက်တွန်း ဆောင်ရွက်လျက်ရှိနေပါတယ်။

ကွဲ၊ နွားစားကျက်မြေစီမံခန့်ခွဲခြင်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက တည်ဆဲဥပဒေများနှင့်အညီ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ အဆင့်ဆင့်စိစစ် တင်ပြချက်များအရ ကြီးကြပ်ဆောင်ရွက်သည့်စနစ်ဖြင့် ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ယခုတင်ပြတဲ့ ကိစ္စအပေါ်မှာ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များထံသို့ တင်ပြပြီးတော့ တောင်သူလယ်သမားများရဲ့ အခက်အခဲများကို လက်တွေ့ပကတိမြေပြင်အခြေအနေနဲ့ ကိုက်ညီစွာ စိစစ်သုံးသပ်ဆောင်ရွက်ပေး သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်းလည်းပဲ အနှစ်ချုပ်ဖြေကြားလိုပါတယ်။ တောင်သူ လယ်သမား

များရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာစေရေး အတွက် ကျေးလက်ဒေသများမှာ ကျွဲ၊ နွားတိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဟာ အဓိကအထောက်အကူပြုနိုင်တဲ့လုပ်ငန်းဖြစ်သည့် အားလျော်စွာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များအနေဖြင့်လည်း တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများအပါအဝင် ဒေသအလိုက် ပြည်သူလူထု၏ လိုအပ်ချက်အပေါ်မှာ စနစ်တကျမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း လာနိုင်စေရေးအတွက် သုံးသပ်စီမံဆောင်ရွက်ပေးသွားကြရန်နှင့် အလေးထားပြင်ဆင်ဆောင်ရွက် ပေးရန် လိုအပ်နေတဲ့အချက်များအပေါ်တွင်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်းနှင့် လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နယ်မြေပြည်သူလူထု၏ လိုအပ်ချက်အခက်အခဲများ ကို အလေးထားပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ယခုကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲများကို တင်ပြပေးခဲ့တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိန်သာကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဖြည့်စွက်တင်ပြအပ် ပါတယ်။

**ဦးမြင့်လှိုင်(ပြည်ထောင်စုဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန်၏ မေးမြန်း ချက်ဖြစ်တဲ့ နှစ်စဉ်စပါးစိုက်လယ်မြေများရေနစ်မြုပ်ခြင်းမခံရအောင် ရှိပြီးတူးမြောင်းကြီးများအား ရေပိုမိုနုတ်နိုင်ရန် ဆောင်ရွက်ပေးပါရန် လိုအပ်မည်ဖြစ်သဖြင့် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ။ သိရှိလိုပါကြောင်း မေးမြန်းထားခြင်းနှင့်ပတ်သက်၍ ကျွန်တော်မှ ဆက်လက်ရှင်းလင်း ဖြေကြားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ယခုကဲ့သို့ နယ်မြေလူထု၏ သဘာဝဘေးဒဏ် အခက်အခဲ ရင်ဆိုင်ကြုံတွေ့နေရမှု အပေါ် မေးမြန်းခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းစိန်အား ဖြေကြားခွင့်ရရှိသည့် အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ၂၀၀၁-၂၀၀၂ ခုနှစ်၌ ပဲခူးမြစ်ကမ်းမှာ ပိုင်ကျုံရေတံခါးတည်ဆောက်ပေးခဲ့ပြီး မိုးရာသီမှာ မြစ်ရေဝင်ရောက်မှုမှ ကာကွယ်၍ ရေနုတ်အား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ သို့ရာတွင် ယခင်နှစ်က ဩဂုတ်လ ၁၃ ရက်နေ့ အထိ မိုးရေချိန်မှာ ၇၈.၄၆ လက်မဖြစ်ပြီး ယခုနှစ်တွင် ထူးကဲမိုးရွာသွန်းမှုကြောင့်

ဩဂုတ်လ ၁၃ ရက်နေ့ အထိ မိုးရေချိန်မှာ ၉၇.၉၁ လက်မဖြစ်ခြင်းကြောင့် ယခင်နှစ်ထက် မိုးရေချိန် လက်မ ထက်ဝက်နီးပါးခန့် ၄၁.၅၅ လက်မ ပိုမိုရွာသွန်းခဲ့မှု ရှိပါတယ်။ ဒ့ါအပြင် ပဲခူးမြစ်ရေ မြင့်တက်လာမှုကြောင့် ပြည်သူများ ရေကြီးနစ်မြုပ်မှုကို ပိုမိုခံစားခဲ့ရပါတယ်။ အလားတူ နိုင်ငံနဲ့ တစ်ဝန်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်ဒေသကြီး အချို့မှာလည်းပဲ ရေကြီးနစ်မြုပ်မှု ဘေးအန္တရာယ်များ ရင်ဆိုင်ခဲ့ရမှုရှိပါတယ်။ ကဝ၊ သနပ်ပင် အပါအဝင် ပဲခူးတိုင်း နယ်မြေအတွင်း မိုးရာသီကာလ ရေနစ်မြုပ်မှုများကို ကာကွယ်နိုင်ရန်အတွက် တည်ဆောက်ပြီးစီးခဲ့ပြီး ဖြစ်တဲ့ ရေတံခါးနှင့် ရေနုတ်မြောင်းများမှာ မိုးရွာသွန်းမှုကြောင့် ဝင်ရောက်လာတဲ့ရေများကို ရေနုတ်အား ပိုမိုကောင်းအောင် မင်းရွာ-ပိုင်ကျုံ ရေနုတ်မြောင်းကို ပြန်လည်တူးဖော်ဆောင်ရွက်ရန် လိုအပ်ခြင်းအပါအဝင် ပဲခူးမြစ်ရေမြင့်တက်လာခြင်းနှင့် ရေမနုတ်နိုင်တော့ဘဲ ရေကြီးနစ်မြုပ်မှု ဖြစ်ရပ်များအပေါ်မှာ အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်ပေးရန်အတွက် စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးနယ်မြေအတွင်း ဇူလိုင်လကုန် နှင့် ဩဂုတ်လဆန်းပိုင်းတို့မှာ ထူးကဲ မိုးရွာခဲ့တဲ့အပြင် ပဲခူးမြစ်ရေမြင့်တက်ခြင်း ဖြစ်ခဲ့တဲ့အတွက် ရေမနုတ်နိုင်ဘဲ ရေကြီးနစ်မြုပ်မှု ခံစားခဲ့ရခြင်းဖြစ်ပါတယ်။

ပထမအဆင့်အနေနဲ့ အဗျား-ရှမ်းကိုင်းရေနုတ်မြောင်း ပြန်လည်တူးဖော်ခြင်း၊ မင်းရွာ-ကုက္ကို ရေနုတ်မြောင်းပြန်လည်တူးဖော်ခြင်း၊ မင်းရွာ-ကလိုင်တံတား-ပိုင်ကျုံရေနုတ်မြောင်း တူးဖော်ခြင်းနှင့် ဆည်မကြီးချောင်း ပြန်လည်တူးဖော်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ချက်ရှိပါတယ်။ ဒုတိယအဆင့် အနေနဲ့ ကလိုင်တံတားမှ အုန်းနဲ့လမ်းဘေးမြောင်းအား ပြန်လည်ချဲ့ထွင်တူးဖော်ပြီး ရန်ကုန်တိုင်း ပတ်ဝန်းကျင် မိုင် ၃၀ စိမ်းလန်းစိုပြေရေးတူးမြောင်းနှင့် ဆက်သွယ်ပေါင်းစည်းပေးခြင်း၊ ကဝမြို့နယ် အတွင်း ပဲခူးမြစ်ကမ်းဘေးမှာရှိတဲ့ ဘုန်းမစိုးရေတံခါးတည်ဆောက်ပေးခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရမ်းချောင်းအား ပြန်လည်တူးဖော်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော် အနေနဲ့ ပဲခူးတိုင်းအတွင်း ရေကြီးနစ်မြုပ်မှုများကို ထိထိရောက်ရောက် ကာကွယ်တားဆီး နိုင်ရန်အတွက် လမ်းညွှန်ချက်အပေါ်မှာ စစ်တောင်းမြစ်ဝှမ်း (ပွဲနက်တန်ဆာလွင်ပြင်) ရေလွှမ်းမိုးမှု ကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးစီမံချက်၊ မြစ်မခလွင်ပြင်ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေ ဖော်ထုတ်ရေးစီမံချက်၊ ကဝ-သနပ်ပင် ရေကြီးနစ်မြုပ်မှု ကာကွယ်ရေး စီမံချက်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သို့ အသေးစိတ်စီမံချက်များ ရေးဆွဲတင်ပြထားရှိဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အတွင်း ကိုဒုကွဲ

ရေလှောင်တမံစီမံကိန်းကို လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စလူချောင်း ရေလှောင်တမံစီမံကိန်းနှင့် ရွှေလောင်းရေလှောင်တမံ စီမံကိန်းများကိုလည်းပဲ ဆက်လက် ဆောင်ရွက်ရန် စူးစမ်းလေ့လာမှုလုပ်ငန်းများ တစ်ပြိုင်တည်း ဆောင်ရွက်လျက် ရှိနေပါတယ်။ ကိုဒူကွဲ ရေလှောင်တမံ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက ရေဧကပေ ၁၃၈၀၀၀ ကို သိုလှောင်ထားနိုင်မှာဖြစ်ပြီး စလူချောင်းရေလှောင်တမံကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီး ပါက ဧကပေ ၇၉၀၀၀ ကို သိုလှောင်ထားနိုင်မှာ ဖြစ်ပါတယ်။

အလားတူ ရွှေလောင်းချောင်း ရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ပြီးပါက ဧကပေ ၉၅၀၀၀ ကို သိုလှောင်ထားရှိနိုင်မှာ ဖြစ်ပါတယ်။ စလူချောင်းနှင့် ရွှေလောင်းရေလှောင်တမံ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းအားဖြင့် ပဲခူးမြို့နယ်အတွင်း ရေကြီးမှု၊ လွှမ်းမိုးမှုမှုထိရောက်စွာ ကာကွယ်နိုင်မှာဖြစ်ပြီး အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး အတွက် နိုင်ငံတော်သို့ ဦးစားပေးအစီအစဉ်အရ တင်ပြဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်၏ဘဏ္ဍာငွေခွင့်ပြုပေးချက်များပေါ်မှာမူတည်ပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံး၊ အမြန်ဆုံး စီမံအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အပိုင်းမှ ရန်ပုံငွေ ခွဲဝေချထားပေးနိုင်ရေး စီမံဆောင်ရွက်ပေးသည့်အပေါ်မှာမူတည်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လာမည့်ပွင့်လင်းရာသီကာလအတွင်းမှာ ထိထိရောက်ရောက်ဖြင့် အရှိန်အဟုန်ဖြင့်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားပါမည် ဖြစ်ကြောင်း အနှစ်ချုပ် တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်းမှ ရွှေလီတာတမံကို ပြန်လည်တည်ဆောက်ပေးမည့် အစီအစဉ်ရှိ ပါသလား၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းထားခြင်းနှင့်ပတ်သက်၍ ကျွန်တော်မှ ဆက်လက်ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ယခုကဲ့သို့ နယ်မြေလူထု၏လိုအပ်ချက်အပေါ် မေးမြန်းခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်းအား ဖြေကြားခွင့်ရရှိသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ရွှေလီရေဘေးကာကွယ်ရေးတာတမံသည် ကသာ မြို့နယ်၊ ရွှေလီမြစ်ကမ်းတစ်လျှောက် ဝက်တူးကျေးရွာမှ နန်းနွဲ့ကျေးရွာအထိ အရှည် ၃၆၈၀၀ ပေ

မိုင်အားဖြင့် ၉.၉၇ မိုင်ခန့်ရှိပြီး မူလတည်ဆောက်စဥ်က တာပေါင်အကျယ် ၈ ပေ ၊ အမြင့် ၇ ပေနှင့် အောက်ခြေအကျယ် ၃၅ ပေ ရှိပါတယ်။ ၁၉၈၂-၁၉၈၃ ခုနှစ် ကာလမှစတင်၍ ဒေသခံကျေးရွာလူထု နှင့်ဆည်မြောင်းဦးစီးဌာနမှ ပူးပေါင်းအကောင်အထည်ဖော် တည်ဆောက်ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဝက်တူးကျေးရွာအုပ်စု၊ ဆိပ်သာကျေးရွာအုပ်စုနှင့် ငါးတဲကျေးရွာအုပ်စုရှိ စိုက်ပျိုးမြေ ၆၈၆၂ ဧကကို အကျိုးပြုနိုင်ခဲ့မှု ရှိပါတယ်။ တည်ဆောက်ပြီးချိန် နှစ်ပေါင်း ၂၀ ကျော် ကာလ ကြာမြင့်ခဲ့ပြီဖြစ်၍ တာပေါင်အတိုင်းအတာ မပြည့်မီတော့ခြင်း၊ တာပေါင်နိမ့်ကျခြင်း၊ အချို့နေရာများမှာ တာပေါင် ကျိုးပျက်ခြင်းများ ဖြစ်ပေါ်နေပါတယ်။ တာပေါင်ပေတိုင်အမှတ် ၄၀၀၀ မှ ၄၂၀၀ ကြား၊ တာပေါင် ပေတိုင်အမှတ် ၆၀၀၀ မှ ၆၄၀၀ ကြား နှင့် တာပေါင်ပေတိုင်အမှတ် ၁၃၀၀၀ မှ ၁၃၃၀၀ ကြားမှာ ကျိုးပျက်လျက်ရှိနေကြောင်းကို တွေ့ရှိရပါတယ်။ အချို့နေရာများမှာ ရွှေလီမြစ်ကမ်းပါး ပြိုမှုကြောင့် ကမ်းနှင့်နီးကပ်နေပြီး တာအူကြောင်းအသစ် ပြောင်းရမည့် အခြေအနေဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။ ရွှေလီမြစ်ရေကြီး၍ ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ စိတ်ချလက်ချကာကွယ်နိုင်ရန် အတွက် ရွှေလီရေဘေး ကာကွယ်ရေးတာတမံကို စံချိန်စံညွှန်းနှင့်အညီ ပြန်လည်ပြုပြင်ရန် လိုအပ် နေပြီဖြစ်ကြောင်းလည်းပဲ တွေ့ရှိရပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် ၂၀၁၁ - ၂၀၁၂ ခုနှစ် လာမည့် ပွင့်လင်းရာသီကာလတွင် ကွင်းဆင်းစစ်ဆေးပြီး တစ်ပြိုင်တည်း အသေးစိတ်တိုင်းတာပုံစံများ တွက်ချက်ခြင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ခြင်းများကို စီစဥ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများ အစီအစဥ်အပေါ်မှာ ဘဏ္ဍာငွေခွင့်ပြုပေးနိုင်ရေးအတွက်လည်း တင်ပြဆောင်ရွက်သွားမှာဖြစ်ပြီး ရွှေလီရေဘေး ကာကွယ်ရေးတာတမံကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း များကို အကောင်အထည်ဖော် ဆောင်ရွက် ပေးသွားပါမည်ဖြစ်ကြောင်း ပြန်ကြားတင်ပြအပ်ပါတယ်။ အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**လျှပ်စစ်မီတာခများအား ကြိုတင်ပေးဆောင်သောစနစ်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀ း ၄၇**။

**ဦးတင်မောင်ဝင်း (မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်တောင်းရင်း

နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဖြန့်ဖြူးသောအိမ်သုံးလျှပ်စစ်မီတာခများနှင့် လုပ်ငန်းသုံး လျှပ်စစ်မီတာခများအား လျှပ်စစ်သုံးသော ပြည်သူများနှင့်လုပ်ငန်းရှင်များဟာ လစဉ်မီတာခများကို ပေးဆောင်ရပါတယ်။ Pre Paid Card ကြိုတင်ပေးစနစ်ကို လုပ်ဆောင်မယ်ဆိုလို့ရှိရင် သုံးစွဲတဲ့ Customer များဟာ သူတို့ရဲ့ ဝင်ငွေ၊ ထွက်ငွေအပေါ်မှာ တွက်ချက်ပြီးတဲ့အခါမှာ ဝင်ငွေ၊ ထွက်ငွေတွေကို ချင့်ချိန်ပြီးတော့ သုံးစွဲနိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ သုံးစွဲတဲ့ Customer များမှာကော၊ နိုင်ငံတော်မှာကော အကျိုးများရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကြိုတင်ပေးစနစ် ဖြစ်တဲ့ Pre Paid Card စနစ်ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါသလား။ လျှပ်စစ်အသုံးပြုတဲ့မီတာခများအား ကြိုတင်ပေးဆောင်သောကဒ် Pre Paid Card များစနစ်ကို လုပ်ဆောင်ပေးမယ့်အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေး မည်ကိုသိရှိလိုပါသောကြောင့် တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လျှပ်စစ်မီးတိုင်(သစ်သားတိုင်)များ လဲလှယ်တပ်ဆင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၀ း ၄၉။**

**ဦးမောင်မောင်စိုး (သာကေတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ရှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာကေတမြို့နယ်ဟာဆိုလို့ရှိရင် ၁၉၅၇ ခုနှစ်က စပြီးတော့တည်ထောင်ခဲ့ပါတယ်။ မြို့သစ်တည်ထောင်စဉ်ကာလက လမ်းမကြီးတွေ၊ ရပ်ကွက်ထဲမှာရှိတဲ့လမ်းတွေ၊ လမ်းသွယ်တွေကို သစ်သားမီးတိုင်များနှင့်စိုက်ထူပြီးတော့ လျှပ်စစ်ဖြန့်ဝေပေးခဲ့ပါ တယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ သစ်သားမီးတိုင်များကို ကွန်ကရစ်တိုင်များနှင့် အစားထိုးပြီးတော့ လဲလှယ်ပေးခဲ့ပါသော်လည်း မြို့နယ်အတွင်းမှာရှိတဲ့ လမ်းပေါင်း ၆၂ လမ်းမှာ သစ်သားတိုင်များ

ယနေ့တိုင်ရှိနေပါတယ်။ ၎င်းမီးတိုင်များဟာ နှစ်ပေါင်း ၅၀ ကျော်နေပြီဖြစ်တဲ့အတွက်ကြောင့် ဆွေးမြေ့ပျက်စီးနေပြီးတော့ အန္တရာယ်ဖြစ်မယ့်အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် ဆွေးမြေ့ပျက်စီးနေသော သစ်သားမီးတိုင်များကို ကွန်ကရစ်တိုင်များနှင့် လဲလှယ်အစားထိုးပေးရန် ရှိ၊ မရှိ ။ ရှိပါက မည်သည့်ကာလတွင် လဲလှယ်အစားထိုးပေးမည်ကို ဖြေကြားပေးနိုင်ရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန် အစီအစဉ်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန် ၊၁၀ း ၅၀။**

**ဦးဝင်းသိန်း (ပင်လည်ဘူးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်းမှာ မြို့နယ်ခုနှစ်မြို့နယ်ရှိသည့်အနက် မြို့နယ် ခြောက်မြို့နယ်မှာ မြို့များသာမက ကျေးရွာများအထိ နိုင်ငံတော်မှ ဖြန့်ဖြူးသည့် မဟာဓာတ်အားလိုင်းကို သွယ်တန်းအသုံးပြုခွင့် ရရှိနေပြီဖြစ်ပါတယ်။ မဟာဓာတ်အားလိုင်း ရောက်ရှိနေပြီဖြစ်သော ကောလင်းမြို့၊ ဝန်းသိုမြို့များနှင့် ၃၉ မိုင်သာကွာဝေးတဲ့ ပင်လည်ဘူးမြို့ တစ်မြို့တည်းသာ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲခွင့်ကျန်ရှိနေတာ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ပင်လည်ဘူးမြို့နယ်သို့ ပြည်ထောင်စုအစိုးရအနေဖြင့် မဟာဓာတ်အားလိုင်း သွယ်တန်းပေးပါရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါတယ်။ သွယ်တန်းပေးမည်ဆိုပါက မည်သည့်အချိန်၊ မည်သည့်ကာလတွင် သွယ်တန်းပေးမည်ဆိုတာကို သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**လျှပ်စစ်မဟာဓာတ်အားလိုင်းကို ရေးမြို့နယ်သို့ ပေးဝေရန်အစီအစဉ်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန် ၊၁၀ း ၅၂။**

**ဒေါ်မိမြင့်သန်း (ရေးမဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး

မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်ရှင်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ရေးမြို့နယ်မဲဆန္ဒရှင်ကိုယ်စား တင်ပြချင်တဲ့ အကြောင်းအရာကတော့ မဟာဓာတ်အားလိုင်းကိစ္စ ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ဤမဟာဓာတ်အားလိုင်းဟာ သံဖြူဇရပ် မြို့နယ်အထိ ရောက်ရှိနေပြီဖြစ်သော်လည်း ရေးမြို့နယ်အတွင်းသို့ ရောက်ရှိနိုင်ရန် အချိန်ကာလ ကြန့်ကြာ နေခဲ့ပါတယ်။ ကျွန်မတို့ ရေးမြို့နယ်မှာဆိုရင် လျှပ်စစ်ဓာတ်အားခများကို ဈေးနှုန်းအဆမတန် ပေးဆောင် နေရပါတယ်။ ပြင်ပလောင်စာဆီအဖြစ် အသုံးပြုနေရသည့်အတွက်ကြောင့် တစ်ယူနစ်လျှင် ၇၀၀ ကျပ်ဖြင့် ပေးဆောင်နေရလျက်ရှိပါတယ်ရှင်။ လျှပ်စစ်ဓာတ်အားခမြင့်မားမှုကြောင့် ဝန်ထမ်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ ငွေကြေးကုန်ကျမှုစရိတ်များမြင့်မားခြင်း၊ လုပ်ငန်းများ တွက်ခြေ မကိုက်ခြင်းများနှင့် ရင်ဆိုင်နေရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ မဟာဓာတ်အားလိုင်း လျှပ်စစ်ဓာတ်အားများရရှိခဲ့ပါလျှင် ကျောင်းသားလူငယ်များ၊ လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကုန်သွယ်မှုများ၊ ထုတ်လုပ်မှုများ စသဖြင့် အားလုံးအဆင်ပြေ ချောမွေ့စွာ အကျိုးကျေးဇူးများ ခံစားရမှာဖြစ်ပါတယ်ရှင်။ နိုင်ငံတော်အတွက်လည်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စည်ပင်သာယာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများ စသဖြင့် ကဏ္ဍပေါင်းစုံ အကျိုးကျေးဇူးများစွာ ခံစားရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေနဲ့ မေတ္တာစေတနာထားပြီး မဟာဓာတ်အားလိုင်း လျှပ်စစ်ဓာတ်အားကို ရေးမြို့နယ်အတွင်းသို့ ပေးဝေရန်အစီအစဉ်ရှိ၊ မရှိဆိုတဲ့ မေးခွန်းကို မေးချင်ပါတယ်ရှင်။ (၁)သံဖြူဇရပ်မြို့နယ်အထိ ပေးဝေနေပြီးဖြစ်သော မဟာဓာတ်အားလိုင်း လျှပ်စစ်ဓာတ်အားသည် ရေးမြို့နယ်အတွင်းသို့ပေးဝေရန် အစီအစဉ်ရှိပါသလား။ (၂)ရှိပါက မည်သည့် အချိန်တွင်စတင်ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါတယ်ရှင်။အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန် ၊၁၀ း၅၄ ။**

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ကျွန်တော့်အနေဖြင့်

ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း မေးမြန်းလာသော မေးခွန်းကို ပထမဦးဆုံး စတင်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ဦးတင်မောင်ဝင်းရဲ့ မေးခွန်းပထမ အချက်အနေနဲ့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အိမ်သုံးမီတာ၊ လုပ်ငန်းသုံးမီတာ၊ စက်မှုလက်မှုသုံးနှင့် ထရန်စဖော်မာစင်တီမီတာများကို ၂၀၁၁ ခုနှစ်၊ ဇူလိုင်လအထိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးအဖွဲ့မှ အိမ်သုံးမီတာ ၈၅၀၇၈၄ လုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှာ ၁၄၁၂၆၃ လုံး တစ်နိုင်ငံလုံးမှာ စုစုပေါင်း မီတာအလုံးရေပေါင်း ၂၂၆၃၄၁၄ လုံး တပ်ဆင်ပေးထားပြီး ဖြစ်ပါတယ်။ ယခုကိုယ်စားလှယ်တော်ကြီးသိလိုတဲ့ Pre Paid စနစ်ဆောင်ရွက်မည်ဆိုပါက Pre Paid Meter အနေဖြင့် ထုတ်လုပ်သည့် နိုင်ငံ၊ အမျိုးအစားပေါ် မူတည်ပြီး အိမ်သုံးမီတာနဲ့ ပါဝါမီတာတစ်လုံး တို့ရဲ့ အကြမ်းဖျင်းဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၀၀ နဲ့ ၁၅၀ ကြားမှာ ရှိပါတယ်။ စက်မှုလက်မှုသုံး နဲ့ ထရန်စဖော်မာစင်တီမီတာ အနေဖြင့် ထုတ်လုပ်သည့်နိုင်ငံ၊ အမျိုးအစားပေါ် မူတည်ပြီး ဈေးနှုန်းဟာ အိမ်သုံးမီတာတွေထက် ပိုမိုကြီးမြင့်ကြောင်း သိရှိရပါတယ်။ ပျမ်းမျှအားဖြင့် မီတာတစ်လုံးရဲ့ ဈေးနှုန်းကို ကျပ်တစ်သိန်းနှုန်းနဲ့ တွက်ချက်လို့ရှိရင် တစ်နိုင်ငံလုံးရဲ့မီတာများကို လဲလှယ်ရန်ကိစ္စမှာ ၂၂၆၃ ဘီလီယံခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ အခြားလိုအပ်တဲ့ ဆက်လက်ဆောင်ရွက်ရမယ့် ပစ္စည်းများ၊ Infrastructure များ ထည့်သွင်းတွက်ချက်မည်ဆိုပါက အထက်ပါ တင်ပြထားသည့် ငွေအပြင် နောက်ထပ်ကျပ် ဘီလီယံ ပေါင်းများစွာ ကုန်ကျပြီးမှ အသစ်လဲလှယ်တပ်ဆင်လို့ ရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံများကို လေ့လာရာမှာ လက်ရှိမြန်မာနိုင်ငံမှာ သုံးစွဲနေတဲ့ မီတာများကဲ့သို့ တပ်ဆင်အသုံးပြုပြီး ကျသင့်တဲ့ မီတာခတွေကို သက်ဆိုင်ရာရုံးများမှာ သွားရောက် ပေးဆောင်မည့်အစား မီတာလက်ခံရန် သတ်မှတ်ထားတဲ့ နေရာများမှာ ပေးဆောင်ခြင်း၊ Online ပုံစံဖြင့်ပေးဆောင်ခြင်းစနစ်များနဲ့ ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါတယ်၊ Pre Paid Card အား Pilot Project အနေဖြင့် စမ်းသပ်ဆဲကာလဖြစ်ကြောင်းလည်း သိရှိရပါတယ်။ အလားတူ အခြားနိုင်ငံများအနေနဲ့ Pre Paid Card စနစ်နဲ့ သုံးစွဲမှုကို လေ့လာရာမှာ တပ်ဆင်ပြီးဖြစ်တဲ့ မီတာများရဲ့ အများဆုံး ၁၀ ရာခိုင်နှုန်းခန့်သာ ဆောင်ရွက်ထားသည်ကို သိရှိရပါတယ်၊ ဝန်ကြီးဌာန အနေဖြင့်လည်း Online ပုံစံဖြင့် မီတာခပေးဆောင်တဲ့စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စတင်ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဖြန့်ဖြူးပေးသော အိမ်သုံးမီတာများနဲ့ လုပ်ငန်းသုံးလျှပ်စစ်မီတာခများကို ကြိုတင်ပေးဆောင်သောကဒ် Pre Paid Card စနစ်ဖြင့် ဓါတ်အားခပေးဆောင်သည့်ကိစ္စမှာ လောလောဆယ်အားဖြင့် အစီအစဉ်မရှိပါသေးကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ လျှပ်စစ်အသုံးပြုသည့် မီတာခများအား ကြိုတင်ပေးဆောင်ကတ် Pre Paid Card စနစ်များ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလမှာ စတင်ဆောင်ရွက်ပေး မည်ကိုသိရှိလိုမှုကို ဖြေကြားရမည်ဆိုပါက အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်မီတာခများကို ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွင်း ပြဋ္ဌာန်းစီမံချက်တွင် Pre Paid စနစ်များ ဆောင်ရွက် ပေးရန်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးရဲ့ မေးမြန်းလာတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးဖြေကြားသွားမှာ ဖြစ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်မှစပြီးတော့ ၂၀၁၁ ခုနှစ်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကွန်ကရစ်လျှပ်စစ်မီးတိုင် ၁၀၄၄၈ တိုင် လဲလှယ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ နာဂစ်လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးပြိုလဲခဲ့တဲ့ လျှပ်စစ်မီးတိုင်များကိုလည်း ကွန်ကရစ်တိုင် ၇၃၁၆ လုံးဖြင့် အစားထိုးလဲလှယ်ခဲ့ရပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွေမှာလည်း ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ်များမှာ ကွန်ကရစ်ကျောက်တိုင် ၉၁၈၆ တိုင်ကို အစားထိုးလဲလှယ်ရန်အတွက် ရန်ပုံငွေလျာထားပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။ သာကေတမြို့နယ်နဲ့ ပတ်သက်ပြီးတော့ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးအဖွဲ့ရဲ့ ယခုနှစ် ရန်ပုံငွေလျာထားချက်မှာ ပါဝင်ခြင်းမရှိသော်လည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်နဲ့ တတိယနှင့် စတုတ္ထသုံးလပတ်အတွင်း တိုင် ၉၀ အားလည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ပထမနှင့် ဒုတိယသုံးလပတ်အတွင်း ကျန်တိုင် ၈၅ တိုင်ကို ရန်ပုံငွေလျာထားပြီး အစားထိုးလဲလှယ်ပေးရန် စီစဉ်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ကျွန်တော်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းရဲ့ မေးမြန်းလာတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ပင်လည်ဘူးမြို့နယ်ဟာ  လက်ရှိအခြေအနေမှာ ဒေသမှလှူဒါန်းတဲ့ Hero အင်ဂျင်စက်တစ်လုံးဖြင့် ဌာနပိုင် ၁၅၀ KV ဒိုင်နမို ၂ လုံးနဲ့ပူးတွဲပြီး လျှပ်စစ်ဓာတ်အားပေးလျက် ရှိပါတယ်။ လက်ရှိမီးသုံးသူဦးရေ ၅၃၀ ရှိပြီး လစဉ်ဌာနမှ ဒီဇယ်ဆီ ၉၈၀ ဂါလံပံ့ပိုးပေးပြီး တစ်နေ့ကိုနှစ်နာရီ

လျှပ်စစ်ဓာတ်အားပေးပါတယ်။ တစ်ယူနစ်ကို ၂၅ ကျပ်နှုန်းနဲ့ ကောက်ခံလျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်း ကျောက်ပုထိုး (၁၃၂/ ၃၃/ ၆.၆ KV ၁၅ MB) ဓာတ်အားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ပင်လည်ဘူးမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန်အတွက် လက်ရှိတည်ဆောက်ဆဲဖြစ်တဲ့ ကောလင်း၊ ဝန်းသို ၃၃ KV ဓာတ်အားလိုင်းမှတစ်ဆင့် ပင်လယ်ဘူးထိ ၃၃ KV ဓာတ်အားလိုင်းတည်ဆောက် ဓာတ်အား ပေးရမှာ ဖြစ်ပါတယ်။ ဓာတ်အားလိုင်းအရှည်မှာ ခန့်မှန်း ၃၅ မိုင်ခန့်ရှိပါတယ်။ ပင်လည်ဘူးမြို့မှာ ၃၃/၁၁ KV ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ရမှာဖြစ်ပါတယ်။ ၃၃ KV ဓာတ်အားလိုင်း တည်ဆောက်ဖို့တွက် ခန့်မှန်းကုန်ကျစရိတ်မှာ တစ်မိုင်လျှင် သိန်း ၂၅၀ ခန့် ရှိတဲ့အတွက်ဓာတ်အားလိုင်း တည်ဆောက်မှုအားလုံး စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ်သိန်း ၈၇၅၀ ခန့်ကုန်ကျမှာ ဖြစ်ပါတယ်။ ပင်လည်ဘူးမြို့မှာ ၃၃/၁၁ KV ဓာတ်အားခွဲရုံတစ်ခုပါ တည်ဆောက်ဖို့ လိုအပ်ပါတယ်။ ဓာတ်အားခွဲရုံ တည်ဆောက်မှု ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သိန်း ၁၂၀၀ ခန့်ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ပင်လည်ဘူးမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန် စုစုပေါင်း ငွေကျပ် သိန်း ၉၉၅၀ ခန့်ကုန်ကျမှာ ဖြစ်ပါတယ်။ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ တစ်နိုင်ငံလုံးအတွက် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးရေး လုပ်ငန်းများ၊ စီမံကိန်းများကိုဘဏ္ဍာငွေလျာထားဆောင်ရွက်လျက်ရှိရာ ဘဏ္ဍာငွေသုံးစွဲမှုအပေါ် မူတည်ပြီး ပင်လည်ဘူးမြို့သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဆောင်ရွက်ပေးနိုင်ရေး အချိန်ကာလ တစ်ခုအတွင်း ဆောလျင်စွာ ဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်အနေနဲ့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒေါ်မိမြင့်သန်း မေးတဲ့ ပထမအချက်နေနဲ့ လက်ရှိအခြေအနေအရ နိုင်ငံတော်ဓာတ်အားစနစ်မှဓာတ်အားသည် မွန်ပြည်နယ် အတွင်း မော်လမြိုင်မြို့အထိ ၆၆ KV ပို့အားစနစ်နဲ့ ပေးပို့ထားပြီး မော်လမြိုင်မြို့မှ ၆၆KVဓာတ်အားကို ၆၆/၃၃ KV၊ ၂၀ MPA ဓာတ်အားခွဲရုံမှ လက်ခံရယူထားပါတယ်။ မော်လမြိုင်မြို့မှ မုဒုံ၊ သံဖြူဇရပ်မြို့အထိ ၃၃ KV ဓာတ်အားလိုင်း ၄၀ မိုင်နဲ့ ဓာတ်အားပေးပို့ထားတဲ့အတွက် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကို မွန်ပြည်နယ်အတွင်း သံဖြူဇရပ်မြို့အထိ ဓာတ်အားပေးထားပြီး ဖြစ်ပါတယ်။ မွန်ပြည်နယ်အတွင်း တိုးချဲ့ ဓာတ်အားဖြန့်ဖြူးနိုင်ရန်အတွက် ရည်ရွယ်ပြီး၊ သထုံမြို့အထိရောက်ရှိပြီးဖြစ်တဲ့ ၂၃၀ KV မဟာဓာတ်အားလိုင်းကို မော်လမြိုင်မြို့အထိ ဓာတ်အားပို့လွှတ်ရန် စီမံကိန်းသတ်မှတ် ဆောင်ရွက်လျက် ရှိပါတယ်။ စီမံကိန်းမှာ သထုံ-မော်လမြိုင်

၂၃၀ KV ဓာတ်အားလိုင်း ၅၁.၁ မိုင်၊ ဂျိုင်းမြစ်နှင့်သံလွင်မြစ်ကျော် ဓာတ်အားလိုင်းနှစ်မိုင် နှစ်ခုနဲ့ မော်လမြိုင်မြို့ကို ၂၃၀/၆၆/၁၁ KV ၁၀၀ MPA ပင်မဓာတ်အားခွဲ ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်ပါတယ်။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ ၃၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်တဲ့ အတွက်ကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးမည် ဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် ရေးမြို့မှာ မီးလင်းရေးကော်မတီ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိရာ ၃၀၀ KVA မီးစက်လေးလုံးဖြင့် ဓာတ်အားပေးထားလျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အားခများကို ဒေသအာဏာပိုင်နှင့် မီးလင်းရေး ကော်မတီတို့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အား ပိုမိုထွက်ရှိလာမှုပေါ်မူတည်ပြီး ဓာတ်အားပို့လွှတ်ရာမှာ မော်လမြိုင်မြို့မှာ ရေးမြို့အထိ ၉၇ မိုင်၊ ရေးမြို့မှ ထားဝယ်မြို့ထိ မိုင် ၁၀၀ ၊အသီးသီးကွာဝေးတဲ့အတွက် ၂၃၀ KV မဟာ ဓာတ်အားလိုင်းများဖြင့်သာ ဓာတ်အားပို့လွှတ်သွားရမှာ ဖြစ်ပါတယ်။ ရေးမြို့၊ ထားဝယ်မြို့မှ တစ်ဆင့် မြိတ်မြို့အထိ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပို့နိုင်ရေး၊ စီမံကိန်း အကောင်အထည်ဖော်ရေး ရည်မှန်းချက်ချထားပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**မြင်းမူမြို့၊ မွေးမြူရေးနှင့် ကုသရေးဓာတ်ခွဲခန်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊၁၁ း ၀၃**။

**ဦးဇော်ဝင်းအောင်(မြင်းမူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်း ဒေသကြီး၊ မြင်းမူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော်ကိုအကျိုးပြုမယ့် မေးခွန်းတစ်ခုကို မေးမြန်း တင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းလွှာကို ဖတ်ကြားပြီး မေးမြန်းတင်ပြခွင့်ပြုပါ ခင်ဗျား။

လေးစားရပါသောပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကျွဲနွားများ ခွာနာ၊ လျှာနာရောဂါရှာဖွေရေးလုပ်ငန်းစဉ်များအတွက် ဓာတ်ခွဲခန်းတစ်ခုကို မြင်းမူမြို့မှာ နိုင်ငံတော်က ဆောက်လုပ်ပေးထားပြီး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြင်းမူမြို့နယ်နဲ့ ဆက်စပ်နေတဲ့ မြို့နယ်အသီးသီးမှာရှိတဲ့ တိရစ္ဆာန်များအတွက် ခွာနာ၊ လျှာနာရောဂါရှာဖွေရေးနဲ့

ကုသရေးလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွဲ၊ နွားများ ခွာနာ၊ လျှာနာရောဂါဟာ မြန်မာနိုင်ငံမှာ ဖြစ်ပွားမှုအများဆုံး ရောဂါတစ်မျိုး ဖြစ်ပါတယ်။ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးစီမံချက်အရ စစ်ကိုင်းဒေသကြီးတောင်ပိုင်းဟာ ကျွဲ၊ နွား မွေးမြူမှုအများဆုံးဖြစ်တဲ့အတွက် ဒီဒေသမှာရှိနေတဲ့ တိရစ္ဆာန်များကို ခွာနာ၊ လျှာနာ ရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်မှသာလျှင် အခြားသော ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာရှိတဲ့ ကျွဲ၊ နွားများကို ခွာနာ၊ လျှာနာရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်က ဆောက်လုပ်ပေးထားတဲ့ စစ်ကိုင်းတိုင်း ဒေသကြီး၊ မြင်းမူမြို့မှာရှိတဲ့ ကျွဲ၊ နွားများ ခွာနာ၊ လျှာနာရောဂါဆိုင်ရာ ဓာတ်ခွဲခန်းဟာ မြေနေရာ၊ လျှပ်စစ်မီး၊ ရေစတဲ့ အခြေခံကောင်းများ ပြည့်စုံစွာရှိနေပြီးဖြစ်တဲ့အပြင် စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ဆက်စပ်လျက်ရှိတဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တိရစ္ဆာန်များအတွက်လည်း လွယ်ကူချောမွေ့စွာ အထောက်အကူပြုနိုင်တဲ့ ဓာတ်ခွဲခန်းတစ်ခုဖြစ်တဲ့အတွက် ကာကွယ်ဆေးထုတ်လုပ်နိုင်သော ဓာတ်ခွဲ ခန်းအဆင့်သို့ အဆင့်မြှင့်တင်ပေးနိုင်ဖို့ ပြည်သူများက မျှော်လင့်နေလျက် ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးစီမံချက်အရ အဓိက အရေးကြီးသော ဒေသကြီးဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ကျွဲ ကောင်ရေ ၂၃၁၃၇၁၆ ကောင်နှင့် နွားကောင်ရေ ၄၄၆၈၅၆ ကောင်တို့အား ကျွဲ၊ နွားများ ခွာနာ၊ လျှာနာရောဂါကာကွယ် ထိန်းချုပ်နိုင်ရေးနဲ့ ကာကွယ်ဆေးများကို အချိန်နဲ့တစ်ပြေးညီ ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးတို့ အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့မှာရှိတဲ့ မွေးမြူရေးနဲ့ကုသရေးဦးစီးဌာနရဲ့ ကျွဲ၊ နွားများ ခွာနာ၊ လျှာနာရောဂါဆိုင်ရာ ဓာတ်ခွဲခန်းအား ကာကွယ်ဆေးထုတ်လုပ်နိုင်သော အဆင့်ရောက်အောင် အဆင့်မြှင့်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိပါသလား။ အဆင့်မြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိပါလျှင် မည်သည့်အချိန်တွင် စတင်မည်ဖြစ်ပြီး၊ မည်သည့်အချိန်တွင် ပြီးစီးပါမည်လဲ။ အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်မရှိပါလျှင် မည်သည့်အတွက်ကြောင့် အဆင့်မြှင့်ဆောင်ရွက်မပေးနိုင်ပါသလဲ ဆိုသည်ကို မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ငါးမွေးမြူရေးလုပ်ငန်းအခက်အခဲများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်** ၊ ၁၁ း ၀၇။

**ဦးမောင်မောင်သိမ်း(ခရမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အထူးဇည့်သည်တော်ကြီးများ ခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစေရန် ဆုမွန်ကောင်းတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်သို့ ငါးမွေးမြူရေးလုပ်ငန်းအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ တင်ပြခြင်းဆိုတဲ့ ခေါင်းစဉ်ဖြင့် ကျွန်တော် ကြယ်ပွင့်ပြမွေးခွန်းကို တင်ပြခဲ့ပါတယ်။ သို့သော်လည်း တင်ပြချက်ပါအချက်များနဲ့ ပတ်သက်ပြီးတော့ ကုန်သွယ်လုပ်ငန်းခွန်တွေလည်း လျှော့ချပြီးဖြစ်တဲ့အတွက် တာဝန်ရှိသူ ပြည်ထောင်စုဝန်ကြီး ကနေပြီးတော့မှ ဖြေကြားပေးဖို့တော့ မလိုတော့ပါဘူး။ သို့သော်လည်း ငါးမွေးတဲ့မွေးမြူရေးလုပ်ငန်းမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲများကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများသိရှိပြီးတော့ မှတ်တမ်းတင် နိုင်ဖို့ရန်အတွက် ဖတ်ကြားတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံမှာ ငါးဦးစီးဌာနရဲ့စာရင်းအရ ငါးမွေးတောင်သူဦးရေ ၁၉၅၅၃ ရှိပြီးတော့ ငါးမွေးကန်ဧက ၂၁၈၆၈၅ ဖြစ်ပါတယ်။ မွေးမြူထုတ်လုပ်တဲ့ ငါးအမျိုးအစားတွေက ငါးမြစ်ချင်း ၈၀ ရာခိုင်နှုန်း၊ ငါးကြင်းဖြူ ၁၀ ရာခိုင်နှုန်း၊ ငါးတန် လေးရာခိုင်နှုန်း၊ ငါးသိုင်းခေါင်းပွ သုံးရာခိုင်နှုန်း၊ ရေချိုငါးမုတ် နှစ်ရာခိုင်နှုန်း၊ ကျန်တဲ့ရွှေဝါငါးကြင်း၊ တီလားဗီးယား၊ မြက်စားငါးကြင်း၊ ငွေရောင်ငါးကြင်း၊ ထိုင်းငါးခုံးမကြီးတို့ စုစုပေါင်း တစ်ရာခိုင်နှုန်းတို့ ဖြစ်ပါတယ်။ ငါးမွေးကန် တစ်ဧကမှာ ငါးပိဿာချိန် ၁၀၀၀ ကနေပြီးတော့မှ ၂၅၀၀ ပိဿာအတွင်း ထွက်ရှိဖို့အတွက် မွေးမြူ ထုတ်လုပ်လျက်ရှိကြပါတယ်။ ပျမ်းမျှတစ်ဧကမှာ ပိဿာချိန် ၁၃၀၀ ခန့် မွေးမြူထုတ်လုပ်လျက် ရှိပါတယ်။ တစ်နိုင်ငံလုံး မွေးမြူထုတ်လုပ်မှုအနေနဲ့ နှစ်စဉ်မက်ထရစ်တန်ချိန် ၄.၅ သိန်းခန့် မွေးမြူ ထုတ်လုပ်လျက်ရှိပြီးတော့ မက်ထရစ်တန် တစ်သိန်းနီးပါးကိုတော့ ပြည်ပကို တင်ပို့ရောင်းချပါတယ်။ မက်ထရစ်တန် ၃.၅ သိန်းကိုတော့ ပြည်တွင်းစားသုံးမှုအနေဖြင့် စားသုံးလျက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာ ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုက ၄၅ ရာခိုင်နှုန်းခန့်ရှိပြီးတော့ ပုဂ္ဂလိကချေးငွေ နဲ့က ၄၅ ရာခိုင်နှုန်း၊ ဘဏ်ချေးငွေနဲ့က ၁၀ ရာခိုင်နှုန်းဖြင့် မွေးမြူထုတ်လုပ်လျက်ရှိပါတယ်။ အသက်ရှိတဲ့သတ္တဝါတွေကို မွေးမြူထားခြင်းဖြစ်တဲ့အတွက် အမှားအယွင်းမရှိအောင် အလွန်ဂရုစိုက် ရပါတယ်။ အန္တရာယ်လည်း အလွန်များပါတယ်။ သဘာဝဘေးအန္တရာယ်အမျိုးမျိုးနဲ့လည်း ရင်ဆိုင်ရ ပါတယ်။ ရေကြီးနစ်မြုပ်ခြင်းလည်း မကြာခဏကြုံတွေ့ရပါတယ်။ နာဂစ်မုန်တိုင်းကာလအတွင်းမှာ ဆိုလျှင် မုန်တိုင်းဒဏ်ကြောင့် ကန်ပေါင်တွေ ကျိုးပဲ့ပျက်ဆီးခြင်း၊ အဆောက်အဦများ ပြိုကျပျက်ဆီးခြင်း၊

လုပ်ငန်းသုံးပစ္စည်းများ ပျက်ဆီးခြင်း၊ ငါးများပြင်ပသို့ ရောက်ရှိဆုံးရှုံးခြင်း၊ ငါးအကြီး၊ အသေးများ ရောနှောခြင်းတို့ကြောင့် အချိန်မတိုင်မီ ဖော်ယူဖမ်းဆီးရတဲ့ အခက်အခဲတွေလည်းရှိခဲ့ပါတယ်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲတဲ့ အယ်နီညိုလာနီညာနှစ်တွေမှာလည်း ကန်များအတွင်းမှာ ငါးတွေ အစုလိုက်၊ အပြုံလိုက် သေဆုံးခြင်းစတဲ့ အခက်အခဲတွေလည်း ကြုံရပါတယ်။ ဒါ့အပြင် သဘာဝဘေးအန္တရာယ်အပြင် လူရဲ့အန္တရာယ်တွေလည်း အများကြီးရှိပါတယ်။ မချစ်မနှစ်သက်သူတွေရဲ့ အန္တရာယ်က အဆိုးဆုံးဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီး အချို့နေရာတွေမှာ လူအုပ်စုဖွဲ့ပြီးတော့၊ အကြမ်းဖက်ပြီးတော့ ခိုးယူတဲ့အန္တရာယ်တွေလည်းရှိပါတယ်။ ဒီအန္တရာယ်တွေအပြင် ကမ္ဘာ့လောင်စာစွမ်းအင် စရိတ်ကြီးမြင့်တဲ့ ကာလတွေမှာလည်း သယ်ယူပို့ဆောင်ရေးနှင့် ရေသွင်းရေထုတ်အပိုင်းများမှာ စရိတ်ကြီးမြင့်မှုများ ဖြစ်ပေါ်ကာ အကျိုးအမြတ်တွေလည်း ကျဆင်းပါတယ်။ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ အရေးအခင်းနှင့် ၂၀၀၈ ခုနှစ် စီးပွားကျဆင်းတဲ့ကာလမှာ အကြောင်းအမျိုးမျိုးကြောင့် ငါးဝယ်လိုအားလျော့နည်းကျဆင်းပြီး ပြည်ပဈေးကွက်မှာ ထိခိုက်ဆုံးရှုံးမှုတွေ ရှိခဲ့ပါတယ်။ ပြည်တွင်းမှာ ငါးအစာကုန်ကြမ်း ဈေးနှုန်းကြီးမြင့်ပြီး ထုတ်လုပ်မှုစရိတ်ဟာ ငါးဈေးနှုန်းထက်ကြီးမြင့်တဲ့ကာလမှာလည်း အရှုံးနဲ့ရင်ဆိုင် ကြုံတွေ့ရပါတယ်။ အထက်ပါကြုံတွေ့ရတဲ့ အခက်အခဲများထက် ဒီကနေ့ လက်ရှိကြုံတွေ့ရတဲ့ အခက်အခဲကပိုပြီးတော့ ကြီးမားပါတယ်။ ဒါကြောင့် ဒီနေ့ ငါးမွေးမြူသူတွေ ဘဝပျက်မယ့် ကိန်းဆိုက်နေပါကြောင်း ကျွန်တော်အနေနဲ့ တင်ပြအပ်ပါတယ်။ ၂၀၁၀ ခုနှစ်၊ ဇွန်လမှာ ငါးရဲ့ပျမ်းမျှဈေးနှုန်းဟာ ၂၁၅၀ ကျပ်ပေါက်ဈေးရှိတဲ့ ငါးမြစ်ချင်းဟာ ၂၀၁၁ ခုနှစ်၊ ဇွန်လမှာ ၁၄၀၀ကျပ် ထိ ကျဆင်းခဲ့တဲ့အတွက် တစ်ပိဿာမှာ ကျပ် ၇၅၀ ခန့်ထိ လျော့နည်းသွားခဲ့ပါတယ်။ ငါးမွေးမြူရေးလုပ်ငန်းအနေနဲ့ ငါးသားပေါက်တွေကို ပြုစုကန်မှာ တစ်နှစ်ကြိုတင် ပြုစုမွေးမြူရပြီးတော့ အသားတိုးကန်မှာ တစ်နှစ် (၁၂လ) ခန့်ထည့်သွင်းမွေးမြူပြီးတော့မှ ဈေးကွက်ကို တင်ပို့ရောင်းချရတဲ့လုပ်ငန်း ဖြစ်ပါတယ်။ နှစ်နှစ်ခန့် အချိန်ယူမွေးမြူရတဲ့လုပ်ငန်း ဖြစ်ပါတယ်။ ရင်းနှီးမြုပ်နှံမှုမြင့်မားသည့် ကုန်ထုတ်လုပ်ငန်း ဖြစ်ခြင်းကြောင့် ဈေးကွက်လိုအပ်ချက် လျော့နည်းလို့ရှိရင်လည်း ကန်မဖော်ဘဲရပ်ထားသော်လည်းပဲ နေ့စဉ်ထိန်းသိမ်းမှု စရိတ်အပြင် အစာကျွေးပြီးတော့ ဆက်လက်မွေးမြူထားရတဲ့အတွက် ကုန်ကျစရိတ်က နေ့စဉ်နှင့်အမျှ ရှိနေသည့်လုပ်ငန်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ကုန်လုပ်ငန်းများအနေနဲ့လည်း အအေးခန်းစက်ရုံ ၁၃၅ ရုံမှ ပြုပြင်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရာမှာ ငွေရေးကြေးရေးဆိုင်ရာ အကြပ်အတည်း၊ ကုန်ကြမ်းရရှိမှု အကြပ်အတည်းများကြောင့် စက်ရုံ ၂၈ ရုံရပ်နားခဲ့ရပါတယ်။ ငွေဈေးနှုန်းလျော့နည်း

ကျဆင်းမှုကြောင့် အရှုံးဖြင့်ရင်ဆိုင်နေရသည့် ပို့ကုန်လုပ်ငန်းရှင်များ အနေဖြင့်လည်း နေ့စဥ် ကုန်ဝယ်မှုကိုလျှော့ချခြင်း၊ လုပ်သားအင်အားကိုလျှော့ချခြင်း စသည့်နည်းများဖြင့် ဖြေရှင်းဆောင်ရွက် လျက်ရှိပါတယ်။ ရခိုင်၊ တနင်္သာရီမှာရှိတဲ့ အအေးခန်းစက်ရုံများလည်းရပ်နားထားရမည့် အခြေအနေ မျိုးများနှင့် ရင်ဆိုင်ကြုံတွေ့ နေလျက်ရှိပါတယ်။ ပြည်ပပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ငွေဈေးနှုန်း ဆက်တိုက်ကျဆင်းမှုကြောင့် နေ့စဥ်အရှုံးပေါ်လျက်ရှိသဖြင့် ငါးဝယ်ယူမှုကိုလည်း ယာယီအားဖြင့် ရပ်ဆိုင်းထားခဲ့ပါတယ်။ ပြည်ပတင်ပို့ ရောင်းချသူများအနေဖြင့် ငါးမြစ်ချင်း တစ်ကီလိုဂရမ် ဝယ်ယူသည့်ဈေးရင်းကို ၁.၁ ဒေါ်လာပေါ်မှာ အခြေခံတွက်ချက်ဝယ်ယူခြင်းဖြစ်သဖြင့် လက်ရှိ ထုတ်လုပ်မှုဈေးကာမိစေရန် ငါးမွေးတောင်သူများ အကျိုးအမြတ်ရရှိစေရန်အတွက်ကို တစ်ဒေါ်လာ ဟာ ၁၀၀၀ ကျပ်နှုန်းနဲ့သာသူ့အနေနဲ့ရရှိမှသာ ထုတ်လုပ်မှုအရင်းကို ရနိုင်မယ်ဆိုတဲ့အကြောင်းလည်း ကျွန်တော်အနေနဲ့ တင်ပြအပ်ပါတယ်။ သို့မဟုတ် မွေးမြူထုတ်လုပ်မှုစရိတ်ကို ယခုထက် လျှော့ချ ဆောင်ရွက်နိုင်မှသာ အကျိုးအမြတ်ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဘက်စုံ၊ ထောင့်စုံက ဆောင်ရွက်နိုင်မှ သာလျှင် ရေရှည်မွေးမြူထုတ်လုပ်တဲ့ ငါးမွေးမြူရေးလုပ်ငန်းအဖြစ် ရပ်တည်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဖော်ပြပါအကြောင်းများကြောင့် ရေရှည်မှာ အောက်ဖော်ပြပါ အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ပါတယ်-

(၁) ငါးမွေးမြူထုတ်လုပ်မှုများ များစွာကျဆင်းသွားနိုင်ပါတယ်။

(၂) ရင်းနှီးမြုပ်နှံမှုဆိုင်ရာ ဆုံးရှုံးမှုများ များစွာဖြစ်ပေါ်လာနိုင်ပါတယ်။

(၃) လုပ်ငန်းရှင်များအနေနဲ့ ထပ်မံအရင်းနှီးပြုလုပ်ရန် အယုံအကြည်မရှိဖြစ်လာနိုင်ပါတယ်။

(၄) ငွေရေးကြေးရေးဆိုင်ရာအငြင်းပွားမှုနှင့် အမှုအခင်းတွေလည်း တိုးပွားလာနိုင်ပါတယ်။

(၅) ငါးဈေးနှုန်း ပိုမိုကြီးမြင့်လာပြီးတော့ ဈေးကွက်မှာဝယ်ယူစားသုံးသူတွေ အတွက်ကို အခက်အခဲတွေ လာရောက်တွေ့နိုင်ပါတယ်။

နောက်အလုပ်လက်မဲ့တွေပိုပြီးတော့ ဖြစ်ပေါ်လာနိုင်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး နှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးအပေါ်မှာလည်း ထိခိုက်နစ်နာနိုင်တဲ့ ပြဿနာတွေဖြစ်ပေါ်လာနိုင်ပါ တယ်။ ဒါကြောင့် ဖော်ပြပါအကျိုးဆက်တွေကို ကာကွယ်ဖို့ရာအတွက်ကို ထုတ်လုပ်မှုနဲ့ ရောင်းဝယ်မှု မျှတတဲ့ ငွေလဲလှယ်နှုန်းတစ်ခုဖြစ်မှသာ ငါးမွေးမြူရေးလုပ်ငန်း ပြန်လည်ရှင်သန်လာနိုင်မှာဖြစ်ပါ တယ်။ ဒါကြောင့် ငါးမွေမြူရေးလုပ်ငန်းများ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲများကို သိရှိနိုင်ရန် အတွက် ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ ဒ့ါကြောင့် ကျွန်တော်ရဲ့တင်ပြချက်ကို ပြည်သူ့လွှတ်တော်

ကနေပြီးတော့မှ မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန် ၁၁ း ၁၆။**

**ဦးတင်နိုင်သိန်း(ပြည်ထောင်စုဝန်ကြီး၊မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများ ကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့ သရင်းဂါရဝပြုအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းအောင်ရဲ့ မြင်းမူမြို့၊ မွေးမြူရေးနဲ့ ကုသရေး ဦးစီးဌာန ဓာတ်ခွဲခန်းကို ကျွဲ၊ နွားများ ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေး ထုတ်လုပ်နိုင်တဲ့ဓာတ်ခွဲခန်း အဖြစ် အဆင့်မြှင့်တင်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းချက်နှင့်စပ်လျဉ်းပြီး ကျွန်တော် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၇၅ ခုနှစ်ကစပြီး အင်းစိန်မြို့မှာ ခွာနာ၊ လျှာနာဓာတ်ခွဲခန်းထူထောင်လျက် ခွာနာ၊ လျှာနာ ရောဂါရှာဖွေရေးနဲ့ အရည်အသွေးပြည့်ဝသောကာကွယ်ဆေး ထုတ်လုပ်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး ခွာနာ၊ လျှာနာကာကွယ်ဆေးကို ၁၉၈၄ ခုနှစ်၊ ဧပြီလမှစတင်၍ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ခွာနာ၊ လျှာနာကာကွယ်ဆေးကို စုစုပေါင်း ကျွဲ၊ နွား ကောင်ရေ ၂၂၁၀၀၀ အတွက် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဟာ အင်းစိန် ကာကွယ်ဆေးထုတ်လုပ်ရေး ဓာတ်ခွဲခန်းအပြင် မြင်းမူဓာတ်ခွဲခန်းကိုအရန် ခွာနာ၊ လျှာနာ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေး ဓာတ်ခွဲခန်းအဖြစ် ဆောင်ရွက်သွားရန် မူလကရည်မှန်းချက်ထားရှိခဲ့ပါသော်လည်း အောက်ဖော်ပြပါအကြောင်းများကြောင့် ကာကွယ်ဆေးထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ဖြေကြားတင်ပြအပ်ပါတယ် -

(၁) ဓာတ်ခွဲခန်းတည်ရှိနေရာ မြေအောက်ရေဟာ ကာကွယ်ဆေးထုတ်လုပ်ရန် လိုအပ်တဲ့ အရည်အသွေးမပြည့်မီခြင်း၊

(၂) ကာကွယ်ဆေးထုတ်လုပ်ရန် အခြေခံအဆောက်အဦနဲ့ ပစ္စည်းကိရိယာပြည့်စုံမှုမရှိခြင်း၊

(၃) အင်းစိန်ဓာတ်ခွဲခန်းမှ ကာကွယ်ဆေးထုတ်လုပ်မှုဖြင့် လက်ရှိလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်မှုရှိခြင်း၊

(၄) ၎င်းနေရာတွင် ဓာတ်ခွဲခန်းတည်ဆောက်ခြင်းအားဖြင့် သယ်ယူပို့ဆောင်စရိတ်နှင့် ထုတ်လုပ်မှုစရိတ်များ ပိုမိုကုန်ကျနိုင်ခြင်း။

သို့ပါသော်လည်း မြင်းမူဓာတ်ခွဲခန်းတွင် လက်ရှိဆောင်ရွက်လျက်ရှိတဲ့ ကာကွယ်ဆေးသိုလှောင်ဖြန့်ဖြူးခြင်း၊ ရောဂါနမူနာပစ္စည်းများ ကောက်ယူပေးပို့ခြင်း၊ ရောဂါစူးစမ်းရှာဖွေထောက်လှမ်းခြင်း၊ နွားငယ်သွေးရည်ကြည်ထုတ်လုပ်ခြင်း စတဲ့လုပ်ငန်းများအပြင် ခွာနာ၊ လျှာနာရောဂါပိုးစစ်ဆေးခြင်း၊ ရောဂါပိုးအမျိုးအစားခွဲခြားခြင်း၊ သွေးရည်ကြည်စစ်ဆေးခြင်းတို့ကို Enzyme Linked Immuno-sorbent Assay (ELISA) နည်းဖြင့် စစ်ဆေးဆောင်ရွက်နိုင်ရေးအတွက် လိုအပ်တဲ့ဓါတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာများ၊ ဓာတုဗေဒ ပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ သင်တန်းပို့ချပေးခြင်းတို့ကို ဆောင်ရွက်၍ မြန်မာနိုင်ငံအထက်ပိုင်းဒေသများအတွက် ခွာနာ၊ လျှာနာရောဂါရှာဖွေရေး ဓာတ်ခွဲခန်းဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းနဲ့ပတ်သက်လို့ လွှတ်တော်ဘက်ကလုပ်ဆောင်ရတဲ့အချက်များကို ကိုယ်စားလှယ်ကြီးများကို တင်ပြလိုပါတယ်။ ကိုယ်စားလှယ်ကြီးများ မေးမြန်းလိုတဲ့ မေးခွန်းများ၊ တင်သွင်းလိုတဲ့အဆိုများကို သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌက စိစစ်ပြီး ဒီမေးခွန်း၊ ဒီအဆိုတွေကို မေးထားပါတယ်ဆိုတဲ့အကြောင်း အစိုးရအဖွဲ့ကို ပေးပို့ပါတယ်။ ထိုသို့ပေးပို့တဲ့အခါမှာ သက်ဆိုင်တဲ့ဝန်ကြီးဌာနများပါဖြေကြားနိုင်ဖို့၊ လေ့လာနိုင်ဖို့ တစ်ပါတည်းမိတ္တူပေးပို့ပါတယ်။ အစိုးရအဖွဲ့ကနေပြီးတော့ ဒီမေးခွန်းများကို ဖြေဖို့အသင့်ရှိတယ်၊ အဆိုများကို ပြန်လည်ဆွေးနွေးဖို့ အသင့်ရှိတယ်ဆိုတဲ့ ပြန်လည်အကြောင်းကြားစာပေါ်မူတည်ပြီးတော့ လွှတ်တော်အနေနဲ့ နေ့စဉ်အစီအစဉ်များမှာ ရေးဆွဲဆောင်ရွက်ရတာရှိပါတယ်။ ဒီပေါ်မူတည်ပြီးတဲ့အခါမှာ ပြောင်းလဲလာတဲ့အပေါ်မူတည်ပြီး အချိန်နဲ့လုပ်ဆောင်ချက် တွက်ချက်ပြီး နေ့စဉ် ညအချိန်ထိ နောက်တစ်ရက် ၉း၀၀နာရီမှာ ပြန်ထိုင်ပြီးတဲ့အခါမှာ ဒီအစီအစဉ်တွေ အတည်ပြုပေးရတဲ့ အနေအထားရှိပါတယ်။ ဒီလိုတင်ပြခြင်းဟာ လွှတ်တော်က မည်ကဲ့သို့ဆောင်ရွက်နေသလဲ၊ အစိုးရအဖွဲ့က မည်သို့ဆောင်ရွက်နေသလဲ၊ သက်ဆိုင်ရာဝန်ကြီးဌာနက မည်သို့ဆောင်ရွက်နေသလဲ ဆိုတာကိုသိရအောင် တင်ပြရခြင်းဖြစ်ပါတယ်။ အဲလိုတင်ပြတဲ့နေရာမှာ ဒီကနေ့ မင်းပြားမဲဆန္ဒနယ်မှ ဦးအောင်စိန်သာတင်ပြတဲ့ စားကျက်မြေနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးဖြစ်တဲ့ ဦးမြင့်လှိုင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားသွားပါတယ်။ ဖြေကြားတဲ့နေရာမှာ

ဝန်ကြီး ဒီလိုဖြေကြားပေးတဲ့အတွက်လည်း လွှတ်တော်ကိုယ်စား ဥက္ကဋ္ဌအနေနဲ့ ကျေးဇူးတင်ပါတယ်။ စားကျက်မြေကို စီမံခန့်ခွဲမှုပြုနိုင်တာက ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကပဲ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီအကြောင်းကိုလည်း သက်ဆိုင်ရာဝန်ကြီးက ဒီမှာရှင်းလင်းဖြေကြား သွားတဲ့အတွက် မည်သူ့မှာတာဝန်ရှိတယ်၊ မည်သူဖြေကြားရမယ်ဆိုတဲ့ဟာလည်း မိမိတို့ဘက်က သဘောပေါက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အစိုးရအဖွဲ့ဝန်ကြီးတစ်ဦးအနေနဲ့ တိုက်ရိုက်မသက်ဆိုင် သော်လည်း ဒီလိုဖြေကြားပေးတဲ့အတွက် လွှတ်တော်ဘက်က ကျေးဇူးတင်တယ်လို့ပဲ ပြောရမှာဖြစ်ပါ တယ်။ ထိုနည်းတူစွာပဲ မွေးမြူရေးနဲ့ပတ်သက်တဲ့မေးခွန်း မေးမြန်းတဲ့နေရာမှာ မေးရင်းနဲ့ မွေးမြူရေး ကိစ္စများကို ပြန်လည်ရှင်းလင်းတင်ပြတဲ့နေရာမှာ မွေးမြူရေးကန်များအတွက် အဓိကအခက်အခဲနဲ့ အန္တရာယ်က မွေးမြူရေးကန်များကို လာရောက်နှောင့်ယှက်ဖျက်ဆီးတယ်ဆိုတဲ့ဟာက အင်မတန်မှ ကြီးမားပါတယ်ဆိုတဲ့ကိစ္စ၊ ဒါနဲ့ပတ်သက်လို့ မိမိတို့တာဝန်ရှိတဲ့အချိန်တုန်းက နားလည်ဆောင်ရွက်ထား တာက မွေးမြူရေးကန်များ၊ စိုက်ပျိုးရေးစိုက်ခင်းများ၊ ကာကွယ်ရေးနဲ့လုံခြုံရေးအစီအမံများဖြင့် ဆောင်ရွက်ဖို့ဆိုတဲ့ဟာ လည်းရှိပြီးသားကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ မွေးမြူရေးကန်များ၊ စိုက်ပျိုးရေးစိုက်ခင်းများ၊ ကာကွယ်ရေးနဲ့လုံခြုံရေးအတွက်ကိုလည်း သက်ဆိုင်ရာဌာနများက တာဝန်ယူကူညီဆောင်ရွက်ပေးမှာဖြစ်တဲ့အတွက် ဤကဲ့သို့ခြံများ၊ မွေးမြူရေးကန်များ တည်ထောင် ဆောင်ရွက်ထားတဲ့ ပုဂ္ဂိုလ်များအနေနဲ့လည်း သက်ဆိုင်ရာဌာနများနဲ့ ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း လည်း ကျွန်တော့်အနေနဲ့ ဒီကနေပြီးတော့ ပြန်လည်တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။ နွားမွေးမြူရေး နဲ့ပတ်သက်လို့ သက်ဆိုင်ရာနယ်မြေမှာ တာဝန်ယူထားကြတဲ့ ပြည်သူ့ကိုယ်စားလှယ်များအနေနဲ့ ကျွန်တော့်ဆီကို သီးခြားဥက္ကဋ္ဌလိပ်မူပြီး တင်ပြထားတာလည်းရှိပါတယ်။ ဒီမှာလည်း မွေးမြူရေးသမား များရဲ့ အခက်အခဲဖြစ်ပေါ်လာနိုင်တဲ့ နောက်ဆက်တွဲပြဿနာများလည်းပါဝင်ပါတယ်။ သို့ပါ၍ ဒီနေ့ တင်ပြတဲ့ ခရမ်းမဲဆန္ဒနယ်မြေက ဦးမောင်မောင်သိမ်း တင်ပြခဲ့တဲ့အခါမှာ ပိုပြီးတော့ပြည့်ပြည့်စုံစုံ သိရှိရပါတယ်။ ဒီလိုသိရှိတဲ့နေရာမှာ မိမိတစ်ဦးတည်းမဟုတ်ဘဲနဲ့ လွှတ်တော်ကိုယ်စားလှယ်များ သိရှိထားခြင်းအားဖြင့် မိမိတို့နယ်မြေအတွင်းမှာ မွေးမြူရေး သို့မဟုတ်လို့ရှိရင် စိုက်ပျိုးရေး သို့မဟုတ်ရင် ရင်းနှီးမြုပ်နှံသူများ အခက်အခဲမရှိရအောင်နဲ့ နိုင်ငံတော်အတွက်ပါ ဖြစ်ပေါ်လာနိုင်တဲ့ အခက်အခဲများကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ကပါ ပါဝင်ဆောင်ရွက် ဖြေရှင်းပေးခြင်း အားဖြင့် နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးများ ဆောင်ရွက်နိုင်မယ်လို့ ဒီလိုပဲယုံကြည်ပါတယ်။ ထိုနည်းတူစွာပဲ ငွေရေးကြေးရေးလဲလှယ်မှု ပြောင်းလဲနေမှုများဟာလည်း အစိုးရအဖွဲ့ဘဏ်နဲ့သာ သက်ဆိုင်တာမဟုတ်ဘဲနဲ့ မိမိတို့ပြည်သူများနဲ့ပါသက်ဆိုင်တယ်။ အထူးသဖြင့်တော့လည်း

ပြည်သူ့ကိုယ်စားလှယ်များက ပိုပြီးတော့ အလေးထား စဉ်းစားရမှာဖြစ်တဲ့အတွက် ဒီကိစ္စကိုလည်း လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အလေးထားစဉ်းစားပေးတဲ့အခါမှာ ဘဏ်နဲ့အတူ၊ နိုင်ငံတော်အစိုးရနဲ့အတူ ပြည်သူများရဲ့စီးပွားရေး၊ လူမှုရေးဘဝ မြင့်မားရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမှာဖြစ်တယ်လို့ ဒီလိုပဲမြင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ဒီမှာ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းနဲ့ပတ်သက်ပြီးတော့ အချိန်ကိုတန်ဖိုးရှိရှိ အသုံးပြုနိုင်ဖို့နဲ့ မေးခွန်းအဆိုများ ကျစ်လစ်ပြီး အမှားအယွင်းနည်းစေဖို့အတွက် မိမိအနေနဲ့ မိမိလွှတ်တော်အနေနဲ့ စာနဲ့တင်သွင်းမေးမြန်းခြင်းကို ကြိုတင်အားလုံးခွင့်ပြုထားပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့မေးမြန်းလိုတဲ့ အဆိုတင်သွင်းလိုတဲ့အချက်များကို စာဖြင့်ရေးသား တင်ပြကြပါ။ ရေးသားတဲ့နေရာမှာ အချိန်မကုန်ရအောင်နဲ့ ကျစ်လစ်အောင်၊ အမှားအယွင်းနည်းအောင်၊ ကြိုတင်ဆောင်ရွက်နိုင်ကြောင်း အသိပေးပြောကြား လိုပါတယ်။ ယခုအစည်းအဝေးကို နာရီဝက်ခန့် ရပ်နားပါမယ်။

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။]

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးစိုးသာ၊ တွံတေးမဲဆန္ဒနယ်၏ "စျေးကွက်တွင်ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းကျဆင်းမှုကြောင့် အခက်အခဲကြုံတွေ့နေရသည့် ပြည်တွင်း စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးပါရန်" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုများဆွေးနွေးခြင်း ဖြစ်ပါတယ်။ မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊၁၁ း ၅၇။**

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသော

ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဒွေးမြင့် ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်၏ ထောက်ခံဆွေးနွေးခြင်းကို ဖတ်ကြားခွင့်ပြုပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးသာတင်သွင်းခဲ့သည့် အမေရိကန်ဒေါ်လာနှင့် မြန်မာငွေလဲလှယ်နှုန်းကျဆင်းမှု ကြောင့်ကြုံတွေ့နေရသော စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးပါရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ် ခင်ဗျား။ ယခုအခါ ပြည်သူများဟာ မိမိတို့ဆန္ဒနှင့်အညီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ပြီး ၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့်အစိုးရအဖွဲ့ဝင်တွေကို လွှတ်တော် အရပ်ရပ်မှသဘောတူပြီး အုပ်ချုပ်ရေးအာဏာအပ်နှင်း၍ အုပ်ချုပ်မှုယန္တရားများ စတင်လည်ပတ်ပြီးတော့ အရှိန်ရရှိလျက်ရှိ နေပြီးအချိန်လည်း ဖြစ်ပါတယ်။ ထို့နည်းတူပဲ ပြည်သူ့လွှတ်တော်အနေဖြင့်လည်း ၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကော်မတီအရပ်ရပ် ဖွဲ့စည်းခြင်း၊ ကော်မရှင်များ ဖွဲ့စည်းခြင်းတို့ကိုလည်းပဲဆောင်ရွက်ပြီး ဥပဒေပြုရေး အာဏာကို ဆောင်ရွက်ရန်အတွက် ဥပဒေပြုမှုယန္တရားများ စတင်လည်ပတ်နေပြီး ဖြစ်ပါတယ်ခင်ဗျား။ ယင်းသို့ ဆောင်ရွက်တဲ့နေရာမှာ လွှတ်တော်အနေဖြင့် ပြည်သူ့အသံ-လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက်-လွှတ်တော်ကဖော်ဆောင်ရွက်ဆိုသော ဆောင်ပုဒ်နှင့်အညီ ပြည်သူများ ယနေ့ ကြုံတွေ့နေရသော စီးပွားရေးအခက်အခဲများ၊ လူမှုရေးအခက်အခဲများကို ဥပဒေပြုရေးအာဏာ ရှိသော လွှတ်တော်အရပ်ရပ်နှင့် အုပ်ချုပ်ရေးအာဏာရှိသောအစိုးရတို့ ပူးပေါင်းဆောင်ရွက်ပြီး ဖြေရှင်းမှသာလျှင် ပြည်သူလူထုတစ်ရပ်လုံး စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်လာပြီး လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများပါ အဆင်ပြေချောမွေ့လာမည်ဟု ယူဆပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်တွင် နိုင်ငံတိုင်းသည် မိမိရဲ့နိုင်ငံကို ကာကွယ်စောင့်ရှောက်ဖို့ အတွက် စစ်ရေးစွမ်းရည်၊ တည်ငြိမ်အေးချမ်းရေးအတွက်နိုင်ငံရေးစွမ်းရည်၊ တိုးတက်ဖွံ့ဖြိုးရေးအတွက် စီးပွားရေးစွမ်းရည် လိုအပ်ချက်တို့ဟာ ခွဲခြားမရသော ကဏ္ဍကြီးအဖြစ် တည်ရှိနေကြတာကို တွေ့မြင် ရမှာပါ ခင်ဗျား။ နိုင်ငံရေးတည်ငြိမ်ဖို့အတွက် ပြည်သူများစီးပွားရေးကောင်းမွန်လာအောင် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရန် လိုအပ်သလို နိုင်ငံတော်ကာကွယ်ရေးအတွက်လည်း စီးပွားရေးတောင့်တင်းဖို့ အထူးအရေးကြီးတယ်လို့ ယူဆတင်ပြပါတယ်ခင်ဗျား။ ဒီကနေ့ မြန်မာပြည်

သည် ဖွံ့ဖြိုးတိုးတက်မှုအစစအရာရာ နောက်ကျခဲ့သည်ဟုလည်း ဝန်ခံရမည်ဖြစ်ပါတယ်။ ဝန်ခံတတ်မှ ပြုပြင်ပြောင်းလဲ၍ ရနိုင်သည်ဟု လူကြီးသူမများက အဆိုအမိန့်ရှိခဲ့ပါတယ်။ ပြောင်းလဲသင့်သည်ကို ပြောင်းလဲရန်လိုပါမည်။ အချိန်က လူကိုမစောင့်။ ဒါကြောင့် ပြည်သူအတွက် ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများက စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသော နိုင်ငံတော်အဖြစ်သို့ ရောက်ရှိအောင် အဘက်ဘက်မှ လုပ်ဆောင်ရမည့်အချိန် ရောက်ရှိနေပါပြီ ဟုလည်းယူဆပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ လတ်တလောဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်း ကျဆင်းနေခြင်းသည် မိမိနိုင်ငံ၏ ကုန်ထုတ်စွမ်းအားကို ကျဆင်းဆုတ်ယုတ်စေပြီး လယ်သမားများ၊ အလုပ်သမားများ၊ နိုင်ငံခြားငွေကြေးဖြင့် ခံစားရသောဝန်ထမ်းများ၊ ပြည်ပတိုင်းပြည်များတွင် သွားရောက်လုပ်ကိုင်လျက်ရှိသော ပြည်သူများ၊ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအားလုံး နစ်နာဆုံးရှုံးရပြီး လုပ်ငန်းရပ်တန့်သည်အထိ ကြုံတွေ့နေရပြီဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ငန်းများပုံမှန်လည်ပတ်ရန် ရည်ရွယ်ပြီးဖြေလျော့ဆောင်ရွက်လျက် ရှိနေတာကိုလည်းတွေ့ရှိရ၍ ပြည်သူများမှာလည်း အဆင်ပြေမှုရှိ၍ ဝမ်းသာကျေးဇူးတင်နေကြပါတယ်။၂၀၁၁ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင် တောင်သူလယ်သမားများ၊ လုပ်ငန်းလုပ်ကိုင်သူများအားလုံးအတွက် ဖြေလျော့မှုသက်သာရာရစေရန် အတွက် ရည်ရွယ်ပြီးတော့ ထုတ်ပြန်ခဲ့သော်လည်း လယ်ယာကိုင်းကျွန်းနှင့် လယ်ယာထွက်ကုန်ပစ္စည်းများအစား ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရာဘာတို့ကိုသာ ပါဝင်ကြောင်း တွေ့ရှိရတဲ့အတွက်ကြောင့်မို့လို့ တောင်သူလယ်သမားများနှင့် လုပ်ငန်းလုပ်ကိုင်သူအားလုံးအတွက် အကျုံးဝင်သော ဖြေလျော့ခြင်းမျိုးမဟုတ်ဘဲနဲ့ အကြောင်းအရာတစ်ခုချင်း အပေါ်တွင်သာ အခြေခံ၍ ထုတ်ပြန်ခြင်းမျိုးသဘော သက်ရောက်သောကြောင့် ပြည်သူ့ယုံကြည်မှု အပြည့်အဝမရခြင်းကိုလည်း သတိပြုမိပါတယ်။ ငွေကြေးတည်ငြိမ်မှုသည် ယုံကြည်စိတ်ချမှု ဘယ်လောက်ရှိသည့်အပေါ်တွင် များစွာမူတည်လျက်ရှိသည့်အတွက် မြင်သာထင်သာရှိသည့် အပြောင်းအလဲများလုပ်ဆောင်ရန် အရေးတကြီး လိုအပ်ပါသည်ဟု ယူဆပါတယ်ခင်ဗျား။ သယ်ယူပို့ဆောင်ရေးစရိတ်ကြီးမြင့်မှုကြောင့် ကုန်ထုတ်လုပ်ငန်းများသည် မိမိရောင်းရသောငွေ၏ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ကုန်ကျနေခြင်းကိုလည်း အလေးထား၍ မော်တော်ယာဉ်ဈေးနှုန်း ကြီးမြင့်ခြင်းမရှိစေရန်နှင့် ဥပဒေနှင့်ကိုက်ညီသည့် တင်သွင်းမှုများကိုအလျင်အမြန် ခွင့်ပြုဆောင်ရွက်ဖို့လည်း အချိန်ရောက်ရှိနေပြီဟု ယူဆလိုပါတယ်။ ပြည်သူများ လုပ်သာကိုင်သာရှိစေရန် ငွေကြေးစနစ်နှင့် ဘဏ်တိုးနှုန်းများကို ခေတ်စနစ်နှင့်လျော်ညီစွာ ပြောင်းလဲပြုပြင်သင့်ပါတယ်။ သွင်းကုန်ထုတ်ကုန်လိုင်စင်များ ဆောင်ရွက်ရာတွင်

လည်းပဲ အာဆီယံနိုင်ငံများ၏စံနှုန်းများဖြင့် ဆောင်ရွက်ရန်လိုအပ်သလိုနည်းဥပဒေ၊ အမိန့်ကြော်ငြာစာများသည် ခေတ်စနစ်နှင့် ကိုက်ညီခြင်းရှိမရှိ။ ဥပဒေနှင့်ကိုက်ညီခြင်း ရှိ၊ မရှိ။ ပြန်လည်ဆန်းစစ်ပြီး လွယ်ကူမြန်ဆန်ပြီး တိကျပြတ်သားသော စီးပွားရေး၊ ဈေးကွက်စီးပွားရေးစနစ်သို့ ရောက်ရှိအောင် ဆောင်ရွက်ရမည့် အချိန်လည်းကျရောက်နေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံ၍ စက်မှုနိုင်ငံအဖြစ် တည်ဆောက်မှသာလျှင် ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည်ဟု သုံးသပ်တွေ့ရှိရပါတယ်။ ဒါကြောင့်အိမ်နီးနားချင်းနိုင်ငံများနဲ့ နှိုင်းယှဉ်လျှင် မြင်လွယ်သိလွယ်သော ဆန်ထုတ်လုပ်မှု၊ ပြောင်းထုတ်လုပ်မှု၊ သကြားထုတ်လုပ်မှု၊ ဆီထွက်သီးနှံ ထုတ်လုပ်မှုနှင့် အသားငါး ထွက်ကုန်စာရင်းများကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ လွယ်ကူစွာ သိရှိတွေ့မြင်နိုင်ကြပါပြီ။ ပုံစံအားဖြင့် စိုက်ပျိုးမြေဧက၊ လူဦးရေ၊ စိုက်ပျိုးသီးနှံ၊ ထွက်ရှိလာသည့် အနေအထား၊ ဝယ်ယူစားသုံးမှု အနေအထား၊ တစ်ဦးချင်းဝင်ငွေ၊ တစ်ဧကဝင်ငွေတို့ကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံတွင် လိုအပ်ချက်အသီးသီးရှိနေကြောင်း တွေ့မြင်ကြရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည်တွင် နိုင်ငံရေးပြောင်းလဲပြီး ပြည်သူများအားတက်သရောနှင့် စီးပွားရေးတိုးတက်အောင် လုပ်ဆောင်နိုင်ရန်အတွက် မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို စောင့်စားမျှော်လင့်လျက်ရှိကြသော်လည်းပဲ စီးပွားရေးပြောင်းလဲမှုများက တုံ့နှေးကြန့်ကြာခြင်း၊ တင်းကျပ်သော စီးပွားရေးပေါ်လစီများ ဆက်လက်ကျင့်သုံးနေခြင်း၊ လုပ်ပိုင်ခွင့်ကိုအကြောင်းပြု၍ ဥပဒေနှင့်မညီညွတ်သော၊ မလျော်ကန်သော စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲထုတ်ပြန်ခြင်းနှင့် ညွှန်ကြားခြင်းများသည် ဒီကနေ့ရေပန်းစားလျက်ရှိနေသည့် အတွက်ကြောင့်မို့လို့ ယခုအခါ တောင်သူလယ်သမားများ၊ ဝင်ငွေနည်းလုပ်သားများ အပါအဝင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ အကြီး၊ အသေး လုပ်ငန်းရှင်များအားလုံး စီးပွားပျက်မည့်အန္တရာယ်နှင့် ကြုံတွေ့လျက်ရှိပြီး များစွာခက်ခဲလျက်ရှိသည့် အခြေအနေသို့ ရောက်ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါတယ်။ ဥပမာအားဖြင့် ပြောမယ်ဆိုလျှင် ဒီကနေ့ထုတ်နေတဲ့ မဂ္ဂဇင်း၊ ဂျာနယ်များမှာ အသားပေးဖော်ပြနေတာကိုလည်းပဲ လေ့လာတွေ့ရှိကြမှာဖြစ်ပါတယ်။ လက်တွေ့ကြုံတွေ့နေရသော စီးပွားရေးလုပ်ငန်းများ၏အခြေအနေကို ဥပမာဖြင့် ရှင်းလင်းတင်ပြလိုပါတယ်။

၂၀၁၀ခုနှစ်၊ ဩဂုတ်လမှစ၍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူတစ်ဦးအနေဖြင့် ပြည်ပပို့ကုန် သို့မဟုတ် ပြည်ပဈေးနှုန်းနှင့် ယှဉ်ရောင်းချနိုင်ရန်စိုက်ပျိုးရေးလုပ်ငန်း ဒါမှမဟုတ်မွေးမြူရေးလုပ်ငန်းကို စီမံချက်ထား၍ ဒေါ်လာတစ်သိန်း ဝင်ငွေရရှိအောင် ရည်မှန်းပြီးတော့ ရင်းနှီးမြှုပ်နှံခဲ့တဲ့အချိန်မှာ မိမိကိုယ်ပိုင်

ငွေ ၅၀ ရာခိုင်နှုန်း၊ ဘဏ်ချေးငွေ ၅၀ ရာခိုင်နှုန်း၊ ထိုအချိန်က ကျပ်သိန်း ၁၀၀၀ ကို ရင်းနှီးမြှုပ်နှံခဲ့သည်ဆိုကြပါစို့။ တစ်နှစ်ပြည့်သည့်အခါ သားငါးသီးနှံများ ရောင်းချရန် ရိတ်သိမ်းထုတ်လုပ်ချိန်တွင် လုပ်ငန်းအရ ချွတ်ယွင်းခြင်းမရှိဘူး။ ရာသီဥတုအရပျက်စီးမှု မရှိဘူး။ အောင်မြင်စွာ ဖြစ်ထွန်းအောင် လုပ်ကိုင်နိုင်သော လုပ်ငန်းကြီး/ငယ်များမှာပင်လျှင် မြန်မာငွေနှင့် ဒေါ်လာဈေးဖလှယ်နှုန်းကြောင့် ကျပ် ၁၀၀၀ မှ ၇၀၀ ကျပ်အထိ ကျဆင်းခြင်း၊ ဘဏ်တိုးနှုန်း ကြီးမြင့်ခြင်း၊ သယ်ယူပို့ဆောင်ရေး စရိတ်နှင့် အခြားစရိတ်စကများ ကြီးမြင့်ခြင်း တို့ကြောင့် စီးပွားရေးကျဆုံးကြရပါတယ်။ စီးပွားရေး ကျဆုံးရခြင်း အကြောင်းတစ်ရပ်ကို ရင်းနှီးစိုက်ထုတ်ငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ပုံစံပြုတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီကနေ့ပေါက်ဈေးဖြင့် ယခုရောင်းရငွေဒေါ်လာတစ်သိန်း မြန်မာငွေ ကျပ်သိန်း ၇၀၀၊ ချေးငွေသိန်း ၅၀၀၊ ၅၀ ရာခိုင်နှုန်း၊ ဘဏ်တိုး ၁၇ ရာခိုင်နှုန်း၊ ဝန်ဆောင်ခ တစ်ရာခိုင်နှုန်း သုံးလတစ်ကြိမ် အတိုးပေးရခြင်း၊ မီးအာမခံနှင့်အခြားစရိတ်များပေးရခြင်းတို့ကြောင့် ဘဏ်တိုးတစ်နှစ်လျှင် ၂၀ ရာခိုင်နှုန်းခန့် ကုန်ကျလျက်ရှိသည့် အတွက်ကြောင့်မို့လို့ ကုန်ကျငွေ သိန်း ၁၀၀၊ သယ်ယူပို့ဆောင်မှု ယခင်နှစ်ထက် မြင့်တက်လာသည့်အတွက် ယခင်ကုန်ကျငွေထက် ပိုမိုကုန်ကျငွေ ရောင်းရငွေ အပေါ်တွင် ၁၀ ရာခိုင်နှုန်း သိန်း ၇၀၊ တစ်နှစ်အတွင်းမှာ လုပ်အားခနှင့် အခြားစရိတ်များ မြင့်တက်လာမှုကြောင့်ပိုမိုကုန်ကျငွေ ၅ ရာခိုင်နှုန်း၊ ရောင်းရငွေအပေါ် ၃၅ သိန်း၊ ရောင်းရငွေသိန်း ၇၀၀ ပေါ်တွင်ပုံမှန်ထက်ကုန်ကျစရိတ် ၂၀၅ သိန်းနှင့် ငွေဖလှယ်နှုန်း ကျဆင်းမှုကြောင့် ခံစားရသောစရိတ် သိန်း ၃၀၀ ဖြစ်၍ စုစုပေါင်း ၅၀၅ သိန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်အကြီး၊ အသေးများသည်ဘဏ်ချေးငွေ သိန်း ၅၀၀ ပြန်ဆပ်လိုက်သည်နှင့် အရင်းပျောက် ပြီးစီးပွားပျက်ရခြင်း သို့မဟုတ် ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိ၍ လူလိမ်၊ လူကောက်ဘဝသို့ ရောက်ရှိခြင်းစသည့် အန္တရာယ်ဆိုးနှင့်ကြုံတွေ့နေရသည်ကို မြင်သာထင်သာရှိအောင် ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်း တစ်နှစ်အတွင်း ဒေါ်လာ ၁၀၀၀ ကျပ်မှ ၇၀၀ ကျပ်အထိ ကျဆင်းခဲ့၍ ၃၀ ရာခိုင်နှုန်းအထိ ငွေကြေးကျဆင်းမှုကို ကြုံတွေ့နေရသဖြင့် လုပ်ငန်းများ လုပ်ကိုင်လိုသော်လည်းပဲ လုပ်ငန်းများဆက်လက်လုပ်ကိုင်ရန် အခက်အခဲများ ဘက်ပေါင်းစုံမှ ကြုံတွေ့နေရသော အချိန်ရောက်ရှိနေပါ၍ နည်းလမ်းမျိုးစုံဖြင့် လုပ်ငန်းများ ပုံမှန်လည်ပတ်လာစေရန် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာတို့ဖြင့် လွှတ်တော် အရပ်ရပ်နှင့် အစိုးရတို့မှအချိန်နှင့် တစ်ပြေးညီ ဖြေရှင်းကူညီဆောင်ရွက်ပေးပါရန် အချိန်အခါ ရောက်ရှိနေပြီဟုယူဆပါကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ အမေရိကန်ဒေါ်လာနှင့် မြန်မာငွေ လဲလှယ်နှုန်းကျဆင်းမှုကြောင့် ကြုံတွေ့နေရသော စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး

ဆောင်ရွက်ပေးပါရန် အဆိုရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာတင်ပြသည့် အဆိုအား လိုက်လိုက်လှဲလှဲ ကြိုဆိုထောက်ခံအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း ၁၀။**

**ဒေါက်တာဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ ဧည့်သည်တော်များကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့ဆွေးနွေးမယ့် အကြောင်းအရာကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ တင်ပြဆွေးနွေးခဲ့သော ဈေးကွက်အတွင်း ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်း ကျဆင်းမှုကြောင့်အခက်အခဲ ကြုံတွေ့နေရသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးပါရန်အဆိုနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ကျွန်တော်ဒီနေ့တင်ပြဆွေးနွေးမယ့် ဆွေးနွေးချက်ကို အပိုင်းနှစ်ပိုင်းခွဲပြီးတော့ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ပထမအပိုင်းကတော့ အဆိုရှင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးခြင်းနှင့် ဒုတိယအပိုင်းကတော့ ဖြည့်စွက်ဆွေးနွေးခြင်းအပိုင်းဆိုပြီး နှစ်ပိုင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမအပိုင်းဖြစ်တဲ့ ထောက်ခံဆွေးနွေးခြင်းအပိုင်းအနေနဲ့ ကျွန်တော်တို့ ယနေ့အချိန်မှာ နိုင်ငံတော်ရဲ့ကုန်ထုတ်လုပ်ငန်းများဖြစ်တဲ့လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုလက်မှု လုပ်ငန်းများ အထူးသဖြင့်အထည်ချုပ်လုပ်ငန်းများဟာ ယနေ့ဖြစ်ပေါ်နေတဲ့ နိုင်ငံခြားငွေ လဲလှယ်နှုန်း ကျဆင်းမှုကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ် ကာမိခြင်းမရှိတော့ပါသဖြင့် လုပ်ငန်းများ ရပ်ဆိုင်းရတော့မည့် အခြေအနေ၊ ဆက်လက်လုပ်ကိုင်ရန် အခက်အခဲရှိသည့်အခြေအနေဖြင့် ကြုံတွေ့နေရသည်မှာ မှန်ကန်ပါသဖြင့် နိုင်ငံတော်မှစီမံဆောင်ရွက်ပေးရန်လိုအပ်နေကြောင်း ထင်ရှားပါတယ်။ ထို့အတွက် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ၏ ဈေးကွက်အတွင်း ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းကျဆင်းမှုကြောင့်အခက်အခဲ ကြုံတွေ့နေရသော ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးပါရန်အဆိုကို ထောက်ခံပါကြောင်းဆွေးနွေးအပ်ပါတယ်။

အပိုင်း ၂ အနေနဲ့ မိမိအနေနဲ့ ဖြည့်စွက်ဆွေးနွေးခြင်းအပိုင်းကို ဆက်လက်ဆွေးနွေး တင်ပြလိုပါတယ်။ အထက်ပါ အဆိုနှင့်ပတ်သက်၍ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြလိုသည်မှာ ၎င်းလုပ်ငန်းများကို ပုံမှန်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန် လိုသည့်အချက်မှာ ကျဆင်းနေသော ငွေလဲနှုန်းကို ထုတ်လုပ်သူများလုပ်နိုင်ကိုင်နိုင်ရှိစေမည့် ငွေလဲနှုန်းဖြစ်စေရန်အတွက် ဆောင်ရွက်စီမံပေးရန်လိုမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ငွေလဲလှယ်နှုန်းကျနေရာမှ တက်လာမည်ဖြစ်ပါသည်။ ထိုအခါ တက်လာသော ငွေဈေးနှုန်းကြောင့် စားသုံးသူများအတွက် အတန်ငယ် ကုန်ဈေးနှုန်းတက်လာမည် ဖြစ်ပါသည်။ သို့ပါ၍ ငွေလဲလှယ်နှုန်းကို ထုတ်လုပ်သူများ လုပ်သာကိုင်သာရှိအောင် ဆောင်ရွက်ပေးတဲ့နေရာမှာ ထုတ်လုပ်သူများနှင့် စားသုံးသူများ နှစ်ဖက်မျှတသော အခြေအနေတစ်ခုကိုတွက်ချက်ပြီး ၎င်းဈေးနှုန်းဝန်းကျင်တွင် ရှိနေစေရေးအတွက် စီမံဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

မိမိအနေဖြင့် တင်ပြလိုသည်မှာ မိမိနိုင်ငံမှာရှိနေသော အမေရိကန်ဒေါ်လာငွေလဲနှုန်းကို ထုတ်လုပ်သူနှင့် စားသုံးသူ နှစ်ဖက်အဆင်ပြေမည့် ဈေးနှုန်းတစ်ခုတွင် တည်ငြိမ်နေစေရန်အတွက် စီမံဆောင်ရွက်ပေးရန်လိုအပ်ကြောင်း တင်ပြလိုခြင်း ဖြစ်ပါသည်။ ဒီကိစ္စနှင့်ပတ်သက်ပြီး မကြာမီက နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပခြင်းရှိခဲ့ပါသည်။ ၎င်းအလုပ်ရုံဆွေးနွေးပွဲမှာ နိုင်ငံတော်သမ္မတအကြံပေးပုဂ္ဂိုလ်ဦးမြင့်မှ စာတမ်းပြုစု၍ တင်ပြပေးထားသော အဆိုများကို အခြေခံ၍ ဆက်လက်ဆွေးနွေးတင်ပြလိုပါသည်။ ဦးမြင့်၏စာတမ်းတွင် ငွေကြေးဈေးကွက်တည်ငြိမ်စေရေးအတွက် အကြံပေးဆောင်ရွက်ချက်များ တင်ပြထားသည်ကို တွေ့ရှိရပါသည်။ ၎င်းအကြံပေး ဆောင်ရွက်ချက်များနှင့် ဆောင်ရွက်နိုင်သော နည်းလမ်းများမှာ (၁)အတိုးနှုန်းကို ချိန်ညှိပေးခြင်း(၂)ပို့ကုန်သွင်းကုန်မူဝါဒများဖြင့် ထိန်းညှိပေးခြင်းဖြင့် ငွေဈေးနှုန်းကိုထိန်းညှိပေးခြင်း (၃)Supply and Demand ဝယ်လိုအား၊ ရောင်းလိုအားကို ထိန်ညှိပေးခြင်းဖြင့် ငွေကြေးဈေးနှုန်းကို ထိန်းညှိပေးခြင်းဆိုပြီးတော့ အခြားနည်းလမ်းများနဲ့ နည်းလမ်း(၃)သွယ်ကို ကျွန်တော်ဖော်ပြလိုပါတယ်။

ပထမနည်းလမ်းဖြစ်တဲ့ အတိုးနှုန်းကို ထိန်းညှိပေးခြင်းဆိုတဲ့ နည်းလမ်းကလည်းပဲ ကျွန်တော်တို့နိုင်ငံမှာ အတိုးနှုန်းတွေ ကောင်းတဲ့အတွက်ကြောင့်မို့ နိုင်ငံခြားမှငွေများ ဝင်ရောက်လာတဲ့ အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံမှာ ငွေကြေးလဲလှယ်မှုနှုန်းတွေ ကျဆင်းနေရတယ်ဆိုတဲ့ အယူအဆကြောင့် တင်ပြထားခြင်း ဖြစ်ပါတယ်။ ဆောင်ရွက်လည်း ဆောင်ရွက်နိုင်လို့ရတဲ့ နည်းလမ်းဖြစ်ပါတယ်။ သို့သော်လည်းပဲ ထိုကဲ့သို့ ဆောင်ရွက်တဲ့နေရာမှာ အတိုးနှုန်းတွေ ချလိုက်မယ်

ဆိုလို့ရှိရင် (၁)အတိုးနှုန်းပေါ်မှာ မှီပြီးတော့နေရတဲ့ ကျွန်တော်တို့ ပင်စင်စားတွေရဲ့ ရပ်တည်မှု အနေအထား၊ လူလတ်တန်းစားတွေရဲ့ အနေအထား ထိခိုက်နိုင်မှု တစ်ခုရှိနိုင်ပါတယ်။ (၂)အနေနဲ့ ကတော့ ငွေအပ်နှံသူတွေအနေနဲ့ စိုးရိမ်မှုလွန်ကဲလာပြီးတော့ အပ်နှံငွေတွေ ပြန်လည်ထုတ်ယူကြမယ် ဆိုလို့ရှိရင် ဘဏ်အကျပ်အတည်းပေါ်ပေါက်လာနိုင်ပါတယ်။ သို့ပါ၍ ပထမနည်းလမ်းကို သုံးစွဲတဲ့ နေရာမှာ သတိထားပြီးတော့ သုံးစွဲဖို့လိုအပ်မယ် ဖြစ်ပါတယ်။ ဒုတိယနည်းလမ်းဖြစ်တဲ့ ပို့ကုန်မူဝါဒ ထိန်းချုပ်ပေးခြင်းကတော့ ကျွန်တော်တို့နိုင်ငံမှာ ပို့ကုန်တွေ ဝင်ငွေများနေတဲ့အတွက်ကြောင့်မို့လို့ ငွေလဲလှယ်နှုန်းတွေ ကျနေတယ်လို့ယူဆတဲ့ အယူအဆနဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဲဒီမှာတော့ ဆရာဦးမြင့်က တင်ပြထားတာက တကယ်လို့များ ငွေလဲလှယ်နှုန်းတွေ တိုးတက်စေချင်တယ်ဆိုလို့ ရှိရင်တော့ ကုန်သွယ်မှုမူဝါဒတစ်ခုဖြစ်တဲ့ ကျောက်မျက်လေလံပွဲတွေကို အကြိမ်အရေအတွက် လျှော့ပြီး ကျင်းပဖို့ဆိုပြီးတော့ ကုန်သွယ်မှုမူဝါဒနဲ့ ငွေလဲလှယ်မှုနှုန်းကို ထိန်းကျောင်းတဲ့နည်းစနစ် ဥပမာပြထားခြင်း ဖြစ်ပါတယ်။ ဒါကလည်းပဲ ဈေးကွက်စီးပွားရေးစနစ်ကို ထိခိုက်စေနိုင်တဲ့ အတွက်ကြောင့်မို့လို့ လိုအပ်မှသာလျှင် သုံးစွဲရန်သင့်ကြောင်း မိမိအနေနဲ့ ဆွေးနွေးလိုပါတယ်။ အမှတ်(၃)ဖြစ်တဲ့ ဝယ်လိုအား၊ ရောင်းလိုအားအပေါ်မှာတည်မှီနေတဲ့ ကုန်ဈေးနှုန်းကို ဝယ်လိုအား၊ ရောင်းလိုအားကို ချိန်ညှိပေးခြင်းအားဖြင့် တည်ငြိမ်တဲ့ဈေးနှုန်းတစ်ခု ရောက်အောင်ဆောင်ရွက်တဲ့ နည်းလမ်းဖြစ်ပါတယ်။ ဒီနည်းလမ်းကတော့ လက်တွေ့သုံးစွဲရာမှာ လွယ်ကူပြီး အလျင်အမြန်လည်း ဆောင်ရွက်လို့ရတဲ့အတွက်ကြောင့်မို့လို့ ဆောင်ရွက်နိုင်ရန်အတွက် တင်ပြလိုပါတယ်။ ဒီနေရာမှာ ဆရာဦးမြင့်က တင်ပြထားတဲ့နေရာမှာ ဝယ်လိုအားဆိုတဲ့နေရာမှာ (၃) မျိုးရှိကြောင်း တင်ပြထားတာ တွေ့ရှိရပါတယ်။ ပထမဝယ်လိုအားကတော့ အမှန်တကယ် သုံးစွဲရန်အတွက် လိုအပ်သော ဝယ်လိုအား ဖြစ်ပြီးတော့ ဒုတိယဝယ်လိုအားကတော့ စိုးရိမ်စိတ်အတွက် ကြိုတင်ပြီးတော့ အရန်အဖြစ် ဝယ်ယူချင်တဲ့ ဝယ်လိုအားဖြစ်ပါတယ်။ တတိယဝယ်လိုအားကတော့ ဈေးကစားရန်အတွက် Speculative Demand ဖြစ်ပါတယ်။ ဝယ်ယူထားခြင်း (၃)မျိုးရှိပါတယ်။ အဲဒီ(၂)မျိုးမှာ ကျွန်တော်တို့ ပထမ (၂) မျိုးကတော့ မိမိတို့နိုင်ငံတော်အနေနဲ့ ဆောင်ရွက်ပေးရမယ့် အပိုင်းမဟုတ်ဘဲနဲ့ တတိယအမျိုးအစား ဖြစ်တဲ့ ဈေးကစားလိုသော ဝယ်လိုအားကိုတော့ မိမိတို့နိုင်ငံတော်အနေနဲ့ ဆောင်ရွက်ပေးမယ် ဆိုလို့ရှိရင် ဆောင်ရွက်ပေးလို့ရနိုင်တဲ့အနေအထား တွေ့ရှိရပါတယ်။ တတိယဝယ်လိုအားဖြစ်တဲ့ Speculative ခန့်မှန်းခြေဝယ်လိုအားမှာ နိုင်ငံတော်ကနေပြီးတော့မှ ဒီငွေကြေးဈေးကွက်ကို မိမိပထမ တင်ပြထားခဲ့သော ထုတ်လုပ်သူနှင့် စားသုံးသူအတွက် သင့်တင့်မယ့် ဈေးနှုန်းတစ်ခုဖြင့် ဝယ်ယူပေး

နိုင်ဖို့၊ ရောင်းချပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်နိုင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဝယ်အား၊ ရောင်းအား မျှခြေတစ်ခု သင့်တင့်စွာဖန်တီးနိုင်ပြီးတော့ ထိုက်သင့်သော ငွေကြေးလဲလှယ်မှုနှုန်းတစ်ခု ရရှိနိုင်မယ် ဖြစ်ပါတယ်။ တကယ်လို့ ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်အနေနဲ့ မူလတရားဝင်သတ်မှတ်ထားတဲ့ ငွေလဲလှယ်နှုန်းတစ်ခုရှိပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်အနေနဲ့ တိုက်ရိုက်ဆောင်ရွက်ဖို့ အခက်အခဲရှိခဲ့မယ် ဆိုလို့ရှိရင်တော့ အစိုးရမှကျောထောက်နောက်ခံပြုသော ငွေကြေးအဖွဲ့အစည်း တစ်ခု ဖွဲ့စည်းတာဝန်ပေးပြီး စောစောကတင်ပြထားခဲ့တဲ့ နိုင်ငံခြားငွေများကို သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်စေခြင်း၊ ရောင်းစေခြင်းများ ဆောင်ရွက်စေမယ်ဆိုလို့ရှိရင် မိမိတို့နိုင်ငံမှာ ဖြစ်ပေါ် နေတဲ့ ငွေကြေးဈေးနှုန်းများ အလွန်အမင်းကျဆင်းသွားခြင်း၊ အလွန်အမင်းတက်သွားခြင်း အစွန်းနှစ်ဖက်မှ ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကိုကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊၁၂း ၂၀။**

**ဦးကိုကြီး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် အားလုံးသောပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဂါရဝတရား ရှေ့ထား၍ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး ဖြစ်ပါတယ်။ ကျွန်တော်က ဈေးကွက်တွင် ဖြစ်ပေါ်နေတဲ့ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းကျဆင်းမှုကြောင့် အခက်အခဲကြုံတွေ့ရသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးပါရန်ဆိုတဲ့ အဆိုကို ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာက တင်သွင်းသည့် အဆိုနှင့်ပတ်သက်၍ ဆွေးနွေးမှာ ဖြစ်ပါတယ်။ အထက်ပါ အဆိုနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှာ သန်း ၄၀ ခန့်သော တောင်သူလယ်သမားများ ကြုံတွေ့နေရတဲ့ ခံစားမှုများအား အခြေခံပြီး တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၁ ခုနှစ်၊ သြဂုတ်လ ၁၁ ရက် နေ့မှာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးတော့ ပြည်ပပို့ကုန်၊ လယ်ယာထွက်ကုန်များဖြစ်တဲ့ ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရာဘာနှင့် ရေချို၊ ရေငန်ထွက်ပစ္စည်းများ၊ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ အပေါ်မှာ စည်းကြပ်ကောက်ခံသည့် ကုန်သွယ်ခွန်၊ လုပ်ငန်းခွန် ၆ လတာ ကင်းလွတ်ခွင့်ပြုခြင်းအပေါ်မှာ သန်း ၄၀ ခန့်သော တောင်သူလယ်သမားများဟာ များစွာကြိုဆိုကြပါတယ်။ ထောက်ခံကြပါတယ်။ ဝမ်းသာ

ပိတိလည်းဖြစ်ခဲ့ကြတယ်လို့ ကြားသိရပါတယ်။ အဘယ့်အတွက်ကြောင့် ဒီလိုဝမ်းသာကြည်နူးမှု ဖြစ်ရသလဲလို့ ပြန်လည်ဆန်းစစ်တော့ ပြည်ပပို့တဲ့ကုမ္ပဏီများဟာ ဒီအမိန့်ကြော်ငြာကြောင့် ၎င်းတို့ ပို့ကုန်များ ပြည်ပကို ကုန်သွယ်မှုကင်းလွတ်စွာနဲ့ ပို့ခွင့်ရကြမယ်။ လယ်ယာထွက်ကုန်များ ဈေးနှုန်းတိုး ပေး၍ ဝယ်ယူကြရင်ဖြင့် တောင်သူလယ်သမားများလက်ဝယ်မှာ ကျန်နေတဲ့ လယ်ယာထွက်ကုန် များဟာလည်းကောင်း၊ ယခုထွက်ဆဲနဲ့ မကြာမီကာလပိုင်းက ပြန်ထွက်မည့် လယ်ယာထွက်ကုန်ပစ္စည်း အသစ်များလည်း ဈေးနှုန်းအလားအလာကောင်းမှာ သေချာတယ်လို့ တွက်ဆမျှော်မှန်းကြပြီးတော့ များစွာပဲဝမ်းသာကြည်နူးနေကြသည်ကို ကျွန်တော်ကြားသိ ခဲ့ရပါတယ်။

သို့သော်လည်းပဲ ၎င်းအမိန့်ကြော်ငြာစာထွက်ပြီး မကြာမီရက်ပိုင်းအတွင်း ဩဂုတ်လ ဒုတိယပတ်အတွင်းမှာပဲ ဟိုယခင် ၂၀၁၁ ခုနှစ်၊ ဧပြီလမှာ အမေရိကန်တစ်ဒေါ်လာကို ၈၅၆ ကျပ် ရှိနေတဲ့ မြန်မာငွေနဲ့ လဲလှယ်နှုန်းဟာ ဒုတိယပတ်အတွင်းမှာပဲ ၇၂၉ ကျပ်အထိ ကျဆင်းသွားပါတယ်။ ထို့အတူပဲ Account Transfer ငွေလဲနှုန်း မြန်မာငွေနဲ့လဲနှုန်းဟာလည်းပဲ ယခင် ဧပြီလ ၂၀၁၁ ခုနှစ်က အမေရိကန်တစ်ဒေါ်လာမှာ ၈၄၁ ကျပ်နှင့် ၈၀၀ မှ၊ ဩဂုတ်လ ဒုတိယပတ်ကိုရောက်တဲ့အချိန် မှာ ၇၂၈ ကျပ်သို့ မကြုံစဖူးအကျထူးလာတာကို တွေ့ရှိရပါတယ်။ ဒေါ်လာ နှစ်မျိုးစလုံးဟာ လေးလဝန်းကျင် အတွင်းမှာ တစ်ဒေါ်လာမှာ ၁၂၇ ကျပ်နှင့် ၁၁၉ ကျပ် အသီးသီးကျဆင်းလာသည်ကို ကျွန်တော်တို့ တွေ့ကြရပါတယ်။ ထိုသို့ကျဆင်းမှုကို ဒေသအတွင်း နိုင်ငံတချို့နှင့် ချိန်ထိုးနှိုင်းယှဉ်ကြည့်ရာတွင် တရုတ်ယွမ်ငွေဟာ အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာမှာ ပြောင်းလဲမှု ရာနှုန်းဟာ .၆၂ ရာခိုင်နှုန်း၊ အိန္ဒိယရူပီးနဲ့ အမေရိကန်ဒေါ်လာလဲလှယ်ရာတွင် ပြောင်းလဲမှုရာနှုန်းဟာ ၁.၅၁ ရာခိုင်နှုန်း၊ ထိုင်းဘတ် ငွေနှင့်အမေရိကန်ဒေါ်လာလဲလှယ်ရာမှာ ပြောင်းလဲမှုရာနှုန်းဟာ ၁.၁၅ ရာခိုင်နှုန်း၊ မလေးရှားရင်းဂစ် နှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းရဲ့ ပြောင်းလဲမှုရာခိုင်နှုန်းဟာ ၀.၉၉ ရာခိုင်နှုန်း ရှိနေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ သို့သော်လည်း မြန်မာကျပ်ငွေနဲ့ အမေရိကန်ငွေတို့ လဲလှယ်ရာမှာ ၄.၇၀ ရာခိုင်နှုန်းဖြစ်တဲ့ အများဆုံးရှိနေတဲ့အတွက် ဒေါ်လာတန်ဖိုးကျဆင်းမှုရဲ့ ဂယက်ရိုက်မှုဟာ ဒေသ အတွင်းမှာရှိတဲ့ အခြားနိုင်ငံများထက် မြန်မာနိုင်ငံအပေါ်မှာ ထိခိုက်နစ်နာမှုဖြစ်စဉ်ဟာ အများဆုံး ရှိနေကြောင်း ကျွန်တော်တွေ့ရှိရပါတယ်။

ဒါကြောင့်မို့ ဒေသအတွင်း အခြားနိုင်ငံများမှာရှိတဲ့ ပို့ကုန်တင်ပို့နေကြတဲ့ ကုမ္ပဏီများထက် မြန်မာပြည်တွင်းမှာရှိတဲ့ ပို့ကုန်ပို့နေတဲ့ ကုမ္ပဏီများဟာ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းလာသည် နှင့်အမျှ ပို့ကုန်ဝင်ငွေများရဲ့ တန်ဖိုးများဟာလည်း လျော့ကျသွားပြီးတော့ များစွာသောဆုံးရှုံးနစ်နာမှု

များကို ကြုံတွေ့နေကြရပါတယ်။ ဒါကြောင့်မို့ ပြည်ပပို့ကုန်ကုမ္ပဏီများရဲ့ ဝယ်ယူတင်ပို့မှုဟာ အထူး နည်းသွားပြီးတော့ ကုန်သွယ်မှုရေစီးကြောင်းများဟာ ရပ်ဆိုင်းလုနီးနီး ဖြစ်ခဲ့ရပါတယ်။ အရင်းကလဲတော့ အဖျားထင်းဖြစ်ဆိုသလို ပြည်တွင်းကုမ္ပဏီများ၊ ကုန်သည်များ၊ ပြည်တွင်းပြည်ပ ကုန်သွယ်မှုရေစီးကြောင်းများဟာ ရပ်ဆိုင်းလုနီးနီး ဖြစ်သွားတဲ့အချိန်မှာ သန်း ၄၀ ခန့်သော တောင်သူလယ်သမားများအဖို့ မိမိတို့လက်ဝယ်မှာရှိတဲ့ လယ်ယာထွက်ပစ္စည်းများ မူလဈေးနှုန်း ကျထားတဲ့ ဈေးနှုန်းထက်ပင် ထပ်မံကျဆင်းသွားခြင်းကို ကြုံတွေ့ရပါတယ်။ တချို့ပစ္စည်းများဆိုလျှင် ဝယ်သူမရှိဖြစ်သွားခြင်းကိုပင် မကြုံစဖူးကြုံတွေ့နေရပါတယ်။ တောင်သူလယ်သမားများဟာ ဝမ်းသာလို့မှမဆုံးခင် ဝမ်းနည်းဖွယ်နဲ့ ယခုလိုပဲ ကြုံတွေ့လာကြပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ တောင်သူလယ်သမားများ၏အကျိုး၊ ပြည်တွင်းကုန်သည်နှင့် ကုမ္ပဏီများ၏အကျိုး၊ စက်မှုလက်မှု လုပ်ငန်းရှင်များ၏အကျိုးအတွက် အမျိုးမျိုးသော ဖြေလျှော့မှုများ၊ အကူအညီများပေးခဲ့ခြင်းအတွက် ပြည်သူအားလုံးအသိ၊ နိုင်ငံတကာအသိ ဖြစ်ပါတယ်။ ကြားသိရတဲ့ လူအပေါင်းဟာလည်း ကြည်နူး ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်နေကြပါတယ်။ သို့သော်လည်း မမျှော်လင့်တဲ့ အမေရိကန်နိုင်ငံကစခဲ့တဲ့ စီးပွားရေးမုန်တိုင်းကြီးဟာ မြန်မာနိုင်ငံကိုသာမက တစ်ကမ္ဘာလုံးကို ရိုက်ခတ်ခဲ့ခြင်းကို ယခုတိုင်ခံနေရဆဲ ဖြစ်ပါတယ်။ ဒေါ်လာထုတ်ဝေသည့် အမေရိကန်နိုင်ငံ ၏စီးပွားရေးအခြေအနေမှာ ၂၀၀၈ ခုနှစ် ချေးငွေအကျပ်အတည်းဖြစ်သည့် အချိန်မှစပြီးတော့ ယိုင်နဲ့လျက်ရှိလာပါတယ်။ ယခုအချိန်အထိ ပုံမှန်အခြေအနေအထိ ပြန်ရောက်မလာတဲ့အတွက် ကမ္ဘာ့နိုင်ငံများဟာ အမေရိကန်၏ စီးပွားရေး အင်အားအပေါ်မှာ ယုံကြည်မှုနည်းလာကြပါတယ်။ နည်းလာတဲ့အပေါ်မှာ ဒေါ်လာဝယ်လိုအား လျော့နည်းလာတဲ့အတွက်ကြောင့် ကမ္ဘာ့ဒေါ်လာဈေးကျဆင်းလာခြင်းဖြစ်ကြောင်း စီးပွားရေးပညာရှင် အချို့၏သုံးသပ်ချက်ကို ကျွန်တော်တို့ မှတ်သားရပါတယ်။

ရှေးက မြန်မာနိုင်ငံမှာ ကျွန်တော်တို့ စကားပုံတစ်ခုရှိခဲ့ပါတယ်။ ညောင်ဦးကမ်းပါးပြိုတာနဲ့ စံပါနဂိုကန္တားပေါင်ကျိုးတယ်ဆိုတဲ့ စကားပုံဖြစ်ပါတယ်။ မဖြစ်နိုင်၊ ဘာမှမဆီမဆိုင်ဟု ဝေဖန်သုံးသပ် ခဲ့မှုများလည်း ရှိကြပါတယ်။ ယခု အမေရိကန်စီးပွားရေးကပ်ဆိုးကြီးဆိုက်သည်နှင့် မြန်မာနိုင်ငံမှ တောင်သူလယ်သမား သန်း ၄၀ ကျော်တို့ဟာ သီးနှံဈေးဟာ မကြုံစဖူး ကျပြီးတော့ ၎င်းတို့ဆပ်ရမယ့် အကြွေးများ မဆပ်နိုင်ခြင်း၊ စားဝတ်နေရေးအခက်အခဲများကြုံတွေ့နေရခြင်း စသည်များနှင့် ကြုံတွေ့ နေရပါတယ်။ ဒါကတော့ စံပါနဂိုကန္တားပေါင်ကျိုးသည်ထက် အဖြစ်ဆိုးတွေ့နေရတယ်လို့ ဆိုလို့ရပါ တယ်။ ထို့ကြောင့် အဓိကဖြစ်တဲ့ သန်း ၄၀ ခန့်သော တောင်သူလယ်သမားများ၏ ကြုံတွေ့နေရတဲ့

အခက်အခဲများ၊ ကုန်သည်များကုမ္ပဏီများကြုံတွေ့နေရသော ရပ်ဆိုင်းလုနီးနီးဖြစ်နေတဲ့ ကုန်သွယ်မှုလုပ်ငန်းရေစီးကြောင်းများ မလည်တစ်ချက်၊ လည်တစ်ချက်ဖြစ်နေတဲ့ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းအကြီး၊ အလတ်၊ အငယ်များအတွက် ပုံမှန်လုပ်ငန်းများ၊ ပုံမှန်အနေအထားများ ပြန်လည်ရောက်ရှိရန်စီမံမှုများကို ပြည်ထောင်စုအစိုးရမှ လျင်မြန်စွာ ဒါမှမဟုတ် အလျင်ထက်မြန်တဲ့အဟုန်ဖြင့် လုပ်ဆောင်ပေးနိုင်ရန် တင်ပြခြင်းဖြစ်ပါတယ်။ အခြေအနေအရပ်ရပ်ကို မပြတ်စောင့်ကြည့်၍ စဥ်ဆက်မပြတ်လုပ်ဆောင်ပေးဖို့လည်း အကြံပြုပါတယ်။ ထိုကဲ့သို့ အကြံပြုရင်း ဦးစိုးသာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်ရဲ့ တင်သွင်းသည့်အဆိုအား ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။နေ့လယ်စာ သုံးဆောင်ရန် အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

[အစည်းအဝေးကို နေ့လယ်စားသုံးဆောင်ရန် ၁ နာရီခန့် ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေး ဆက်လက်မသွားခင် ဥက္ကဋ္ဌကို သေချာစောင့်ကြည့်ပေးတဲ့အတွက်လည်းကျေးဇူးတင်ပါတယ်။ ဝေဖန်အကြံပေးမှုများအတွက်လည်း လက်ခံပါတယ်။ ပြီးခဲ့တဲ့အစည်းအဝေးတုန်းက ဥက္ကဋ္ဌ ပုဆိုးတိုတယ်။ အမာရွတ်တွေတောင် မြင်ရတယ်။ ဝတ်တဲ့ပုဆိုးကလည်းပိုးလုံချည်မဝတ်ဘူး။ စသဖြင့်ပေါ့လေ။ ဒီပေါ်မူတည်ပြီးတော့ နောက်ရက်မှ ကျွန်တော် ပြင်ဆင်တယ်။ ပြင်ဆင်တဲ့အခါမှာ အတော်လေး သတိထားရပါတယ်။ သူများလိုလည်း ခါးပတ်ကမပတ်တတ်တော့ဒီနေ့လည်း ကျွန်တော့်ဘက်က ပိုးပုဆိုးလှလှလေးဝတ်လာတော့ နည်းနည်းရှုံးပေးမယ်ဆိုတဲ့အနေအထားနဲ့ ကျွန်တော်နဲ့လုပ်ဖော်ကိုင်ဖက်တွေ ထမင်းစားခန်းသွားပါတယ်။ ဟိုရောက်တဲ့အခါကြတော့ ဒီချိုးမွမ်းတာမပြုဘဲနဲ့ ပုဆိုးတောင် ကောင်းကောင်းမဝတ်တတ်ဘူး။ အတိုအရှည်မညီဘူး။ စသည်ဖြင့် ဒီလိုပြောပါတယ်။ ကျွန်တော်ကလည်း ကျွန်တော့်မှာလည်း ပြောစရာတွေရှိတယ်။ အကုန်လုံး ဒီပေါ်ကနေလှမ်းမြင်နေရတယ်။ လှမ်းမြင်နေရတော့ ကျွန်တော် ပြောလို့လည်း ရပါတယ်။ အဲဒါပေမယ်လို့ မပြောသင့်သေးဘူးထင်လို့ မပြောတာပါ။ ဒါတခြားတော့ မဟုတ်ပါဘူး။

အချိန်ကြာလာတဲ့အခါကြတော့ တချို့လည်းဆွေးနွေးမှုကို အင်မတန်စိတ်ဝင်စားစွာ နားထောင်တဲ့ အခါကြတော့ မျက်စိမှိတ်ထား။ မှိတ်ထားတဲ့အခါကြတော့ နောက်ဆုံး ပြန်မေးတယ်တဲ့ ခုန ဥက္ကဋ္ဌ ဘာပြောသွားလဲပေါ့လေ။ အဲ့ဒါမျိုးတွေလည်း ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ အစည်းအဝေးတွေဟာ ကျွန်တော် မနေ့က တင်ပြသလိုပဲ ပိုပြီးတော့ အသက်ဝင်လာသလို လေးနက်လာတဲ့သဘောလည်းရှိပါတယ်။

ဦးစိုးသာရဲ့အဆိုကို ဒီနေ့ ဖြည့်စွက်ဆွေးနွေးသွားတဲ့နေရာမှာ သတိပြုဖို့ လိုတာလေးကို သတိပြုနိုင်အောင် ကျွန်တော် ဆက်ပြီးတင်ပြချင်ပါတယ်။ ဒါဘာလဲဆိုတော့ အဆိုရှင်တင်ပြတဲ့ အဆိုကို သက်ဆိုင်တဲ့အကြောင်းအရာတွေနဲ့ ထောက်ခံဖို့လိုပါတယ်။ ထောက်ခံမယ်ဆိုရင် ဒါမှမဟုတ်လို့ရှိရင် ကန့်ကွက်တယ်ဆိုလို့ရှိရင်လည်း ဘာကြောင့် ကန့်ကွက်တယ်ဆိုတဲ့ အနေအထားမျိုး ဖြစ်ဖို့လိုပါတယ်။ မဆိုင်တဲ့အကြောင်းအရာကို ခေါင်းစဉ် တစ်ရပ်အနေနဲ့ ဆွေးနွေးလို့မရပါဘူး။ တကယ်လို့ ဆွေးနွေးချင်တယ်ဆိုလို့ရှိရင် သီးခြားအဆိုတစ်ရပ်အနေနဲ့ တင်ပြဖို့ဖြစ်ပါတယ်။ ဒီမှာနာမည်နဲ့ပြောရမယ်ဆိုရင်တော့ ခုနက ဒေါက်တာဝင်းမြင့်ပေါ့လေ။ သူတင်ပြတယ်။ တင်ပြတဲ့အခါမှာ ထောက်ခံမှုတစ်ခုရယ်။ နောက်တစ်ခါ ဆွေးနွေးမှုတစ်ခုရယ်။ ပြောပါတယ်။ အရှိန်ပျက်သွားမှာစိုးလို့ ဆွေးနွေးတာကို ကျွန်တော်တို့ လက်ခံပါတယ်။ ဆွေးနွေးတဲ့နေရာမှာလည်း လွှတ်တော်ထဲမှာ ဆွေးနွေးတာဖြစ်တဲ့ အတွက် လွှတ်တော်ကိုယ်စားလှယ်များသည် သာမန်ပြည်သူများနှင့် မတူဘဲနဲ့ အဆင့်နဲ့ပြောမယ်ဆိုရင်၊ Level ပြောမယ်ဆိုရင် ပိုပြီးတော့ အဆင့်မြင့်ပါတယ်။ ကျွန်တော်တို့ ဆွေးနွေးမှုတွေဟာ ဒီအဆို အတည်ဖြစ်သွားတယ်ဆိုလို့ရှိရင် အဆိုဟာ ပေါ်လစီဖြစ်သွားပါတယ်။ ဒီပေါ်လစီကို သက်ဆိုင်ရာ တာဝန်ရှိတဲ့ဌာနက လိုက်ပါဆောင်ရွက်ရပါတယ်။ တစ်ခါ အဆိုကနေ ဘယ်ကူးပြောင်းသွားနိုင်သလဲ ဆိုတဲ့အခါမှာ ဥပဒေပြုတဲ့ဖက်ကို ကူးပြောင်းသွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့ အဓိက တာဝန်က ဥပဒေပြုဖို့ ဖြစ်ပါတယ်။ ဥပဒေမပြုနိုင်သေးခင် ခုနက အဆိုကနေ ပေါ်လစီကို ကူးပြောင်း သွားဖို့ ဖြစ်ပါတယ်။ ဒါလေးကို ကျွန်တော်တို့အားလုံး သတိပြုပြီးတော့ ဆောင်ရွက်ဖို့လိုပါတယ်။ အဲ့ဒီလိုပဲ ဆွေးနွေးတဲ့နေရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပီပီ ကျွန်တော်တို့ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားတွေယူပြီးတဲ့အခါမှာ မိမိရဲ့သုံးသပ်ချက်နဲ့ ဒီမှာဆွေးနွေးဖို့လိုပါတယ်။ ခုနက တချို့ By Name နဲ့ပေါ့လေ။ ဘယ်ဆွေးနွေးပွဲမှာ ဘယ်လိုပြောသွားတယ်။ ဒါကြောင့်မို့လို့ဆိုတဲ့ဟာက ဒါပြည်သူ့အသံလည်း မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဒါကိုပြည်သူ့အသံလို့ယူဆတယ်ဆိုလို့ရှိရင်လည်း ဒါနဲ့ပတ်သက်ပြီးတော့ မိမိချင့်ချိန်ပြီးတဲ့အခါမှာ ဆက်လက်ပြီးတော့ ဆွေးနွေးသွားဖို့ ဖြစ်ပါတယ်။ အဲဒီတော့ ဟိုဘက်မှာ ဆွေးနွေးသွားတဲ့ကိစ္စတွေဟာ ဈေးနှုန်းတည်ငြိမ်ရေးကိစ္စတွေပါတယ်လို့ ပြောပါ

တယ်။ တကယ်တမ်းကြတော့ စီးပွားရေးကောင်းမွန်ဖို့ဆိုလို့ရှိရင် ဆက်စပ်ထာလေးတွေ အများကြီးရှိပါတယ်။ ဈေးနှုန်းတည်ငြိမ်းရေး၊ ဈေးနှုန်းတည်ငြိမ်မှုကို အဓိကထားပြီး ကြည့်မယ်ဆို လို့ရှိရင်လည်း ကျန်တဲ့ဟာတွေကို မလုပ်ရဲ၊ မကိုင်ရဲ ဖြစ်မှာလည်း ရှိပါတယ်။ အဲ့တော့ ဈေးနှုန်းတည်ငြိမ်ဖို့အတွက် ဘာလုပ်ဖို့လိုတယ်။ ဒီနေ့ ဆွေးနွေးတဲ့အထဲမှာ တချို့လည်းပါပါတယ်။ မလိုလားအပ်တဲ့ ကုန်ကျစရိတ်တွေ သူတို့ပြောပြောနေတဲ့ သူတို့ စကားအရပေါ့လေ။ Transaction Cost တွေ မြင့်မားတယ်ဆိုလို့ရှိရင် ဒါကို သက်ဆိုင်ရာက ဘယ်လိုလျော့အောင် လျှော့ချမယ်ဆိုတဲ့ဟာကို စဉ်းစားဆောင်ရွက်သွားဖို့လိုပါတယ်။ ဒီနေရာမှာ လစ်ဟင်းသွားသလိုပဲ။ လွှတ်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များကလည်းစဉ်းစားရမယ်။ အစိုးရဖက်ကလည်းစဉ်းစားရမယ်။ ဒါကို ကျွန်တော်တို့ ပူးပေါင်းပြီးဆောင်ရွက်သွားမယ့်အနေအထားရှိပါတယ်။ အဲဒီ Transaction Cost တွေ များနေတဲ့အတွက် ကုန်ဈေးနှုန်းတွေ မြင့်မားတယ်ဆိုလို့ရှိရင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း Transaction Cost ကျအောင် ဘယ်လိုလုပ်မလဲဆိုတာ စဉ်းစားရင်းနဲ့ လုပ်သင့်တာတွေကို တစ်ပြိုင်တည်း လုပ်သွားမှ ဖြစ်မယ့်အနေအထား ရှိပါတယ်။ အဲဒီအတိုင်းပဲ ဆွေးနွေးသွားတာတွေ ရှိပါတယ်။ ဒါဘာလဲဆိုရင် ဆောင်ရွက်တဲ့နေရာမှာ ဒီဒေါ်လာဈေးနဲ့ မြန်မာကျပ် လဲလှယ်မှုတစ်ခုတည်း စဉ်းစားလို့မရဘူး။ သို့သော် ဒါလည်း အဓိကထားစဉ်းစားရမယ်။ စဉ်းစားရမယ် ဆိုတဲ့အခါမှာ ဒါအားလုံးလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိပါတယ်။ ဘာလဲဆိုရင် ခုနက Fiscal policy ဒီလိုလည်း စဉ်းစားရမလို ရှိပါတယ်။ ပြီးတဲ့အခါ ကြတော့ ငွေကြေးဆိုင်ရာမူဝါဒဆိုတဲ့ Monetary policy ပြီးတဲ့အခါမှာ Trade policy ဒီဟာတွေ ဆက်စပ်ပြီး လုပ်သွားမှဖြစ်မယ့်ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်ဟာ ဘာလဲဆိုတဲ့အခါမှာ ဥပဒေပြုရေး တာဝန်၊ ဥပဒေပြုဖို့ဆိုလို့ရှိရင် ရှေ့ကလိုကောင်းလိုမယ်။ တစ်ဆင့်ခံထားတဲ့ အဆိုပေါ့လေ။ ဒီအဆိုတွေက ဘာဖြစ်သွားမလဲ။ ခုန ပေါ်လစီဖြစ်သွားမယ်။ ဥပဒေဖြစ်သွားမယ်။ အဲဒါတွေကို ဒီလွှတ်တော်မှာရှိကြတဲ့ ကိုယ်စားလှယ်များ စဉ်းစားနိုင်အောင် ဝိုင်းပြီးတော့ အဆိုတင်ပြဖို့နဲ့ ဝိုင်းပြီးဆွေးနွေးဖို့ပဲဖြစ်ပါတယ်။ အဲဒီလို ဆွေးနွေးတဲ့ဟာကို တကယ်လုပ်သင့်တဲ့ကိစ္စဖြစ်တယ်ဆိုလို့ရှိရင်တော့ ဒါအများအကျိုး၊ နိုင်ငံတော်အကျိုးဖြစ်တဲ့အတွက် လုပ်သင့်တဲ့ကိစ္စတော့ ထောက်ခံကြမှာပါ။ မလုပ်သင့်တဲ့ကိစ္စတော့ ကန့်ကွက်ကြမှာပါ။ အဲဒါသည်ပင်လျှင် ဒါလွှတ်တော်ရဲ့ ဂုဏ်အင်္ဂါရပ်ပဲ ဖြစ်တယ်။ ကျွန်တော်တို့ လွှတ်တော်က ကြည့်ရမှာက ပြည်သူ့အကျိုးကြည့်ရမယ်။ နိုင်ငံတော်အကျိုးစီးပွားကြည့်ရမယ်။ ဒါကြောင့်မို့လို့ ဆွေးနွေးတဲ့နေရာမှာ ထောက်ခံဆွေးနွေးတဲ့ ဘာပဲဖြစ်ဖြစ် ကန့်ကွက်ဆွေးနွေးတာဖြစ်တဲ့ ဒီကြောင်းအရာနဲ့ ဆိုင်တဲ့ဟာကိုပဲ ဆွေးနွေးပြီးတဲ့အခါမှာ

သီးခြားအဆိုတစ်ခုဘက်ကို သွားဆွေးနွေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အချိန်ပိုကုန်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလိုဆွေးနွေးချင်တယ် ဆိုလို့ရှိရင်တော့ သီးခြားအဆိုအနေနဲ့ပဲ တင်ပြဖို့ပဲ ရှိပါတယ်။ ဒါဘာကြောင့်ပြောရလဲဆိုရင် နောက်ကျွန်တော်တို့ ဆက်ပြီးဆွေးနွေးမယ့် ပုဂ္ဂိုလ်များဟာ အချိန်လည်း မကုန်ရအောင် နောက်လိုရင်းလည်း ရောက်သွားအောင် ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ လုပ်စရာတွေ အများကြီးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးညွန့်လှိုင်၊ ဖြူးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၃ း ၄၁။**

**ဦးညွန့်လှိုင်(ဖြူးမဲဆန္ဒနယ်)** ။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေလို့ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာ တင်သွင်းတဲ့ စျေးကွက်တွင် ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်း ကျဆင်းမှုကြောင့် အခက်အခဲကြုံတွေ့နေရသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးပါရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါသည်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကိန်းဂဏန်းများပါတဲ့ အတွက် ဖတ်ကြားတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာ တင်သွင်းသည့်အဆိုမှာ ကမ္ဘာ့စီးပွားရေး မတည်ငြိမ်မှုကြောင့် မြန်မာ့စီးပွားရေးအပေါ် ရိုက်ခတ်မှုကြောင့် အမေရိကန်ဒေါ်လာနှင့် မြန်မာ ကျပ်ငွေလဲလှယ်နှုန်း ဆက်တိုက်ဆက်တိုက် ကျဆင်းလာသဖြင့် အခက်အခဲကြုံတွေ့နေရသော ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်ရန်နှင့် ထိုလုပ်ငန်းများတွင် အလုပ် လုပ်ကိုင်နေကြသော အလုပ်သမားများနှင့် မိသားစုများ ငွေလဲလှယ်နှုန်းကျဆင်းမှုနှင့် ဆက်နွှယ်ကာ ဝင်ငွေလျော့နည်းကြုံတွေ့နေရသည့် ပြည်သူပြည်သားများ၏ အခက်အခဲများကို နိုင်ငံတော်အနေဖြင့် ဝင်ရောက်ဆောင်ရွက်ပေးပါရန် ကိန်းဂဏန်းအချက်အလက်များနှင့်တကွ တင်ပြထားတာကို တွေ့ရှိ ရပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာ တင်ပြခဲ့သည့်အဆိုတွင် အပိုင်းသုံးပိုင်း ပါဝင်ပါ တယ်။ ပထမပိုင်းမှာ စီးပွားရေးလုပ်ငန်းများ ပိုမိုလျင်မြန်သွက်လက်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေး

အတွက်အစိုးရမှ လတ်တလောအားဖြင့် စီမံဆောင်ရွက်ပေးထားမှု Quick Action များကို ဖော်ပြထားပါတယ်။

ဒုတိယပိုင်းမှာ နိုင်ငံတော်၏စီးပွားရေးကဏ္ဍ၌ အဓိကကျသောပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ အခြေအနေ၊ ကမ္ဘာ့ဒေါ်လာဈေး ကျဆင်းမှုဂယက်ကြောင့် ပြည်တွင်း၌ အမေရိကန်ဒေါ်လာနှင့်မြန်မာကျပ်ငွေ(FEC)နှင့် မြန်မာကျပ်ငွေ Account Transfer (Earning)နှင့် မြန်မာကျပ်ငွေတို့၏ လဲလှယ်နှုန်း လအလိုက်ကျဆင်းမှု နှိုင်းယှဉ်ချက်များကို ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်မှုပြုနေသော နိုင်ငံများနှင့် မြန်မာနိုင်ငံတို့တွင် အမေရိကန်ဒေါ်လာနှင့် ပြည်တွင်းသုံးငွေ လဲလှယ်နှုန်း ပြောင်းလဲမှုရာခိုင်နှုန်း နှိုင်းယှဉ်ချက်တို့ကို ကိန်းဂဏန်းအချက်အလက်များဖြင့် ဖော်ပြထားပါတယ်။ ယင်းကိန်းဂဏန်းများအရ မြန်မာနိုင်ငံက အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းမှာ ပြောင်းလဲမှုရာခိုင်နှုန်း ၄.၇ ရာခိုင်နှုန်းရှိတဲ့အတွက် ဒေသတွင်းနိုင်ငံများထက် ပိုမိုထိခိုက်တာကို တွေ့ရှိရ ပါတယ်။

တတိယပိုင်းမှာ ငွေလဲလှယ်နှုန်းကျဆင်းမှုကြောင့် ပို့ကုန်ကဏ္ဍတွင် အဓိကပို့ကုန်အမယ်များဖြစ်သော ဆန်၊ ပဲမျိုးစုံ စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ကုန်ပစ္စည်းများ တင်ပို့သည့်လုပ်ငန်းရှင်များအပေါ် ထိခိုက်မှုနှင့် အခြားဆက်စပ်မှုရှိသော လုပ်ငန်းကဏ္ဍများအပေါ် ထိခိုက်နစ်နာမှုများကို ဖော်ပြကာ အခက်အခဲကြုံတွေ့နေရသည့် စီးပွားရေးလုပ်ငန်းရှင်များ ပြည်သူများ၏အကျိုးအတွက် နိုင်ငံတော်မှ ဝင်ရောက်ဆောင်ရွက်ရန်ဖော်ပြထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဧည့်သည်တော်များ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ၃၀-၃-၂၀၁၁ နေ့၌ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးမှာ နိုင်ငံတော်သမ္မတကြီး ပြောကြားသည့် မိန့်ခွန်းတွင် သမ္မတကြီးက နိုင်ငံတော်၏ စီးပွားရေးမူဝါဒအဖြစ် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး စီးပွားရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဈေးကွက်စီးပွားရေးစနစ်နှင့် ပတ်သက်သည့် အောက်ပါတို့ကို ထည့်သွင်းမိန့်ကြားခဲ့ပါတယ်။

ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင်ပေါ်ပေါက်၍ နိုင်ငံနှင့် ပြည်သူတို့ရဲ့ အနာဂတ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားလာဖို့အတွက် အရှိန်မြှင့်ဆောင်ရွက်သွားကြရမှာဖြစ်သလို ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ အခွန်အကောက်မူဝါဒများကိုလည်း လိုအပ်သလို ပြင်ဆင်ချမှတ်ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးဆိုရာမှာ နိုင်ငံနဲ့ပြည်သူတို့ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုပြီး ဖွင့်သင့်တာကိုဖွင့်၊ ပြင်သင့်တာကိုပြင်၊ ဖိတ်ခေါ်သင့်တာကိုဖိတ်ခေါ်ပြီး ပီပီပြင်ပြင်ဆောင်ရွက်

သွားမည့်စျေးကွက်စီးပွားရေးစနစ်မျိုးကို ရည်မှန်းထားပါကြောင်း၊ အစိုးရကအတိုင်းအတာတစ်ရပ်အထိ ထိန်းသိမ်းပံ့ပိုးဆောင်ရွက်ပေးတဲ့ စျေးကွက်စီးပွားရေးစနစ်မျိုးကို ရည်မှန်းပါကြောင်း၊ အမျိုးသားအကျိုးစီးပွားကို အခြေခံပြီး ဝင်ရောက်ထိန်းကြောင်းမှုမျိုးကိုသာ လုပ်သွားမှာဖြစ်တဲ့အပြင် တတ်နိုင်သမျှ ဝင်ရောက်စွက်ဖက်မှု၊ ထိန်းချုပ်မှုအား အနည်းဆုံးဖြစ်အောင် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မိန့်ကြားခဲ့ပါတယ်။

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ နိုင်ငံတော်သမ္မတကြီးက ပြည်တွင်းစီးပွားရေး လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးမှုများကို အောက်ပါအတိုင်း မိန့်ကြားခဲ့ပါတယ်။

နိုင်ငံတကာငွေကြေးစနစ်များရဲ့ မတည်ငြိမ်မှု၊ ကမ္ဘာ့စီးပွားရေးအခြေအနေ ယိမ်းယိုင်နေမှုစတဲ့ External Fighter များကြောင့် ပြည်တွင်းစီးပွားရေးအပေါ် ရိုက်ခတ်မှုများဖြစ်ပေါ်နေပါကြောင်း၊ ဒီလို ဆက်နွယ်ဖြစ်ပေါ်မှုများအရ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေမှာ အကြပ်အတည်း အချို့ဖြစ်ပေါ်လာခဲ့ပါကြောင်း၊ ပြည်ပကုန်သွယ်မှုလုပ်ငန်းတွေ ပိုမိုမြန်ဆန်သွက်လက်လာအောင် ပို့ကုန်၊ သွင်းကုန်လိုင်စင်များကို အများဆုံးနှစ်ပတ်အတွင်း၊ ကုမ္ပဏီထူထောင်ခွင့်လိုင်စင်များကို အများဆုံးနှစ်လအတွင်း၊ နိုင်ငံကူးလက်မှတ်တွေကို အများဆုံး ၂၁ ရက်အတွင်း ရရှိဆောင်ရွက်ပေးခဲ့သလို ပို့ကုန်အပေါ်ကောက်ခံတဲ့ အခွန်နှုန်းထားကိုလည်း ခုနှစ်ရာခိုင်နှုန်းသာ ကောက်ခံစေခဲ့တဲ့စနစ်ကို ပြင်ဆင်ပြောင်းလဲ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သို့ရာတွင် ပို့ကုန်လုပ်ငန်းနယ်ပယ်အချို့မှာ အခက်အခဲတွေနဲ့ ဆက်လက်ရင်ဆိုင်ဖြေရှင်း နေရတာကို တွေ့ရှိရတဲ့အတွက် ပို့ကုန်တွေအပေါ်ကောက်ခံနေတဲ့ ကုန်သွယ်မှုလုပ်ငန်းခွန်များကိုလည်း ခြောက်လသက်တမ်းနှင့် ကင်းလွတ်ခွင့်ပေးခြင်းများဆောင်ရွက်ခဲ့ပါကြောင်း မိန့်ကြားခဲ့ပါတယ်။ ထို့အပြင် တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် Macro စီးပွားရေးမူဝါဒ၊ Macro Economic policy ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် နေ့မှ ၂၁ ရက်နေ့အထိ နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့တာကို တွေ့ရှိရပါတယ်။ ထိုကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများတွင် လတ်တလောဖြစ်ပေါ်နေသည့် အကြပ်အတည်းအချို့ပြေလည်စေရန် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျင်းပပြီးစီးခဲ့သည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဖော်ထုတ်တွေ့ရှိချက်များမှတစ်ဆင့် လက်တွေ့အကောင်အထည်ဖော်ရမည့် လုပ်ငန်းအစီအမံများကို ရှေ့လုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်

သွားမှာဖြစ်လို့ စီးပွားရေးလုပ်ငန်းများ ကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်လွှားနိုင်ကာ ဈေးကွက်စီးပွားရေးစနစ်သို့ ဦးတည်လျက်ရှိပါကြောင်း တွေ့ရှိ ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိုင်ငံတော်အစိုးရမှ စီးပွားရေးလုပ်ငန်းများ သွက်လက်လျင်မြန်စေရန် ဖြေလျှော့မှုများကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပေးနေစဉ်အတွင်းမှာပင် အမေရိကန် ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းမှာ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ဒုတိယ အပတ်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၇၅၈ ကျပ်ရှိရာမှ ၆၈၀ ကျပ်သို့ တိုင်အောင် ကျဆင်းခဲ့ပြီး နောက်ဆုံးဈေးကွက်တွင် ဖြစ်ပေါ်နေသည့် ငွေလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၇၃၀ ကျပ် ဖြစ်ကြောင်း သိရှိရပါတယ်။ နိုင်ငံတော်အစိုးရ၏ ဖြေလျှော့ဆောင်ရွက်ပေးမှုများနဲ့ အခွန်နှုန်းထား အချို့ လျှော့ချပေးမှုများကဲ့သို့ ဈေးကွက်သို့ ချက်ချင်းအကျိုးသက်ရောက်မှုရှိသော Quick action ဆောင်ရွက်ချက်များ ပါရှိသကဲ့သို့ အချို့ဆောင်ရွက်ပေးမှုများမှာ အကျိုးရလဒ်များ ပေါ်ပေါက်ရန် အတွက် ဈေးကွက်ဖြစ်စဉ်အရ အချိန်အတိုင်းအတာတစ်ခု Time limitation လိုအပ်မည် ဖြစ်ပါတယ်။ ပြည်တွင်း၌ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်း ဆက်တိုက်ကျဆင်းနေမှုသည် ကမ္ဘာ့စီးပွားရေး ယိမ်းယိုင်မှု၏ရိုက်ခတ်မှုက အဓိကအကြောင်းတစ်ရပ် ဖြစ်သော်လည်း ငွေတန်ဖိုး မတည်ငြိမ်မှုဖြစ်စေသော အခြားအကြောင်းအချင်းအရာများစွာလည်းရှိနိုင်ပါတယ်။ သို့ဖြစ်ပါ၍ စီးပွားရေးပညာရှင်များ၊ ဘောဂဗေဒပညာရှင်များ၊ စာရင်းအင်းပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင် များ၊ ကျွမ်းကျင်သူပညာရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များစုပေါင်းပြီး အချိန်ယူ၍ လေ့လာဆန်းစစ်ဖော်ထုတ်ပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပြန်လည် ရှင်သန်လည်ပတ်နိုင်စေရန် နည်းကောင်းလမ်းမှန်များ၊ အဖြေမှန်များ ရှာဖွေဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ် ပါတယ်။ ဈေးကွက်မှာ နောက်ဆုံးဖြစ်ပေါ်နေတဲ့ ငွေလဲလှယ်နှုန်းမှာ အမေရိကန် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၇၃၀ ကျပ်ဖြစ်တဲ့အတွက် အဆိုပါငွေလဲလှယ်နှုန်းဟာ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ အတွက်သော်လည်းကောင်း၊ အခြားဆက်စပ်နေသူ လုပ်ငန်းများအတွက်သော်လည်းကောင်း ချောမွေ့စွာလုပ်ငန်းလည်ပတ်နိုင်သည့် အနေအထားမရှိသေးပါကြောင်း တွေ့ရှိရပါတယ်။ စီးပွားရေး လုပ်ငန်းများ ပြန်လည်ရှင်သန်နိုင်ရန်အတွက် နိုင်ငံတော်၏ လက်ရှိဆောင်ရွက် ပေးနေမှုများအပြင် သင့်တင့်လျောက်ပတ်သည့် အကျိုးအမြတ်ရရှိစေနိုင်သည့် အခြေအနေတစ်ရပ်ရပ်ကို လတ်တလော ပြန်လည်ရရှိနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊ ပို့ကုန်တိုးမြှင့်ရေးအတွက် မက်လုံးပေး၍ ဆောင်ရွက် စေခြင်း Export Incentive ကဲ့သို့ အချိန်တိုကာလအတွင်း အကျိုးသက်ရောက်မှုရှိနိုင်သည့်

နည်းလမ်းများဖြင့် ဆောင်ရွက်ပေးသင့်ပါတယ်။ ယခုကဲ့သို့ စီးပွားရေးလုပ်ငန်း အကြပ်အတည်းများ ကြုံတွေ့နေရသည့် ဖြစ်စဉ်များကို ဆက်လက်မဖြစ်ပွားစေရန်အတွက်လည်း နိုင်ငံတော်အနေဖြင့် သတိရှိရှိဖြင့် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ပေးပါရန် အကြံပြုဆွေးနွေးအပ်ပါတယ်။

အဆို တတိယပိုင်းတွင် ဖော်ပြထားသည့်အတိုင်း ငွေလဲနှုန်းကျဆင်းမှုကြောင့် ထိခိုက်နစ်နာသည့် စီးပွားရေးလုပ်ငန်းများနှင့် အလုပ်သမားများ၊ ပြည်သူပြည်သားများ၏ အခက်အခဲများ ပြေလည်စေနိုင်ရန်နှင့် နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်အားကောင်းစေရန်အတွက် လက်ရှိဆောင်ရွက်ပေးမှုများအပြင် မြန်မြန်ဆန်ဆန် အကျိုးသက်ရောက်မှုရှိနိုင်သည့် ရေတို၊ ရေရှည် အစီအမံများ short term and long term plan များဖြင့် ဆက်လက်ဆောင်ရွက်ပေးသင့်ပါကြောင်း တွေ့ရှိပါသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာ တင်သွင်းသည့် ဈေးကွက်တွင် ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းကျဆင်းမှုကြောင့် အခက်အခဲကြုံတွေ့နေရသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန်အတွက် စီမံဆောင်ရွက်ပေးပါရန်အဆိုကို လေးစားစွာဖြင့် ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်း၊ သီပေါမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၃ း ၄၇**။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း ဖြစ်ပါတယ်။ မနေ့က လွှတ်တော်အစည်းအဝေးမှာ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာ တင်သွင်းသွားခဲ့တဲ့ ဈေးကွက်တွင် ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းကျဆင်းမှုကြောင့် အခက်အခဲကြုံတွေ့နေရသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်ရေးအတွက် စီမံဆောင်ရွက်ပေးပါရန် အဆိုနဲ့ပတ်သက်ပြီး လှိုက်လှိုက်လှဲလှဲ ထောက်ခံပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလွှတ်တော်အစည်းအဝေး မကျင်းပမီမှာဘဲ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသွားခဲ့ပါတယ်။ ဒီဆွေးနွေးပွဲမှာ စီးပွားရေးပညာရှင်များ ပါဝင်ဆွေးနွေးတာ ဖြစ်လို့ စီးပွားရေးပညာရှင် ဦးမြင့်တို့လည်း ဆွေးနွေးသွားခဲ့တာတွေ အတော်ကောင်းပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဆိုလို့ရှိရင်လည်း ဒီလွှတ်တော်ထဲမှာ ကျွန်တော်တို့ စီးပွားရေးနဲ့ ပတ်သက်လို့ ကိုယ်နားလည်သလောက် တင်ပြဆွေးနွေးရင်းနဲ့ အဖိုးတန်မယ်ထင်တဲ့ အကြံပြုချက်တွေကို

ပြောပြဆွေးနွေးစရာ ရှိတဲ့အတွက်ကြောင့်မို့လို့ နည်းနည်းလေးပြောခွင့်ပြုပါ။ ကျွန်တော်တို့ ယေဘူယျအားဖြင့်တော့ ဦးစိုးသာရဲ့အဆိုကို ထောက်ခံပါတယ်လို့ ဆိုလိုက်တာနဲ့ ကျွန်တော်တို့ လွှတ်တော်ကလည်း ဒီအဆိုကို ထောက်ခံဖို့ပဲများပါတယ်။ ထောက်ခံဖို့သေချာသလောက်ရှိပါတယ်။ သို့သော်လည်း အကြံပြုချက်တွေကို ပြုချင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်နည်းနည်း ဒီမှာ ဆွေးနွေးပါရစေ။

ပထမတစ်ချက်ကတော့ ကျွန်တော်ဆွေးနွေးချင်တဲ့ ဆွေးနွေးချက်မှာ အပိုင်းနှစ်ပိုင်းပါပါတယ်။ တစ်ပိုင်းကတော့ ယနေ့ မြန်မာနိုင်ငံမှာ ဒေါ်လာငွေဈေး ဘာကြောင့် ကျနေရသလဲဆိုတဲ့အပိုင်းနဲ့ ဒီပြဿနာကို ဘယ်လိုဖြေရှင်း၊ ကိုင်တွယ်မလဲဆိုတဲ့ အကြံပြုချက်ဖြစ်ပါတယ်။ အဲဒီတော့ ဒေါ်လာငွေဈေးကျဆင်းနေရတဲ့ အဓိကပြဿနာကတော့ ကမ္ဘာမှာအမေရိကန်နိုင်ငံရဲ့ စီးပွားရေးဟာ ဆိုးဆိုးရွားရွားကျဆင်းသွားခဲ့တယ်။ ကျဆင်းသွားခဲ့တဲ့အတွက်ကြောင့်မို့လို့ အိုဘားမားမတက်ခင်မှာ သူ့ရဲ့စီးပွားရေးကို ကယ်တင်ဖို့အတွက် Bill out လို့ခေါ်တဲ့ စီးပွားရေးအရ ကယ်တင်ရေးစီမံကိန်းတွေနဲ့ ငွေတွေချေးပြီးတော့ အကြီးအကျယ် လုံးပန်းရုန်းကန်ခဲ့တယ်။ အဲဒီတော့ တစ်ပြိုင်နက်တည်းမှာပဲ သူနဲ့အဓိက ကုန်သွယ်ဖက်နိုင်ငံဖြစ်တဲ့ တရုတ်ပြည်ရဲ့ ငွေလဲလှယ်နှုန်းထားဟာ အမေရိကန်ဒေါ်လာနဲ့ယှဉ်ရင် လဲတဲ့တရုတ်ငွေရဲ့ လဲလှယ်နှုန်းထားကိုတင်ပေးဖို့ တောက်လျှောက်ဖိအားပေးခဲ့တယ်။ တရုတ်ပြည်ကလည်း ဒီကိစ္စကိုမလိုက်လျောခဲ့ဘူး။ အဲဒီလိုဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခုနောက်ပိုင်းမှာ ဆိုလို့ရှိရင် အမေရိကန်ဟာ ငွေတွေချေးပြီးတော့သုံးတယ်။ သူ့ရဲ့ငွေကို တန်ဖိုးကျအောင် ငွေစက္ကူတွေ ရိုက်ထုတ်ပြီးတော့သုံးတယ်။ အဲဒီလိုဖြစ်တဲ့အခါကြတော့ ကမ္ဘာမှာ သူ့အပေါ်မှာ စီးပွားရေး ယုံကြည်မှုတွေကလည်း ကျဆင်းလာပြီးတဲ့အခါကြတော့ ကမ္ဘာမှာ အမေရိကန်ဒေါ်လာဈေးဟာ ကျဆင်းလာတယ်။ အဲလိုကျဆင်းလာတာနဲ့ တစ်ပြိုက်နက်တည်းမှာ တရုတ်ပြည်ကလည်း ဘာလုပ်သလဲဆိုရင် တရုတ်ပြည်ဟာ အမေရိကန်ဒေါ်လာက ကျဆင်းပြီးတော့ သူ့ရဲ့တရုတ်ယွမ်ငွေက ခိုင်မာနေလို့ရှိရင် သူ့နိုင်ငံမှာရှိတဲ့ လုပ်ငန်းတွေဟာ အမေရိကန်ကိုတင်ပို့တဲ့ စက်ရုံအလုပ်ရုံတွေပဲ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူ့ပို့ကုန်တွေ ဈေးကွက်ဆုံးရှုံးမှာ စိုးတဲ့အတွက်ကြောင့်မို့လို့ တရုတ်အစိုးရကလည်း သူ့ရဲ့ယွမ်ငွေကို အမေရိကန်ဒေါ်လာကျသလို လိုက်ကျအောင် သူကဆောင်ရွက်ထားတယ်။ ဆိုလိုချင်တာက ကျွန်တော်တို့က ယခု အမေရိကန်နဲ့ မြန်မာငွေ ဈေးလဲလှယ်နှုန်းမှာ ကျတယ်ဆိုတာနဲ့ တစ်ပြိုင်နက်တည်း တရုတ်ငွေနဲ့ လဲလှယ်နှုန်းမှာလည်း မြန်မာငွေက တက်ပြီးတော့ တရုတ်ငွေက ကျနေတယ်။ အဲဒီတော့ ဒါတစ်ချက်ပေါ့လေ။ ဒီလို အခြေခံအကြောင်းရင်းအောက်မှာ ကျွန်တော်တို့တိုင်းပြည်မှာက ဒီလို အမေရိကန်ဒေါ်လာကျတဲ့ကိစ္စကို ထိုင်းတို့၊ ဘင်္ဂလားဒေ့ရှ်တို့ တခြားအိမ်နီးချင်း

နိုင်ငံတွေလည်း ကျွန်တော်တို့နည်းတူ ခံရတာပဲ။ ခုနက ကိုယ်စားလှယ်ကြီးတစ်ယောက် တင်ပြသွားသလိုပဲ ရာခိုင်နှုန်းတော့ မတူကြဘူးပေါ့။ အဲဒီမှာ သတိထားမိပါလိမ့်မယ်။ တရုတ်ရဲ့ကျဆင်းနှုန်းက အမေရိကန်ဒေါ်လာနဲ့ ကျဆင်းတုန်းက အလွန်နည်းတယ်။ ဒါတရုတ်အစိုးရဟာ သူ့ရဲ့ငွေကို အမေရိကန်ဒေါ်လာနဲ့ ယှဉ်လို့ရှိရင်ကျဆင်းတဲ့နှုန်းကို တတ်နိုင်သမျှနည်းအောင် သူကထိန်းချုပ်ထားလို့ ဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာကြတော့ အဲဒီလို စီမံဆောင်ရွက်ထားမှုတွေ မရှိဘူး။ မရှိတဲ့ အပြင်မှာ ဘာတွေ ကျွန်တော်တို့က ထူးထူးခြားခြား ဒီကာလမှာ တိုက်တိုက်ဆိုင်ဆိုင်တွေ ဖြစ်သလဲဆိုလို့ရှိရင် သဘာဝဓာတ်ငွေ့တွေ အမြောက်အများ နိုင်ငံခြားကို ရောင်းချရတယ်။ ဒေါ်လာဘီလျံနဲ့ ချီပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ဝင်ငွေတွေရတယ်။ ကျောက်မျက်လေလံပွဲတွေ ခပ်စိပ်စိပ်ကျင်းပတယ်။ အဲဒီဟာတွေက ဒေါ်လာတွေရတယ်။ အဲဒီဒေါ်လာတွေရပြီးတဲ့အခါ ဒေါ်လာရတဲ့လုပ်ငန်းရှင်တွေက ဒေါ်လာကို ဒီအတိုင်းကိုင်ထားတာ မဟုတ်ဘဲနဲ့ ဈေးကွက်မှာချပြီးတော့ မြန်မာငွေနဲ့လဲတယ်။ အဲဒီတော့ မြန်မာငွေဝယ်လိုအားများလာပြီးတော့ မြန်မာငွေကဈေးတက်လာတယ်။ နောက်ထပ် ထူးခြားတဲ့ အချက်တွေကတော့ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွေလုပ်မယ်။ ဧရာဝတီမြစ်ဆုံ ရေကာတာစီမံကိန်းတွေလုပ်မယ်။ သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းကဲ့သို့သော ကြီးမားတဲ့ နိုင်ငံခြားငွေအလုံးအရင်းသုံးမယ့် စီမံကိန်းကြီးတွေ ကျွန်တော်တို့နိုင်ငံကို ရောက်လာတယ်။ အဲဒီတော့ ကျွန်တော်တို့ဒေသ သီပေါမှာဆိုရင်ကိုပဲ အခု တရုတ်ကုမ္ပဏီတွေက ပိုက်လိုင်းချမယ့်နေရာအတွက် တိုင်းထွာပြီးတော့ လျော်ကြေးတွေပေးမယ်ဆိုတဲ့အခါမှာ သူတို့တွက်ချက်ပေးတဲ့ ယေဘူယျပေါ့လေ။ အကြမ်းတွက်ချက်ထားတဲ့ လျော်ကြေးပမာဏဟာ သိပ်များတယ်။ လယ်တစ်ဧကဆိုလို့ရှိရင် လေးမျိုးသတ်မှတ်ထားပြီးတော့ သုံးဆယ့်တစ်သိန်း၊ နှစ်ဆယ့်ခြောက်သိန်း၊ နှစ်ဆယ့်လေးသိန်း၊ သိန်းနှစ်ဆယ် စသည်ဖြင့်ပေါ့လေ။ လေးမျိုးသတ်မှတ်ထားတယ်။ ဒါတွေက ရခိုင်ကနေပြီးတော့ နယ်စပ်အထိကို သူတို့က ရေနံပိုက်လိုင်း၊ ဓာတ်ငွေ့ပိုက်လိုင်းအတွက် ဒါကြီးတွေကို သူ့ပိုက်လိုင်းမြှုပ်မယ့်နေရာတွေအတွက် လျော်ကြေးတွေပေးသွားမှာ အဲဒီမြေလျော်ကြေးတင်မကဘူး၊ သီးနှံအတွက်ပါ ငါးနှစ်အတွက်ကို သူက သီးနှံအထွက်နှုန်း ဥပမာ-စပါးဆိုလို့ရှိရင် တစ်ဧကကို တင်း ၁၃၀ ထွက်တယ်လို့ သတ်မှတ်ပြီးတဲ့အခါကြတော့ တစ်တင်းကို ၇၂၀၀ နှုန်းနဲ့ တွက်ချက်ပြီးပေးဦးမယ်။ အဲဒီတော့ ပထမတန်းစား မြေတစ်ဧကပိုင်တဲ့ ပိုင်ရှင်တစ်ယောက်ဟာ သိန်းတစ်ရာလောက်ရမယ်။ ဒါနမူနာပြောပြတာပေါ့လေ။ အထက်က ဆုံးဖြတ်ချက်အတည်ဖြစ်လို့ရှိရင် ခုနက လျော်ကြေးပေးမယ့် ငွေတွေက တရုတ်ငွေကို မြန်မာငွေလဲပြီးတဲ့ အခါကြတော့ မြန်မာငွေနဲ့ ပေးရမှာဖြစ်တော့ ကျွန်တော်တို့ ဈေးကွက်ထဲမှာ ဒါတွေက ဆက်တိုက်ဝင်ရောက်လာဖို့ရှိတယ်။

နောက် နံပါတ်လေးအချက်ကတော့ ကျွန်တော်တို့ ဘဏ်တွေကနေပေးတဲ့ အတိုးနှုန်းဟာ အရင်တုန်းကတော့ ငွေဖောင်းပွမှုနှုန်း သိပ်များနေလို့ ကျွန်တော်တို့ ဘဏ်အတိုးနှုန်းတွေ ပေးတာက ငွေဖောင်းပွနှုန်း မကာမိဘူးဆိုပြီးတော့ ကျွန်တော်တို့ ဘဏ်တွေကို ပြစ်တင်ကဲ့ရဲ့တာ ခံရတယ်။ ယခု အချိန်မှာကတော့ ကျွန်တော်တို့ ငွေလျှော့နှုန်းက မာလာပြီးတော့ ကျွန်တော်တို့ရဲ့ ဘဏ်တိုးနှုန်းက ဒေသ တွင်းမှာ အမြင့်ဆုံးဖြစ်နေတယ်။ အမြင့်ဆုံးဖြစ်နေတဲ့အခါကြတော့ ဒါကို စောင့်ကြည့်နေတဲ့ တရုတ် နယ်စပ်က ကုန်သည်တွေ၊ ထိုင်းနယ်စပ်က ကုန်သည်တွေ၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်က ကုန်သည်တွေ အဲဒီကုန်သည်တွေဟာ သူတို့ပိုင်ဆိုင်တဲ့ ငွေတွေကို မြန်မာငွေပြောင်းပြီးတဲ့ အခါကျတော့ မြန်မာဘဏ် မှာ လာအပ်ကြတယ်။ အပ်တဲ့ဟာကတော့ သူတို့ရဲ့ခင်တဲ့မင်တဲ့ မိတ်ဆွေတွေက အပ်တာ ဖြစ်ချင် ဖြစ်မယ်ပေါ့လေ။ ဆိုလိုတာက မြန်မာငွေခိုင်မာလာနေတယ်။ အတိုးလည်း ပိုရတယ်ဆိုတဲ့အခါ ကြတော့ သူတို့က အရင်တုန်းက တရုတ်ငွေ ထားတဲ့ကုန်သည်တွေက မြန်မာငွေပြောင်းပြီးတော့ မြန်မာ ဘဏ်မှာလာအပ်တယ်။ မြန်မာငွေကို ဈေးကွက်ထဲမှာ ရှာဝယ်ယူတဲ့ ဝယ်လိုအားများလာတဲ့အခါ ကြတော့ မြန်မာငွေက ဈေးတက်လာတယ်။ နောက်တစ်ခုက ကျွန်တော်တို့ မြန်မာနိုင်ငံက ထားဝယ် ရေနက်ဆိပ်ကမ်းတွေလုပ်မယ်။ ယခု တရုတ်နဲ့ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတွေချမယ်။ ရထားလမ်း တွေ၊ ကားလမ်းတွေ ဖောက်မယ်ဆိုတဲ့ စီမံကိန်းတွေ ရှိတဲ့အတွက်ကြောင့်မို့လို့ ဒီအနာဂတ်အလား အလာဟာ မြန်မာပြည်ဟာ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုပိုကောင်းတဲ့ တိုင်းပြည်တစ်ခုဖြစ်တယ် ဆိုပြီးတော့ ကမ္ဘာမှာ နာမည်ထွက်နေတယ်။ နာမည်ထွက်လာတာကို ကျွန်တော်တို့ အမေရိကန်နိုင်ငံမှာ သူတို့ရဲ့ လွတ်လပ်တဲ့ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေ အတွင်းမှာတောင်မှ ပြောနေကြတာရှိတယ်။ ဘာကြောင့်တုန်းဆိုတော့ ထားဝယ်ရေနက်ဆိပ်ကမ်းကြီးသာ ပြီးစီးမယ်ဆိုလို့ရှိရင် စက်ရုံနဲ့အပြိုင် ရင်းနှီးမြှုပ်နှံဖို့ အကောင်းဆုံးအလာအလာရှိတဲ့ နေရာဖြစ်လာမယ်။ ဒီလုပ်ငန်းအတွက်ကလည်း ဒေါ်လာဘီလျံနဲ့ချီပြီးတော့ ရင်းနှီးမြှုပ်နှံမှာ ဖြစ်တဲ့အတွက် အဲဒီမှာကြိုတင်ပြီးတော့ မြေယာဝယ်မှုတွေ ရှိတယ်။ ရင်းနှီးမြှုပ်နှံမယ့် ကုမ္ပဏီတွေ ကိုယ်၌ကလည်း ဒေါ်လာကိုပိုက်လာကြမှာ၊ ဒေါ်လာပိုက်လာပြီး ဒေါ်လာနဲ့အလုပ်လုပ်လို့မရတဲ့အတွက်ကြောင့် မြန်မာငွေလဲကြရမှာ၊ မြန်မာငွေလဲကြတဲ့အခါမှာ မြန်မာငွေလိုငွေ မြန်မာငွေ Demand ပေါ့လေ။ Demand ပိုများလာပြီးတော့ တစ်ခါ မြန်မာငွေ ကဈေးထပ်တက်ဦးမှာ။

နောက်တစ်ခါ နံပါတ် ၆ ကတော့ ပြည်တွင်းမှာရှိတဲ့ အစိုးရပိုင်အဆောက်အဦတွေ၊ စက်ရုံတွေ ကို Privatization လုပ်တဲ့အနေနဲ့ လေလံပစ်တာ အဲဒီလေလံပစ်တဲ့ကိစ္စမှာလည်း ကျွန်တော်တို့က မြန်မာငွေပဲ သွင်းပါလို့ အစိုးရကတောင်းဆိုတဲ့အတွက်ကြောင့်မို့လို့ မြန်မာငွေဈေးကွက်အတွင်းမှာ

အလုအယက် ရှာဖွေမှု ဖြစ်တယ်။ အဲဒီလို ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ မြန်မာငွေဟာ တောက်လျှောက်တက်လာတယ်။ အရင်တုန်းက အမြင့်ဆုံးတစ်ဒေါ်လာကို ၁၄၀၀ လောက် ပေါက်ခဲ့တဲ့ အနေအထားကနေပြီးတော့ ယနေ့ ၇၀၀ ပတ်ဝန်းကျင်မှာပဲ ရှိတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ ကျွန်တော် သိသလောက်ဆိုလို့ရှိရင် ဒါအစပဲရှိသေးတယ်။ အစပဲရှိသေးတဲ့ အတွက် ကြောင့်မို့လို့ ထားဝယ်ရေနက်ဆိပ်ကမ်းများ၊ တရုတ်နဲ့မြန်မာရေနံပိုက်လိုင်း၊ ဂက်စ်ပိုက်လိုင်း လုပ်ငန်းတွေ အရှိန်အဟုန်မြင့်လာတဲ့အချိန်မှာ ကျွန်တော်တို့ အစိုးရကလည်း ဒီကိစ္စနဲ့ပတ်သက်လို့ ဖိဖိစီးစီး ထိထိရောက်ရောက် မလုပ်ဘူးဆိုရင် ဒေါ်လာငွေတန်ဖိုးဟာ ဆက်ပြီးတော့ တက်နေဦးမှာ ဖြစ်တယ်။ ဒီလို ဆက်တက်နေတဲ့ အတွက်ကြောင့်မို့လို့ ဘာတွေဖြစ်လာလဲ ဆိုတဲ့အခါကျတော့ ခုနက ကိုယ်စားလှယ်တော်ကြီးများ တင်ပြသွားခဲ့သလိုပဲ ကျွန်တော်တို့နိုင်ငံက ပို့ကုန်၊ လယ်ယာနဲ့ စက်မှုထွက်ကုန်တွေပေါ့။ လယ်ယာထွက်ကုန်တွေနဲ့ စက်မှုလုပ်ငန်းကုန်ပစ္စည်းတွေပေါ့လေ။ စက်မှု လုပ်ငန်းကဏ္ဍကတော့နည်းမှာ။ ဒါပေမယ့် နိုင်ငံခြားကနေ လာရင်းနှီးမြှုပ်နှံပြီးတော့ ဝန်ဆောင်မှုပဲ အထည်ချုပ်လုပ်ငန်းတို့ ပဲအမျိုးမျိုး၊ ပြောင်း၊ စပါး စတဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ ကုန်ပစ္စည်းတွေဟာ ကျွန်တော်တို့ တင်ပို့လိုက်တိုင်းမှာ ရှုံးနေတယ်။ ရှုံးနေတဲ့အခါကြတော့ ဒီဟာနဲ့ပတ်သက်ပြီးတော့ ပါဝင်ပတ်သက်နေတဲ့ တင်ပို့တဲ့သူတွေ၊ ထုတ်လုပ်တဲ့သူတွေ၊ စက်ရုံတွေ အဲဒါတွေက အရှုံးပေါ်တဲ့အတွက်ကြောင့်မို့လို့ ရေရှည်မှာ ရပ်တည်နိုင်မှာမဟုတ်တော့တဲ့ အတွက်ကြောင့် အလုပ်တွေ နားရတော့မယ့်သဘော ဖြစ်လာတယ်။ အဲဒီလို နားရပြီဆိုလို့ရှိရင် ကျွန်တော်တို့ တိုင်းပြည်မှာ အလုပ်လက်မဲ့တွေ ပေါလာမယ်။ အခြားတိုင်းပြည်ကနေပြီးတော့ ကျွန်တော်တို့ တိုင်းပြည်ထဲကို ပိုမိုဈေးပေါတဲ့ ပစ္စည်းတွေ ဝင်လာမယ်။ ဈေးကွက်တွေ ဝင်လာမယ်။ ဈေးကွက်ကို ဝင်လုတာတွေ ဖြစ်လာမယ်။ အဲဒီတော့ ဟုတ်ပြီ။ ကျွန်တော်တို့ ဒေါ်လာဈေးကျတဲ့ အတွက်ကြောင့်မို့ ဘာမှအကျိုးမခံစားရဘူးလား ဆိုတော့ အကျိုးခံစားရတာတွေ ရှိပါတယ်။ ဥပမာ-အီလက်ထရောနစ်ပစ္စည်းတွေ၊ ကွန်ပျူတာစတဲ့ ကျွန်တော်တို့ မလုပ်နိုင်တဲ့ နိုင်ငံခြားက သွင်းလာရတဲ့ ပစ္စည်းတွေ အဲဒီလို ပစ္စည်းတွေကတော့ ဈေးကျလာတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ တစ်တွေဟာ၊ ဝယ်ယူသုံးစွဲတဲ့ သူတွေအနေနဲ့ကတော့ အကျိုးခံစားရတယ်။ သို့သော် ယေဘူယျ အားဖြင့် တိုင်းပြည်တစ်ပြည်ဟာ ဆိုလို့ရှိရင် သူ့ဆီကပစ္စည်းတွေကို ရောင်းရမှ အဓိကအားဖြင့် သူ့ဆီကပစ္စည်းတွေ ရောင်းထွက်မှသာလျှင် ပြည်သူလူထုဟာ အလုပ်တွေရမယ်။ သူတို့ရဲ့ စားဝတ်နေရေးအတွက် ရပ်တည်နိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့တွေဟာ မြန်မာငွေ တန်ဖိုး တက်လာတာဟာ ကျွန်တော်တို့ အတွက်ကောင်းတဲ့ ကိစ္စမဟုတ်ပါဘူး။ ဒီလိုကိစ္စမျိုးကို

၁၉၆၀ ခုနှစ်က ဒတ်ချ်လို့ခေါ်တဲ့ ဥရောပက နိုင်ငံလေးတစ်နိုင်ငံမှာ ဖြစ်ခဲ့ဖူးပါတယ်။ ဒတ်ချ်လို့ခေါ်တဲ့ နယ်သာလန် ဒါမှမဟုတ် ဟော်လန်ပေါ့လေ၊ ခေါ်တဲ့ ဒီနိုင်ငံလေးဟာ ၁၉၆၀ ခုနှစ်အလွန်မှာ မြောက်ပင်လယ်မှာ သဘာဝဓာတ်ငွေ့တွေ အမြောက်အမြားတွေ့တယ်။ အဲဒီတွေ့တဲ့ သဘာဝဓာတ်ငွေ့ တွေကို နိုင်ငံခြားကို တင်ပို့ရောင်းချလိုက်တဲ့အခါမှာ ဒေါ်လာငွေအမြောက်အမြားရရှိပြီးတဲ့ အခါကြတော့ သူတို့ရဲ့ ဂေဒါလို့ခေါ်တဲ့ သူ့နိုင်ငံသုံးငွေက တက်သွားတယ်။ တက်သွားတဲ့ အခါကြတော့ သူ့နိုင်ငံက အရင်ကထုတ်လုပ်နေတဲ့ လယ်ယာသုံးကုန်ပစ္စည်းတွေဖြစ်တဲ့ ဝက်ပေါင်ခြောက်တို့၊ ကြက်ဥတို့ စိုက်ပျိုးရေးထွက်ကုန်တွေ အဲဒါတွေက နိုင်ငံခြားကို ရောက်တဲ့ အခါမှာ သူတို့က ဈေးမြင့်နေတဲ့အခါကြတော့ မရောင်းရဘူး။ မရောင်းရတဲ့ အခါကြတော့ သူတို့လုပ်ငန်းတွေ ရပ်ရတယ်။ သူတို့ နိုင်ငံကထွက်တဲ့ စက်မှုလုပ်ငန်းသုံးပစ္စည်းတွေ ဥပမာ- မော်တော်ကားတို့၊ ဘာတို့ ဆိုရင်လည်း သူတို့ နိုင်ငံက ဈေးကြီးနေတဲ့အခါကြတော့ မရောင်းရဘူး။ မရောင်းရတော့ လုပ်ငန်းတွေ ပိတ်ရတယ်။ အလုပ်လက်မဲ့တွေပေါ်တယ်။ အဲဒီလိုတွေ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြောရမယ် ဆိုလို့ရှိရင် သူတို့တိုင်းပြည်ဟာ သဘာဝဓာတ်ငွေ့ အမြောက်အမြားထွက်တယ်ဆိုတဲ့ ကံကောင်းတဲ့ လက္ခဏာကနေ ကံဆိုးတဲ့လက္ခဏာဖြစ်သွားတော့ ဒါထူးထူးဆန်းဆန်းဖြစ်တာပဲဆိုပြီးတော့ ဒီလိုမျိုး အဖြစ်အပျက်ကို ဒတ်ချ်(ဟန်းဒရုန်း) ရောဂါစုပေါ့လေ။ တချို့ကလည်း ဒတ်ချ် Disease လို့ခေါ်တဲ့ ဒါအခု ကျွန်တော်တို့ တိုင်းပြည်မှာ ခပ်ဆန်ဆန်ဖြစ်နေပြီးလားလို့ ပညာရှင်တွေကတော့ သုံးသပ်ပါတယ်။ ကျွန်တော်တို့က ဟုတ်ပြီ။ ဒီလိုကိစ္စက မြန်မာငွေအဲဒီလို တန်ဖိုးတက်လာတဲ့ကိစ္စက မကောင်းဘူးလို့ သိပြီးပြီဆိုလို့ရှိရင် ကျွန်တော်တို့ အစိုးရကတော့လိုအပ်တဲ့ ထိန်းညှိမှုတွေလုပ်လိမ့်မယ်လို့ ကျွန်တော် ကတော့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ ဒီလွှတ်တော်က မတိုက်တွန်းရင်လည်း သူတို့လုပ်ဖို့အတွက် ရည်ရွယ်ချက်ရှိရှိနဲ့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်နေတာကို ကြားသိရတဲ့အတွက် ဝမ်းသာပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ဒါတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲ ဆိုတာနဲ့ ပတ်သက်ပြီးတော့ အချက်လေးချက်လောက်ကို ကျွန်တော် အကြံပြုပါတယ်။

ပထမအချက်ကတော့ ဘဏ်အတိုးနှုန်းတွေ ကျွန်တော်တို့ရဲ့ ဘဏ်အတိုးနှုန်းတွေကို ချိန်ညှိဖို့၊ နံပါတ်နှစ်အချက်ကတော့ ဒေါ်လာရဲ့ဈေးကွက်အတွင်းမှာရှိတဲ့ ဝယ်လိုအား၊ ရောင်းလိုအားကို ဖန်တီးထိန်းညှိပေးဖို့၊ နံပါတ်သုံးအချက်ကတော့ ဒေါ်လာဈေးကျဆင်းစေတဲ့ Sources တွေကို ပယ်ဖျက်ပစ်ဖို့ ခုန ကျွန်တော်ပြောခဲ့တဲ့ ခုနှစ်ချက်ထဲက တစ်ချို့ပယ်ဖျက်လို့ရတဲ့ဟာတွေ ပယ်ဖျက် ပေါ့နော်။ နံပါတ်လေးကတော့ သွင်းကုန်ထုတ်ကုန်ပေါ်လစီကို ယာယီငွေလဲနှုန်းသတ်မှတ်ထားတဲ့ ငွေပေးငွေယူစနစ်နဲ့ ယာယီထိန်းညှိဖို့ပေါ့နော်။ အဲဒီတော့ ပထမဦးဆုံး ဘဏ်အတိုးနှုန်းနဲ့ ထိန်းညှိဖို့

ဆိုတဲ့ဥစ္စာကတော့ ဗဟိုဘဏ်ဟာ ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ကင်းကင်းရှင်းရှင်းဖြစ်ပြီးတဲ့ အခါကြတော့ လွတ်လပ်တဲ့ အဖွဲ့အစည်းဖြစ်ဖို့လိုတယ်။ အဲဒီတော့ ဘဏ်က လွတ်လွတ်လပ်လပ် သူကဆောင်ရွက်နိုင်လို့ရှိရင် ကျွန်တော်တို့ဒီဈေးကွက်ထဲမှာရှိတဲ့ အရေးကြီးဆုံးကုန်သွယ်ရေးလောကမှာ အရေးကြီးဆုံးဖြစ်တဲ့ငွေလဲနှုန်းကို မျက်ခြေမပြတ်စောင့်ကြည့်ဖို့ သူ့မှာတာဝန်ရှိတယ်။ အဲဒီတော့ မျက်ခြေမပြတ်စောင့်ကြည့်ပြီးတဲ့အခါကြတော့ ငွေလဲနှုန်းကို ကျွန်တော်တို့ ဘယ်နှစ်ရာခိုင်နှုန်းပဲ တက်ခွင့်၊ ကျခွင့်ပြုမယ်။ ရောင်းလို့ရှိရင်ဘယ်ဈေး၊ ဝယ်လို့ရှိရင် ဘယ်ဈေး စသည်ဖြင့် သတ်မှတ်ပြီးတော့ သူက ဒါကို အစဥ်တစိုက် လုပ်နေဖို့လိုပါတယ်။ အဲဒီတော့ တကယ်လို့ ဒီအချိန်မှာ ဘဏ်တိုးနှုန်းတွေကို ကျွန်တော်တို့ ချလိုက်မယ်ဆိုလို့ရှိရင်လည်း ဘဏ်တိုးနှုန်းပိုရပြီးတော့ ငွေကြေးအရတန်ဖိုးလဲလှယ်နှုန်းအရ မာလာတဲ့ မြန်မာငွေကိုလဲပြီးတော့ လာရောက်မြှုပ်နှံတဲ့ နိုင်ငံခြားက တရုတ်ငွေတို့၊ ဘတ်ငွေတို့ အဲဒါတွေ ပြန်ပြီးတော့ထွက်သွားမယ်ဆိုရင် မြန်မာငွေတန်ဖိုးတက်တဲ့ ဥစ္စာနည်းနည်းသက်သာသွားမယ်။ နောက်တစ်ချက်က နံပါတ်နှစ်ကတော့ ဒေါ်လာ ဝယ်လိုအား၊ ရောင်းလိုအားကို ဖန်တီးထိန်းညှိပေးဖို့ အဲဒါကတော့ အခုဒီဈေးကွက်ထဲမှာ အဓိက ပြဿနာတက်နေတဲ့လဲနှုန်းက ကျွန်တော်တို့ Export ၊ Import လုပ်တဲ့နေရာမှာ တက်နေတယ်။ Export ၊ Import လုပ်တဲ့နေရာမှာ ဒေါ်လာကို ဝယ်လိုအားများလာအောင် ဈေးကွက်ထဲမှာ ဒေါ်လာဝယ်လိုအား များလာအောင်ဆိုလို့ရှိရင် ကျွန်တော်တို့က ဒေါ်လာကို ကုန်သည်တွေ၊ လုပ်ငန်းရှင်တွေလိုက်ပြီးတော့ ရှာစေမယ့်အကြောင်းအချက်မျိုးတွေကို ဖန်တီးပေးသင့်တယ်။ ဥပမာအားဖြင့်ဆိုလို့ရှိရင် မြန်မာငွေ ၅၅သိန်းနဲ့ ရောင်းပေးတဲ့ မြန်မာမီနီဆလွန်းကို ကျွန်တော်တို့က မြန်မာငွေ ၅၅သိန်းနဲ့ မရောင်းဘဲနဲ့ FEC ၅၅၀၀နဲ့ ရောင်းခဲ့ရင် FEC တစ်ဒေါ်လာကို ၁၀၀၀ နှုန်းနဲ့ ဖြစ်စေချင်တယ်ဆိုလို့ရှိရင် အဲလိုသတ်မှတ်လိုက်လို့ရှိရင် ဒီ FEC ဈေးနှုန်းက ပြန်တက်လာမယ်။ FECကိုလည်း နိုင်ငံခြားကနေပြီးတော့ သွင်းကုန်တွေသွင်းဖို့အတွက် ခွင့်ပြုပေးမယ်ဆိုလို့ရှိရင် ဒီဒေါ်လာဈေးဟာ ပြန်တက်လာနိုင်ပါတယ်။ ဒါတော့ နမူနာပြောပြတာပေါ့လေ။ ထိုနည်းဌင်းပါပဲ အစိုးရကလေလံပစ်ထားတဲ့ အဆောက်အဦတွေ၊ စက်ရုံတွေကိုလည်း တကယ်လို့များ ငွေခုသွင်းဖို့လိုသေး တယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဟာ ဗမာငွေနဲ့မသွင်းစေဘဲနဲ့ FEC နဲ့လဲလှယ်ပြီးတော့ သွင်းခိုင်းတယ်ဆိုရင် ဈေးကွက်ထဲမှာ ဒေါ်လာရှာဖွေတာတွေများလာရင် ဒေါ်လာဈေးပြန်ပြီးတော့ ဦးမော့လာနိုင်တဲ့အလားအလာရှိတယ်။ နောက်တစ်ချက်က ကားတွေကို တင်သွင်းခွင့်ပြုဖို့။ အဲဒီလို ကားတွေတင်သွင်းခွင့်ပြုတဲ့အခါမှာ ကားလေးတွေက ဂျပန်တို့ဘာတို့မှာဆိုလို့ရှိရင် သူတို့မသုံးတော့တဲ့ ကားအို၊ ကားဟောင်းသည်ပင်လျှင် ကျွန်တော်တို့ စက်ရုံတွေကထုတ်တဲ့ ကားသစ်တွေထက် အများကြီးကောင်းပါတယ်။ ကျွန်တော်တို့တွေက ဒီမှာအလွန်ကောင်းပါတယ်ဆိုတဲ့

ပေးပြီးတော့ ဝယ်စီးနေတဲ့ကားတွေဟာ ကမ္ဘာမှာဆိုရင်တော့ အမြင့်ဆုံးပဲထင်ပါတယ်။ ဒီစက်မှုလုပ်ငန်းက သိပ်ပြီးတော့ မကောင်းလှဘူးလို့ထင်တယ်။ တရုတ်ပြည်မှာဆိုလို့ရှိရင်တော့ နိုင်ငံခြားကားကုမ္ပဏီတွေဝင်ပြီးတော့ရင်းနှီးမြှုပ်နှံတယ်ဆိုရင် သူတို့နိုင်ငံက ကုမ္ပဏီတွေနဲ့ ဖက်စပ်လုပ်ခိုင်းပါတယ်။ အဲလိုလုပ်ခိုင်းပြီးတဲ့ အခါကြတော့ အသစ်ကိုပဲထုတ်ခိုင်းပါတယ်။ နာမည်ကလည်း သူတို့ရဲ့ မူရင်းနာမည် ဥပမာ Toyota ၊ Volvo ၊ Santana စသည်ဖြင့်ပေါ့လေ။ အဲလိုဆိုတဲ့အခါကြတော့ ကိုယ့်ဒီတိုင်းပြည်က စက်မှုလုပ်ငန်းရှင်တွေလည်း အတတ်ပညာတွေရ၊ နိုင်ငံခြားစံချိန်လည်းမီ၊ ကားသစ်လည်းစီးရပေါ့။ အဲဒီလို မလုပ်နိုင်သေးဘူးဆိုရင်လည်း ကျွန်တော်တို့က ကားသွင်းခွင့်ကို ပြုသင့်တယ်။ ကားတင်သွင်းခွင့်ပြုလိုက်တဲ့အခါမှာလည်း ကျွန်တော်တို့ရဲ့လမ်းတွေပေါ်မှာ ကားအို၊ ကားဟောင်းတွေနဲ့ ပြည့်လျှံသွားမယ့်အန္တရာယ်ကရှိနေတယ်။ အဲလိုဖြစ်တဲ့အခါကြတော့ သက်တမ်း သိပ်ရင့်နေတဲ့ ဥပမာ-လွန်ခဲ့တဲ့ ၂၅ နှစ်လောက်က ကားမျိုးတွေကို ကျွန်တော်တို့က သက်တမ်းကုန်ဆိုပြီးတော့ ဖျက်သိမ်းပြီးတဲ့အခါကြတော့ ပိုင်ရှင်ကိုပြန်မပေးတော့ဘဲနဲ့ အဲဒီသက်တမ်းကုန်တဲ့ကားကို တစ်ခါတည်း ကညနရုံးက သိမ်းလိုက်ပြီးတဲ့ အခါကြတော့ တစ်စစီဖျက်ဆီး ပစ်လိုက်တာမျိုးပေါ့။ သက်တမ်းကုန်ဆိုပြီးတော့ မောင်းခွင့်မပြုဘဲနဲ့ ပြန်ပေးလိုက်လို့ရှိရင်လည်း ကျွန်တော်တို့လူမျိုးက တစ်စစီဖြုတ်ပြီးတော့ ကြက်တန်းပြန်ရောင်းမှာ ကျွန်တော်တို့က ဒီကားကိုလည်း တစ်စစီဖြုတ်သိမ်းပြီးတော့ သူတို့မရောင်းနိုင်အောင် သိမ်းလိုက်မယ်။ သံရည်ကျိုစက်ပို့လိုက်မယ်။ ပြီးတဲ့အခါကြတော့ အဲဒီကားပိုင်ရှင်မနစ်နာအောင် ကားတင်သွင်းခွင့်ပါမစ် ချပေးလိုက်မယ်ဆိုရင် ဒေါ်လာဈေးကွက်မှာ ဆိုလို့ရှိရင်လည်း ဒေါ်လာဝယ်လိုအား

**ဥက္ကဋ္ဌ**။ ။ ဥက္ကဋ္ဌပိတ်တာမဟုတ်ဘူး။ ဟိုးဘက်ကပိတ်တာ။ ပြန်ဖွင့်ပေးလိုက်။ ကဲဒါကြောင့်မို့လို့ သဘောပေါက်လောက်ပါပြီ။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ သဘောပေါက်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပေါက်ပါတယ်နော်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ ကျွန်တော် နိဂုံးချုပ်ပါမယ့်။ ကျွန်တော် တင်ပြခဲ့တဲ့အထဲမှာ အကြံပေးချက်ကလေးတွေကပိုပြီးတော့ အသုံးကျမယ်လို့ထင်လို့ ကျွန်တော်ပြောရခြင်း ဖြစ်ပါတယ်။ နောက်ဆုံး နှစ်ချက်ကတော့ ကျွန်တော်တို့သဘာဝခုနကပြောတဲ့ဒေါ်လာကို ကျဆင်းစေမယ့် Source တွေကို ပယ်ဖျက်ဖို့ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ခုနကပြောတဲ့ စီမံကိန်းကြီးတွေဖြစ်တဲ့ ထားဝယ်ရေနက်ဆိပ်ကမ်းတို့လို သဘာဝဓါတ်ငွေ့ပိုက်လိုင်းချတဲ့ ကိစ္စမျိုးလို ဒီလိုဟာကြီးတွေကို ကျွန်တော်တို့ ဖျက်လို့မရပါဘူး။ သို့သော် ကျွန်တော်တို့ ကျောက်မျက်ရတနာတူးဖော်ရေးကိစ္စလိုဟာမျိုးကို ရပ်သင့်

ပါတယ်။ ကျောက်မျက်ရတနာ တူးဖော်တဲ့ကိစ္စဟာ အလုံးအရင်းနဲ့ တူးဖော်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ သဘာဝပတ်ဝန်းကျင်တွေလည်း ပျက်စီးတယ်။ အဲဒါကို ကျွန်တော်တို့က တစ်ဦးချင်း တစ်ပိုင်တစ်နိုင်တူးဖော်တဲ့ဟာမျိုးနဲ့ လဲလှယ်ပြီးတဲ့အခါကြတော့ ကျွန်တော်တို့ ဒေါ်လာဝင်ငွေ Source ကို ကျွန်တော်တို့ ထိန်းသိမ်းသင့်ပါတယ်။ နောက်ဆုံးတစ်ချက်အနေနဲ့ကတော့ သွင်းကုန်၊ ထုတ်ကုန်ပေါ်လစီမှာ အခု ကျွန်တော်တို့ အင်ပို့ဖတ်စ်ဆိုတဲ့ဟာကိုဖျက်ပြီး Export ကို အရင်လုပ် Export ရလာတဲ့ငွေကို ကျွန်တော်တို့ အစိုးရကနေပြီးတော့ တစ်ဒေါ်လာကို ၁၀၀၀ နှုန်းနဲ့ ဖြစ်စေချင်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အစိုးရကတစ်ဒေါ်လာ ၁၀၀၀ နှုန်းနဲ့ ဒီငွေကို နိုင်ငံခြားက ပစ္စည်းမှာမယ့် ကုမ္ပဏီကို တိုက်ရိုက်လွှဲခွင့်မပြုပဲနဲ့ ကျွန်တော်တို့ရဲ့ MFTB ကိုပဲ လွှဲပြီးတော့ လုပ်ဖို့ဒေါ်လာ ၁၀၀၀ နှုန်းနဲ့ ရှင်းပေးပြီးတဲ့အခါကြတော့မှ Import သွင်းမယ့်သူကို ၁၀၂၀ နှုန်းလောက်နဲ့ ဖြစ်ဖြစ်ပေါ့လေ။ ကျွန်တော်တို့ ဒေါ်လာ ၁၀၀၀၀၀ ဆိုလို့ရှိရင် သိန်းပေါင်း ၁၀၀၀ ပေါ့။ သူ့ကို သိန်း ၁၀၀၀ ပေးလိုက်တဲ့အတွက်ကြောင့်မို့လို့ သူဟာ ၁၀၀၀ နှုန်းရတဲ့အတွက်ကြောင့်မို့လို့ ပြည်တွင်းမှာ ပဲတွေ၊ နှမ်းတွေကို သူကပြန်ပြီးတော့ဝယ်နိုင်မယ်။ အဲတော့ Import သွင်းမယ့် ဥပမာ-ဒီဇယ်သမားတို့၊ စားအုန်းဆီသမားတို့ကို ကျွန်တော်တို့က ၁၀၂၀ နဲ့ အစိုးရကနေပြီးတော့ ပြန်ရောင်းပေးမယ်။ အဲဒါက Import Money ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူဟာ ဒါဟာ သွင်းခွင့်ရှိလာပြီ။ အဲဒီလိုနည်းနဲ့ အစိုးရကနေပြီးတော့ ထိန်းချုပ်ပေးလို့ရှိရင် ဖြစ်နိုင်ပါတယ်။ သို့သော် ဒီမှာ သတိထားရမှာက Export လုပ်တဲ့အခါမှာ ဥပမာ-နိုင်ငံခြားက ဆန်စပါးမှာတယ်။ မှာတဲ့အခါကြတော့ ကျွန်တော်တို့က ဆန်စပါးကို သတ်မှတ်ထားတဲ့ ပေါက်စျေးတင်ပြပြီးတဲ့အခါကြတော့ စပါးခွံတွေတင်ပို့လိုက်တာမျိုး နိုင်ငံခြားက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ပေါင်းပြီးတော့ စပါးခွံတွေ တင်ပို့လိုက်တာမျိုးမဖြစ်ဖို့၊ ကျွန်တော်တို့စျေးကွက်ပေါက်စျေးဟာ အခု ၇၀၀ လောက်ပဲရှိတယ်။အစိုးရက ၁၀၀၀ နဲ့ပေးမှာဆိုတော့ ဒီဟာကို အမြတ်ထုတ်မယ့် ပုဂ္ဂိုလ်များက စပါးပို့တယ်လို့ ပြောပြီးတဲ့အခါကြတော့ စပါးခွံတွေ တင်ပို့လိုက်တာမျိုးကို ကျွန်တော်တို့က ရှောင်ရှားဖို့အတွက် ကျွန်တော်တို့ရဲ့ ဌာနဆိုင်ရာတွေက ကြပ်မတ်ဖို့ လိုပါတယ်။ နောက်အင်ပို့ဖတ်စ်ဆိုတဲ့ ဥစ္စာကိုလည်း ကျွန်တော်တို့က ဖျက်သိမ်းဖို့လိုပါတယ်။ အဲဒီလိုမျိုးလုပ်ပေးနိုင်မယ်ဆိုလို့ရှိရင် ချက်ချင်း ကျွန်တော်တို့ ငွေစျေးပြန်ပြီးတော့ တက်လာနိုင်မယ်လို့ ယူဆကြောင်းတင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နောက်ဆွေးနွေးဖို့ နှစ်ယောက်ရှိပါတယ်။ အကြမ်းဖျင်းထောက်ခံမယ်ဆိုတဲ့ သဘောပဲ သက်ရောက်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ကြားဖြတ်ပြီးတော့ ဥက္ကဋ္ဌတစ်ယောက် အနေနဲ့ရော၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ရော ကြားဖြတ်ပြီး ကျွန်တော်

ဆွေးနွေးပါမယ်။ အဲတော့ အရင်အဖွဲ့အစည်းပေါ့လေ။ အရင်အခေါ်ပေါ့လေ။ ထောက်လှမ်းရေး အဖွဲ့အစည်းများ ရှိခဲ့တုန်းက ထောက်လှမ်းရေးသင်တန်းသားများကို သက်ဆိုင်ရာသင်တန်းကျောင်း တွေက ပြောကြားသင်ကြားပေးလိုက်တာရှိတယ်လို့ ကြားရပါတယ်။ ကျွန်တော်တော့ သင်တန်း မတက်ဖူးပါဘူး။ ထာဝရမိတ်ဆွေ၊ ထာဝရရန်သူမရှိဘူး။ ထာဝရအကျိုးစီးပွားပဲ ရှိတယ်။ သဘောက တော့ မိမိတို့နိုင်ငံအတွက်လည်း မိမိတို့နိုင်ငံရဲ့ အကျိုးစီးပွားကိုဖြစ်အောင် လုပ်ကြရပါတယ်။ ဒီနေ့ ဆိုလို့ရှိရင်ခုနက ဆွေးနွေးသွားတာ ရှိပါတယ်။ ဦးညွန့်လှိုင်ဆွေးနွေးတာ ရှိတယ်။ ဒါဘာလည်းဆိုရင် နိုင်ငံတော်ဆိုတဲ့ စကားသုံးပါတယ်။ တကယ် နိုင်ငံတော်ကို တရားဝင်သုံးခွင့်ရှိတာက လွှတ်တော်ရယ်၊ ပြီးတဲ့အခါမှာ အစိုးရရယ် ဒါဥပဒေမှာလည်း ကျွန်တော်တို့သင်တယ်။ ဒါပေမယ့်လို့ ယခု ကျွန်တော် တို့လူတွေဟာ နိုင်ငံတော်ကိုယ်စားပြု တနည်းအားဖြင့် ပြည်သူတွေကိုယ်စားပြုပြီးတော့ ဒီလွှတ်တော်ထဲရောက်လာတာ ကျွန်တော်တို့က ကိုယ့်နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ကိုယ့်ပြည်သူတွေရဲ့ အကျိုးစီးပွားတွေကို အမြဲတမ်းရရှိအောင် လုပ်ဖို့လိုပါတယ်။ဒါကတော့ ကျွန်တော်တို့ အမြဲတမ်း ဆောင်ရွက်ရမယ့်ကိစ္စ။ အဲလိုလုပ်တဲ့အခါမှာ အခု ဦးစိုးသာအဆိုနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးတဲ့ နေရာမှာ တစ်ခါတစ်ခါ ပေါ်လာပါတယ်။ ဘာလည်းဆိုတဲ့အခါမှာ စီးပွားရေးလုပ်ငန်းရှင်များ သူတို့ဒေါ်လာငွေလဲနှုန်း ကျဆင်းသွားတဲ့အတွက် သူတို့ အကျိုးစီးပွား ဒီလို ဒီလိုတစ်ချို့ပါတာ ရှိပါတယ်။ ဒါပေမယ့် တကယ်တမ်းကျတဲ့အခါကြတော့ ယခု ဆွေးနွေးနေတာက တောင်သူလယ်သမား၊ အလုပ်သမား အများစု၊ အလုပ်သမားဆိုရင် အလုပ်အကိုင်ရရှိဖို့ တောင်သူလယ်သမားဆိုရင် သူတို့ရဲ့ သီးနှံတွေ စိုက်ပျိုးထုတ်လုပ်ဖို့ အဲဒီလို စိုက်ပျိုးထုတ်လုပ်မှသာလျှင် လယ်သမားတွေ ဘဝရပ်တည် နိုင်မယ်။ အလုပ်သမားတွေအလုပ်ရှိမယ်။ အလုပ်သမားအလုပ်မရှိတော့ဘူး။ အလုပ်လက်မဲ့ ဖြစ်သွားရင် ဘာဖြစ်မလဲ။ လယ်သမားတွေ လယ်မစိုက်နိုင်လျှင် ဘာဖြစ်သွားမလဲ။ ကျွန်တော်တို့ ဆွေးနွေးတဲ့ နေရာမှာအဓိက ဘယ်သူ့မျက်နှာကြည့်သလဲဆိုရင် ပြည်သူ့မျက်နှာကြည့်တယ်။ ပြည်သူအများစုဖြစ်တဲ့ လယ်သမားသန်း၄၀ ဆိုပြီးတော့ဦးကိုကြီးကဆွေးနွေးသွားတယ်။လယ်သမားကသန်း ၄၀တော့မရှိဘူး။ လယ်သမားကိုမှီခိုတဲ့သူများကပဲ သန်း၄၀ ရှိရင်ရှိမယ်။ သို့ရာတွင် လယ်သမားကသန်း ၄၀ မရှိပေမယ့် လယ်သမားနဲ့ဆက်စပ်ပြီးတော့ မှီခိုတဲ့သူ သန်း ၄၀ ရဲ့ ပြဿနာဟာ နိုင်ငံတော်ရဲ့ပြဿနာ။ အဲဒီရဲ့ ပြဿနာမဖြစ်ဖို့အတွက် ဝိုင်းဝန်းစဉ်းစားပြီး ဆွေးနွေးတာဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ အားလုံး သဘောပေါက်နားလည်ဖို့ လိုပါတယ်။ ဒါတစ်ချက်ပါ။ အဲဒီမှာ အခုနောက်ဆုံး ဆွေးနွေးသွားတဲ့ ဦးညွန့်လှိုင်မှာလည်း ပါပါတယ်။ ဒီပညာရှင်ဆိုတဲ့ဟာ ပါပါတယ်။ ပညာရှင်တွေ ပြောသွားဆိုသွားတာ၊ ဒီအတိုင်းပဲ ဦးရဲထွန်း ဆွေးနွေးသွားတာလည်းပညာရှင်ဆိုတာလည်းပါပါတယ်။ ဒါပေမယ့်ပညာရှင်ရဲ့

ဆွေးနွေးအကြံပြုချက်နဲ့ မလုံလောက်ပါဘူး။ လက်တွေ့နယ်ပယ်မှာ စီးပွားရေးလုပ်နေတဲ့၊ လုပ်ငန်းများ လုပ်ဆောင်နေတဲ့သူများရဲ့ အတွေ့အကြုံဟာ များစွာလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ ပညာရှင်အပေါင်း လက်တွေ့လုပ်ငန်းမှာဆောင်ရွက်နေတဲ့ အတွေ့အကြုံရှိတဲ့ သူများရဲ့ သူတို့ရဲ့အကြံဉာဏ်တွေ၊ အားတွေလည်း အများကြီးလိုတယ်ဆိုတာ ဒါ ပြန်သိဖို့ လိုပါတယ်။ အဲဒီမှာမှခုနက ဦးရဲထွန်း ဆွေးနွေးသွားပါတယ်။ ဦးရဲထွန်းက စီးပွားရေးပညာရှင် မဟုတ်ပါဘူး။ ဒါ Biography အရ၊ ပညာအရည်အချင်းနဲ့ပြောမယ်ဆိုလို့ရှိရင်လည်း ဘယ်လောက်ဆိုတာ ဦးရဲထွန်း သိပါတယ်။ ဦးရဲထွန်း ဘယ်ဘဝကလာတယ်ဆိုတာလည်း Biography အရကျွန်တော်တို့ သိပါတယ်။ သို့ရာတွင် အတွေ့အကြုံကိုအခြေခံတယ်။ ပြည်သူထဲကို ဝင်ကြည့်တယ်။ ပြည်သူရဲ့အသံနဲ့ ခုနက ယခု ပြောနေတဲ့ ကိစ္စတွေဟာလည်း တချို့ပညာရှင်များ ပြောတဲ့ဟာပေါ်မူတည်ပြီးတော့ လက်တွေ့အားဖြင့် ရော၊ စာတွေ့အားဖြင့်ရော ပြန်ပြီးတော့ ဆွေးနွေးတင်ပြတာ ဖြစ်ပါတယ်။ အဲတော့ ကျွန်တော် ဆိုလိုတာကတော့ ဘာလည်းဆိုရင် ခုနကပညာရှင်တွေ ပြောတိုင်းလည်းလုပ်ဖို့မဟုတ်ဘူး။ လက်တွေ့ နယ်ပယ်မှာရှိတဲ့လူတွေက အားလုံးဝိုင်းစဉ်းစားပေးတဲ့အခါမှာ ကျဆင်းသွားမယ့် စီးပွားရေး မြန်မာ့စီးပွားရေးကိုက မကျဆင်းသွားအောင်ပြောမယ်ဆိုရင် အလုပ်အကိုင်တွေ မရပ်ဆိုင်းသွားအောင် အလုပ်သမားကအလုပ်လုပ်မှ ပိုက်ဆံရမယ်။ ပိုက်ဆံရမှ ဘဝရပ်တည်လို့ရမယ်။ အလုပ်မရှိပိုက်ဆံမရ၊ ပိုက်ဆံမရ ဘာဖြစ်မလဲ။ လယ်သမားအလုပ်မရှိ၊ အလုပ်မရှိတော့ လယ်မစိုက်နိုင်ဘူး။ လယ်စိုက်နိုင် တယ်။ ဒါပေမယ့်လို့ ထွက်လာတဲ့ စပါးကိုတန်ရာတန်ကြေးနဲ့ မရောင်းရဘူး။ တန်ရာတန်ကြေးဆိုတဲ့ နေရာမှာ လယ်သမားဘဝရပ်တည်နိုင်ဖို့စရိတ်ကို ဆိုလိုတယ်။ အဲဒီဟာတွေဟာ ဘယ်သူက ဆုံးဖြတ် ပေးရမလဲ။ ဒီနေ့ အစိုးရဘာဖြစ်လည်း ပြည်သူတွေကနေပြီးတော့ တာဝန်ပေးထားပြီ ဟုတ်လား။ ကျုပ်တို့ကိုအုပ်ချုပ်ပါ။ ပြည်သူ့ကိုလည်းပဲ ခင်ဗျားတို့က အုပ်ချုပ်ပါ။ ဒါကြောင့်မို့လို့ အစိုးရက အဆုံးအဖြတ် ပေးရမယ်။ အဲဒီအတိုင်းပဲနိုင်ငံတော်ကိုကိုယ်စားပြုတဲ့ ကျွန်တော်တို့ လွှတ်တော်တွေ ကလည်း ဒါကိုစဉ်းစားရမယ်။ အလေးအနက်စဉ်းစားရမယ်။ စဉ်းစားပါတယ်ဆိုပြီးတဲ့အခါမှာ ဆုံးဖြတ်ချက်ကို မြန်မြန်ဆန်ဆန်နဲ့ လျင်လျင်မြန်မြန်မချနိုင်ဘူးဆိုရင် ဒီရေစီးကြောင်းကနေပြီးတော့ အလုပ်တွေပြုတ်၊ အလုပ်တွေလက်မဲ့ဖြစ် ဖြစ်သွားတယ်ဆိုလို့ရှိရင် ဘယ်မှာလာကဲ့ရဲ့ရမလဲ။ နိုင်ငံတော်မှာ ကဲ့ရဲ့မယ်။ ဘယ်ထိကဲ့ရဲ့မလဲ။ ဒီနေ့ ဖြစ်ပေါ်လာတဲ့အစိုးရ ဒီပေါ်မှာလာပြီးတဲ့အခါမှာ အမျိုးမျိုးဘေးကနေပြီးတော့ အပြစ်တင်ပြီးတဲ့အခါမှာ ဒီလိုထိုးချနိုင်တဲ့ အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ကျွန်တော်တို့ စဉ်းစားဆောင်ရွက်တဲ့နေရာမှာ ဘယ်အတွက်စဉ်းစားတာလဲ။ နိုင်ငံတော်အတွက်၊ ပြည်သူအတွက်၊ အလုပ်ရှင်အတွက် မဟုတ်ဘူး။ စီးပွားရေးလုပ်ငန်းသမားများ

အတွက် ဘယ်ဟာကို ကျွန်တော်တို့ အဓိကထားစဉ်းစားရမလဲဆိုတဲ့ဟာလေး၊ ကျွန်တော် ဒီဟာတင်ပြခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စဟာ၊ ဒါ ကျွန်တော်တို့ကိစ္စ၊ ပြည်သူ့ကိစ္စ၊ အစိုးရတစ်ခုတည်း မဟုတ်ဘူး။ နိုင်ငံတော်ကိစ္စဖြစ်တယ်ဆိုတာ ဝိုင်းဝန်းစဉ်းစားပြီးတော့ ခုလိုတင်ပြရတဲ့အတွက်လည်း ဒါကျွန်တော့်ဘက်ကပေါ့လေ။ ဒါလွှတ်တော်ကလွှတ်တော်အတွက် ကျွန်တော့ဘက်နဲ့ပတ်သက်လို့ဒါနဲ့ ပတ်သက်လို့လည်း ဒါ အလေးအနက်ထား စဉ်းစားရမှာ ဖြစ်တယ်လို့ ကျွန်တော် ဒီလိုပဲ တင်ပြချင်ပါတယ်။ လုပ်နေပြီ။ လုပ်နေပြီဆိုတဲ့အခါမှာ လုပ်နေရင်းလုပ်နေရင်းနဲ့ ကိစ္စမရှိပါဘူး။ နော်ဆရာကြီး ကိစ္စမရှိပါဘူး။ ရေလယ်ရောက်သွားတဲ့ဆရာကြီး ကိစ္စရှိပြီဆိုတဲ့အခါမှာကျွန်တော်တို့ အခက်အခဲတွေ မဖြစ်အောင်လုပ်ဖို့လိုတယ်။ အဲဒီ ကျွန်တော်ကတော့ သိပ်ပြီးတော့ ရေလည်အောင် မပြောတတ်ဘူး။ တချို့ကတော့ပြောတတ်ပါတယ်။ ဆရာကြီးဟုတ်လား။ ကိစ္စမရှိဘူး။ ဒါပေမယ့်ရေလယ်ရောက်ရင် ကိစ္စရှိတယ်ဆိုပြီး တချို့က ပြောတတ်ပါတယ်။ ကြုံတဲ့အခါလည်း ဒီဟာလေးကို ပြောတတ်တဲ့ပုဂ္ဂိုလ်များကပြောပြပေးပါ။ အဲဒီမှာအခု ဦးရဲထွန်း တင်ပြသွားတာရှိပါတယ်။ ဒါအင်မတန်ကောင်းပါတယ်။ ကောင်းတယ်ဆိုတာလည်း ကျွန်တော်တို့လည်း ခုနကပြောသလိုပဲ ဖတ်မှတ်လေ့လာပြီးတဲ့ဟာပေါ်မူတည်ပြီးတော့ ကောင်းတယ်ဆိုတာက တိုက်ဆိုင်တယ်လို့ ပြောရမှာပေါ့နော်။ ကျွန်တော်တို့လည်း စဉ်းစားနိုင်အောင် ဖတ်ရတယ်၊ မှတ်ရတယ်၊ လေ့လာရတဲ့အခါမှာ ခုနကပြောတဲ့ဟာတွေလည်း ကျွန်တော်တို့လည်း ဒီအချက်အလက်တွေရထားပြီးသားပါ။ ဒါပေမယ့်လို အခုလိုတင်ပြလိုက်တဲ့အတွက် ပိုပြီးတော့လည်း ကျွန်တော်တို့ အာရုံပိုပြုနိုင်တာလည်းရှိပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ ဒီနေ့လွှတ်တော်ရှိပါတယ်။ လွှတ်တော်မှာ ကျွန်တော်တို့ ပထမအကြိမ် လွှတ်တော်မှာ ကော်မတီလေးရပ်၊ အမြဲတမ်းကော်မတီလေးရပ် ဖွဲ့ခဲ့ပါတယ်။ ဒီကာလအတွင်းမှာလည်း ဒီကော်မတီ လေးရပ်ဖွဲ့ပေးနိုင်ပြီးတဲ့အခါမှာ ဆောင်ရွက်တဲ့အတွက်လည်းဒီကာလ၊ မတ်လကနေပြီးတော့ ကျွန်တော်တို့ ယခုဩဂုတ်လအထိ ငါးလခြောက်လအတွင်းမှာလည်း တော်တော်လေး သူတို့ အလုပ်လုပ်ခဲ့ကြပါတယ်။ အလုပ်လည်းလုပ်နိုင်ကြပါတယ်။ ဒါပေမယ့်လွှတ်တော်ရဲ့အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးတာဝန်နဲ့ မိမိတို့ပြုလိုက်တဲ့ဥပဒေအတိုင်း ဆောင်ရွက်ဖို့၊ စောင့်ကြည့်ဖို့၊ထိန်းညှိဖို့ တာဝန်ကျေပွန်အောင် ဆောင်ရွက်မယ်ဆိုလို့ရှိရင် ဒီကော်မတီလေးရပ်ထဲနဲ့ ဘယ်လိုမှလုပ်လို့ မရပါဘူး။ ယခုလို စုံညီ Planning အစည်းအဝေးဆိုတာကလည်း အချိန်ကာလပေါ်မှာမူတည်ပြီးတော့ ကျင်းပရတာဖြစ်တဲ့ အတွက် ဆုံးဖြတ်ဆောင်ရွက်ရမယ့် ကိစ္စတွေဟာ ခုနကထပ်မံပြီးတော့ လိုအပ်လာပါတယ်။ ဒါကြောင့်မို့လို့ ကော်မတီတွေဖွဲ့စည်းပေးတယ်ဆိုတာလည်း ဦးရဲထွန်းတို့ ခုနကတင်ပြတဲ့ ပုဂ္ဂိုလ်လည်း သိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ တကယ့်ကို လိုအပ်တဲ့ကော်မတီများကို ကျွန်တော်တို့ထပ်ပြီးတော့

ဖွဲ့စည်းလိုက်ပါတယ်။ အဲဒီထဲမှာ ခုနကနိုင်ငံရေးနော် နိုင်ငံရေးနဲ့သက်ဆိုင်တဲ့ကော်မတီများ၊နိုင်ငံရေးဆိုတာဒီနေ့အဓိကလိုတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အဓိကလိုနေတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြီးတဲ့အခါမှာ ငြိမ်းချမ်းရေးဒီဟာတွေအင်မတန်လိုတယ်။ အဲဒီအတွက်လည်းဒီကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်လို့ရှိရင် ပိုပြီးတော့ အဆင်ပြေအောင်မြင်နိုင်တယ်ဆိုပြီးတော့ ဒီကော်မတီဖွဲ့သလိုပဲတစ်ဖက်ကလည်း ခုနက ဒီနေ့ပြောပြောနေတဲ့ ဒီမိုကရေစီ၊ လူ့ရဲ့အခွင့်အရေးပြီးတဲ့အခါမှာ ရှိပါသေးတယ်။ ဒီမိုကရေစီလိုပဲ အဓိကဟာဘာလည်းဆိုပြီးတော့ (City စီးထရပ် Citizen) နိုင်ငံသားများရဲ့ အခွင့်အရေးကိစ္စနဲ့ ပတ်သက်ပြီး တော့အမျိုးမျိုးပြောရမယ်။ ကျွန်တော်တို့ ဒါနဲ့ပတ်သက်လို့ အဲဒီ ဒီကော်မတီ ဖွဲ့စည်းတည်ထောင်လိုက်တဲ့ အခါကြတော့မှ ပိုပြီးတော့ လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်သလို၊ တစ်ဖက်က စီးပွားရေး၊ စီးပွားရေးနဲ့ပတ်သက်လို့ သက်ဆိုင်ရာ စီးပွားရေး ဝန်ကြီးဌာနတွေကပဲ လုပ်ရမယ်ဆိုတဲ့ တာဝန်မရှိဘူး။ ကျွန်တော်တို့ လွှတ်တော်ဘက်ကလည်း တာဝန်တွေရှိတယ်။ ဒါကြောင့်မို့လို့ စီးပွားရေးနဲ့ သက်ဆိုင်တဲ့ အမျိုးသားစီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးမှုကော်မတီဆိုပြီးတဲ့အခါမှာ ကျွန်တော်တို့ အယူအဆကတော့ အတွေ့အကြုံလည်းရှိတယ်။ လုပ်ငန်းဆောင်ရွက်နိုင်တဲ့သူများနဲ့ ဖွဲ့စည်းထားသလို ခုနကပြောသွားတဲ့ ငွေကြေးဘဏ်များကိစ္စ၊ ဘဏ်များကိစ္စနဲ့ ပတ်သက်လို့ ဒီနေ့ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အခန်းကဏ္ဍက ပါဝင်နေတဲ့ ငွေကြေးနဲ့ဘဏ်များ ဖွံ့ဖြိုးရေးဆိုတာလည်း မဖြစ်မနေ လိုအပ်တယ်။ ဒါကြောင့်မို့လို့ ဒီကော်မတီကိုလည်းဖွဲ့တယ်။ ဖွဲ့ပြီးဘာလုပ်မှာလည်း နိုင်ငံတော်အတွက်၊ အစိုးရအတွက်ကူညီဖို့၊ နိုင်ငံတော်အတွက်ဆိုတာ ပြည်သူအတွက် အစိုးရဆိုတာ Government၊ နိုင်ငံတော်ဆိုတာ Union သို့မဟုတ်ရင် State ကူညီဖို့ဒီလိုဖွဲ့စည်းတယ်။ အဲဒီမှာ ခုနက ဆွေးနွေးသွားတာ ရှိပါတယ်။ ဘဏ်နဲ့ ပတ်သက်လို့ အစိုးရရဲ့ချုပ်ကိုင်မှု အောက်မှာမရှိသင့်ဘူးလို့ ဒီလိုဆွေးနွေးသွားတာရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ရုရှား State Duma ကနေဖိတ်တယ်။ ဖိတ်တဲ့အခါမှာသွားတယ်၊ သွားတဲ့အခါမှာသူတို့ ရုရှား State Duma မှာက ဒီလွှတ်တော်ဖွဲ့စည်းမှု ထူးခြားတာ သွားတွေ့ရပါတယ်။ ဒါဘာလဲဆိုရင် ဘဏ်၊ ဘဏ်ဥက္ကဋ္ဌ ဘယ်သူကဖွင့်လဲ၊ အောက်လွှတ်တော်လို့ ခေါ်တဲ့ State Duma က ဘဏ်ဥက္ကဋ္ဌကို ခန့်တယ်၊ အထက်လွှတ်တော်လို့ခေါ်တဲ့ Federation Council က ဒုတိယဥက္ကဋ္ဌကိုခန့်တယ်။ အဲဒါ ကျွန်တော်နဲ့ပါသွားတဲ့ လူအားလုံးသိပါတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့ဆီမှာတော့ ပြည်သူ့ငွေစာရင်းပေါ့လေ၊ သူတို့ကတော့ အခေါ်စာရင်းစစ်ပေါ့၊ စာရင်းစစ်ချုပ်ကို အောက်လွှတ်တော်က ခန့်တယ်။ ဒုတိယစာရင်းစစ်ချုပ်ကို ဘယ်ကခန့်လည်းဆိုတဲ့ အခါမှာ အထက်လွှတ်တော်လို့ခေါ်တဲ့ Federation Council ကခန့်တယ်။ ပြောမယ်ဆိုလို့ရှိရင်

သူကဘယ်သူရဲ့ထိန်းချုပ်မှုမှ မဟုတ်ဘဲနဲ့ ဒါပြည်သူရဲ့ ကိုယ်စားပြုပြီးတော့ ဆောင်ရွက်နိုင်ဖို့ဆိုတဲ့ အနေအထားသွားတွေ့တယ်။ တစ်ခါတရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒါလည်းကျွန်တော်တို့ ပြန်ကြားတာပါပဲ၊ တရုတ်အစိုးရက ဘဏ်ကိစ္စနဲ့ပတ်သက်လို့ ဘယ်လိုဘယ်လို ငွေရေးကြေးရေးနဲ့ ပတ်သက်လို့ ဘယ်လိုဘယ်လို ဆောင်ရွက်စေလိုသော်လည်း ဘဏ်ဘက်ကတင်းခံထားတယ်၊ မလုပ်နိုင်ဘူး၊ ဘာကြောင့်လဲ၊ ဒီလို လုပ်လို့ရှိရင် ဘယ်လိုဖြစ်မလဲ၊ ဒါဖြင့် ဒီမှာတင်လားဆိုရင် မဟုတ်ပါဘူး။ ကမ္ဘာမှာလည်း ဒီအတိုင်းပဲဆိုတော့ ဒီကိစ္စတွေဟာ ဆက်လက်ပြီးတော့ စဉ်းစားရမယ့်ကိစ္စ ဖြစ်ပါတယ်။ ပြောရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံရေးစနစ်ပြောင်းသွားပြီ။ အုပ်ချုပ်ရေးစနစ်ပြောင်းသွားပြီ။ ပြီးတဲ့အခါမှာ စီးပွားရေးစနစ်လည်း ပြောင်းခဲ့ပြီ။ ဒါပေမယ့်ပြောင်းတဲ့ဟာက လုံလောက်မှုရှိသလား၊ မရှိသလား။ ဒါကိုကျွန်တော်တို့ ပြန်လည်သုံးသပ်ဖို့လိုပါတယ်။ ဘယ်သူတွေက သုံးသပ်မလဲ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်တွေကပါ သုံးသပ်ပြီးတဲ့အခါမှာ မှန်ကန်တဲ့ဖော်ဆောင်မှုတွေနဲ့ ဖော်ဆောင်သွားဖို့ပဲ လိုပါတယ်။ ဒါကြောင့်မို့လို့ နောက်ဆက်လက်တင်ပြမယ့် ဦးဝင်းဦးတို့ ဦးကြည်မြင့်တို့ အချိန်ကိုလေးစားသောအားဖြင့် ထောက်ခံရင်ထောက်ခံတယ်လောက်ပဲပြောပေးပါ။ ကန့်ကွက်ရင်လည်း ကန့်ကွက်တဲ့ အကြောင်းပဲပြောပေးပါ။ ကျွန်တော်လည်း တခြားလုပ်စရာတွေ ရှိပါတယ်။ ဒီလောက်ဆိုရင်တော့ ကျွန်တော်တို့အားလုံး သဘောပေါက်ပါတယ်။ ဆက်ပြီးတော့ ဦးဝင်းဦး ရေဖြူမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၄ း ၃၁။**

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့ တကွ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး၊ ဧည့်သည်တော်များအားလုံးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦးဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာ တင်သွင်းသွားသော ပြုပြင်ပြောင်းလဲရေးများကို ကျွန်တော့်အနေနဲ့ ထောက်ခံပါကြောင်း တင်ပြပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးကြည်မြင့်ကတော့ စီးပွားရေးလည်းလေ့လာတယ်။ စာရေးဆရာလည်း ဖြစ်တယ်။ ခုနက ရေဖြူကဲ့သို့ပဲ တင်ပြပါ။

**အချိန် ၊၁၄ း ၃၃။**

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်

ဒီဆွေးနွေးချက်အဆိုနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့ ဒီမှာပို့ကုန်အားပြု စီးပွားတိုးတက်ဖွံ့ဖြိုးရေးရှုထောင့်ကနေပြီးတော့ ကျွန်တော်ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာလည်းပဲ ပို့ကုန်အားပြု စီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးရှုထောင့်ကနေပြီးတော့

**ဥက္ကဋ္ဌ**။ ။ ဦးကြည်မြင့် ခေါင်းစဉ်မပြောင်းတော့ဘူး၊ ထောက်ခံသလား၊ မထောက်ခံဘူးလား။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ဟုတ်ကဲ့ခင်ဗျား။ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟုတ်ပြီ၊ ထောက်ခံပြီ၊ သဘောပေါက်ပြီ၊ ဒီကိစ္စနဲ့ပတ်သက်လို့ ဦးကြည်မြင့်ကိုလည်း စီးပွားရေးနဲ့ဆိုင်တဲ့ကော်မတီထဲမှာ ထည့်လိုက်ပြီ၊ အဲဒီကြတဲ့အခါမှ ဆွေးနွေးပါ။

**ဦးကြည်မြင့် (လသာမဲဆန္ဒနယ်)**။ ။ လောလောဆယ် အချက်လေးချက် ကျွန်တော်ဖတ်ပြချင်ပါတယ်။ အဲဒါရှေ့မှာ ကျွန်တော်တို့ (Economic Industry)ကို ထည့်ပြောမလို့ဟာ မပြောတော့ပါဘူး။ အဲဒီမှာက အမေရိကန်ဒေါ်လာနဲ့ မြန်မာကျပ်ငွေတန်ဖိုးကို တန်ဖိုးပုံသေသတ်မှတ်မှုအတွက် နိုဝင်ဘာလလောက်မှာ အိုင်မက်စ်ကိုသွားဖို့ ကျွန်တော်ကြားသိရပါတယ်။ ကျွန်တော်တို့ အတွေ့အကြုံအရလည်းပဲ ကျွန်တော့်ဆရာ ဒေါက်တာမောင်ရှင်တို့ ဘာတို့ ဆိုလည်း အဲဒီအချိန်ဆိုလို့ရှိရင် အိုင်မက်စ်ကိုသွားရပါတယ်။ ဒါပေမယ့် အဲဒီတော့က အပြင်မှာကြားနေရတဲ့သတင်းက ဟုတ်ချင်ရင်လည်း ဟုတ်မယ်၊ ဖြစ်ဖို့လည်းများပါတယ်။ အဲဒါကတော့ ကျွန်တော့် အနေနဲ့ကတော့ မြန်မာကျပ်ငွေကို အမေရိကန် တစ်ဒေါ်လာလျှင် တစ်ထောင်ကျပ်နှုန်းသတ်မှတ်ဖို့ဆိုတဲ့ (၁)အချက်ကို ကျွန်တော်အကြံပြုလိုပါတယ်။ (၂) အချက်အနေနဲ့ကြတော့ အဲဒီလို တစ်ဒေါ်လာကို ကျပ်တစ်ထောင်သတ်မှတ်မယ် ဆိုလို့ရှိရင် သူနဲ့လိုက်ပါလုပ်ကိုင်ရမယ့် policy တစ်ရပ်ကို ကျွန်တော် တင်ပြချင်ပါတယ်။ အဲဒါကတော့ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းပေးစရာတွေရှိပါတယ်။ ဒါတွေကို အမြန်ဆုံးနဲ့အမြင့်မားဆုံး ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သွားဖို့ ဆိုတဲ့နောက်ဆက်တွဲ policy လိုပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ တစ်ဒေါ်လာ တစ်ထောင်ကျပ်နှုန်း သတ်မှတ်ခြင်းဟာ အဓိပ္ပါယ်ရှိပြီးတော့ အကျိုးရှိအောင်မြင်မှာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ပို့ကုန်သမားတွေအတွက် အကျိုးရှိမယ်ဘာညာဆိုတာကတော့ အားလုံးလည်းဆွေးနွေးသွားပြီးဖြစ်တဲ့အတွက် ကျွန်တော် မပြောတော့ပါဘူး။ တတိယအချက်အနေနဲ့ကြတော့ကား ဒေါ်လာတွေ မြန်မာပြည်မှာ ဈေးကွက်မှာ များနေတဲ့အတွက်ကြောင့် သူ့ကိုလျှော့ချဖို့ဆိုတဲ့အကြံပြုချက်လေးတွေရှိပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ကတော့ ကျွန်တော် short to the Point အကြံပေးရလို့ရှိရင် ကျွန်တော်တို့ သွက်သွက်လက်လက်ပဲ ရရှိတဲ့ ဒေါ်လာကို ရွှေကိုဝယ်ဖို့ ကျွန်တော်အကြံပြုပါတယ်။ ဘာ့ကြောင့်လည်းဆိုလို့ရှိရင် အိန္ဒိယက

ကျွန်တော်တို့ထက် ဦးထားတာရှိပါတယ်။ အိုင်မက်စ်ကနေပြီးတော့ ရွှေဒေါ်လာသန်းကုဋေ ၂၀၀ ဖိုးဝယ်သွားတာရှိပါတယ်။ အဲတော့ ကျွန်တော်တို့ ပြောချင်တာက ကျွန်တော်တို့ ထားဝယ်ဆိပ်ကမ်းတွေကို ဖြတ်ဖို့ခုတ်ငွေ့တွေ၊ ရေနံတွေ အရောင်းအဝယ်လုပ်တာတွေ လျှော့ချဖို့၊ ကျောက်မျက်ရောင်းပွဲ လျှော့ချဖို့ဆိုတာတွေက ကျွန်တော်တို့ရဲ့ အလုပ်သမားတွေအားလုံး အလုပ်လက်မဲ့ဖြစ်ဖို့ ကိစ္စဖြစ်ပါတယ်။ နိုင်ငံတိုးတက်ဖွံ့ဖြိုး တိုးတက်ရေးအတွက် သူ့ Project နဲ့ သူသွားနေတာဖြစ်ပါတယ်။ ဒါတွေဟာလုပ်စရာရှိတာလုပ်ရမယ်၊ ဒေါ်လာကို ရရင်လည်းယူရမယ်၊ သူ့ကိုတန်ဖိုးတက်ဖို့အတွက် ကျွန်တော်တို့က ရွှေဝယ်ရမှာဖြစ်ပါတယ်။ ဒါ ကျွန်တော် အကြံပြုချင်တဲ့ကိစ္စဖြစ်ပါတယ်၊ ဒီလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

## ဦးစိုးသာ၊ တွံတေးမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၄ း ၃၅။**

**ဦးလှထွန်း (ပြည်ထောင်စုဝန်ကြီးဘဏ္ဍာရေးနဲ့အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ရှေးဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာမေးမြန်းထားတဲ့ ဈေးကွက်တွင် ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းကျဆင်းမှုကြောင့် အခက်အခဲကြုံတွေ့နေရသည့် စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ပေးပါရန် အဆိုတင်ပြလာတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ မနေ့က ကျွန်တော်တို့ ဦးစိုးသာအနေနဲ့လည်း အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်။ အလားတူပဲ ဒီနေ့ ခုနကိုယ်စားလှယ် ခုနှစ် ဦးကလည်း စိတ်ပါလက်ပါနဲ့ ကျွန်တော်တို့ ဒီဟာတွေကို ဆွေးနွေးတဲ့အတွက်ကြောင့် နောက်ဆုံးလွှတ်တော်ဥက္ကဋ္ဌကြီးကိုယ်တိုင် အချိန်ကိုကန့်သတ်ပြီးတော့တားပေးရတဲ့ အဆင့်အထိရောက်လာတဲ့အတွက် အင်မတန်မှစိတ်ဝင်စားစရာကောင်းတဲ့ အဆိုတစ်ခုဖြစ်တယ်ဆိုတာကို အားလုံးသဘောတူကြမှာဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီအဆိုက ကျွန်တော်တို့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသား

လွှတ်တော်မှာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းသွားကျနေပါတယ်။ ဒီကနေ့ Programမှာ အမျိုးသား လွှတ်တော်ကလည်း အစီအစဉ်နံပါတ် ၆၊ ပြည်သူ့လွှတ်တော်မှာလည်း အစီအစဉ်နံပါတ် ၆ ဖြစ်တဲ့ အတွက် အမျိုးသားလွှတ်တော်ကိုတော့ ကျွန်တော်တို့ ပြည်ထောင်စုအဆင့်အနေနဲ့ ဒုတိယဝန်ကြီး စေလွှတ်တာဝန်ပေးလိုက်ပြီးတော့ ဒီမှာတော့ ကျွန်တော်ရှင်းလင်းဖို့အတွက် ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ပြောဆိုခွင့်ရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ အဲတော့ ကျွန်တော်တို့ ဒီ တကယ့်အဓိကအဖြစ် ဆွေးနွေးနေကြတဲ့ ကိစ္စရပ်တွေထဲမှာ လက်ရှိစီးပွားရေး အခြေအနေပုံမှန် လည်ပတ်နိုင်ဖို့ကိစ္စမှာ ခုနပြောတဲ့ ငွေကြေးကိစ္စတစ်ခုပါသလိုပဲ လွှတ်တော်ဥက္ကဋ္ဌကြီး အမိန့်ရှိသွား သလိုပဲ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ လုံခြုံရေးနဲ့ အခြားအခြားသော ကျွန်တော်တို့ ကိစ္စရပ်တွေလည်းပါ ပါတယ်။ အဓိကတိုက်ရိုက် သက်ဆိုင်နေတာတော့ Fiscal policy, Monetary Policyနဲ့ Trade Policy တွေ ဖြစ်ပါတယ်။ ဒီအထဲမှာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ကျွန်တော်တို့အနေနဲ့ Fiscal policy, Monetary Policy နဲ့ Trade Policy တွေကို အခြေခံကျကျစဉ်းစားပြီးတော့မှ တချို့ဟာတွေကို ကျွန်တော်တို့ လိုအပ်တာတွေလည်း လုပ်ဆောင်နေတဲ့ အနေအထားဖြစ်ပါတယ်။ ဒီလို လုပ်ဆောင် နိုင်ဖို့အတွက် အားဖြည့်ဖို့အတွက် ပြီးခဲ့တဲ့ ဩဂုတ်လ ၁၉ ရက်ကနေ ၂၂ ရက်နေ့ အတွင်းမှာ ပြုလုပ်ခဲ့တဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးအဘက်ဘက်ကနေဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြုပြင်ပြောင်းလဲ သင့်တဲ့ကိစ္စရပ်တွေ ပြုပြင်ပြောင်းလဲဖို့ဆိုတဲ့ နေရာမှာလည်း ကျွန်တော်တို့ တော်တော်များများ ဒါတွေလေ့လာတွေ့ရှိပြီးဖြစ်ပါတယ်။ ယခင့်ယခင်ကလည်း လေ့လာထားတာ တွေလည်း ရှိပါတယ်။ သို့သော် ငွေရေး၊ ကြေးရေးကိစ္စဆိုတာ အင်မတန်မှ အရေးကြီးတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ထိလွယ်၊ ရှလွယ်တဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီး မိန့်ကြားဖူးတာရှိပါတယ်။

ငွေရေးကြေးရေးကိစ္စဆိုတာ တို့ဖဲဝိုင်းတွေမှာ ဖဲချပ်ကလေးတွေကို ထောင်ထားသလိုပဲတဲ့ တစ်ခုခုကို ထိလိုက်လို့ ကျသွားတာနဲ့ ကျန်တဲ့ဟာတွေဟာ ယိမ်းယိုင်ပြီးတော့ အကုန်လုံးလဲပြိုသွား နိုင်တယ်။ သိပ်သတိထားပြီးတော့ ဆောင်ရွက်ရမယ့်ကိစ္စဖြစ်တယ်ဆိုတာကို မိန့်မှာဖူးပါတယ်။ ဒီမှာ ကျွန်တော်တို့ ဖြစ်ပျက်ခဲ့တဲ့ အနေအထားတွေဟာ ၂၀၀၈ ကတည်းကစတာ ဖြစ်ပါတယ်။ ဒါ အမေရိကန်ဒေါ်လာနဲ့ပတ်သက်လို့ ပြန်ပြီးတော့ ကြည့်လိုက်ရင် ၂၀၀၈ ကတည်းက နေစပြီးတော့မှ ဖြစ်နေတဲ့ကိစ္စ ဒီဖြစ်နေတဲ့ကိစ္စဟာ ကမ္ဘာ့ငွေရေးကြေးရေး အကြပ်အတည်းကို ဆက်ပြီးတော့ ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့ စီးပွားရေးငွေရေးကြေးရေးတွေလည်း တည်ငြိမ်မှုရဖို့အတွက် ကိုယ့်နိုင်ငံနဲ့ကိုယ် ကြိုးပမ်းနေကြပါတယ်။ ဒီလို ကြိုးပမ်းနေတဲ့နေရာမှာ ကျွန်တော်တို့ နိုင်ငံကိုလည်းပဲ

လာပြီးတော့ အနည်းငယ် ဂယက်ရိုက်တာဖြစ်ပါတယ်။ ဒါတောင်မှ ကျွန်တော်တို့က တိုက်ရိုက် ဆက်သွယ်ထားတဲ့ ဆက်စပ်မှုမရှိတဲ့ အနေအထားတွေ အများကြီး ရှိပါတယ်။ ကမ္ဘာသုံးငွေကြေးဖြစ်တဲ့ အမေရိကန်ဒေါ်လာ ဆက်တိုက်အားပျော့နေတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ ကျပ်ငွေလဲလှယ်နှုန်း ကလည်း တဖြည်းဖြည်း ထိခိုက်လာကြောင်း ကျွန်တော်တို့ တွေ့ရပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ အစိုးရအနေနဲ့ တရားဝင်သတ်မှတ်ထားတဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်း၊ အပြိုင်ဈေးကွက်မှာဖြစ်နေတဲ့ ငွေလဲလှယ်နှုန်း၊ နောက်နိုင်ငံခြားငွေလက်မှတ် FEC လို့ခေါ်တဲ့ ငွေလဲလှယ်နှုန်း၊ ဟွန်ဒီငွေလဲလှယ်နှုန်း၊ Money Account Transfer စသည်ဖြင့် ငွေလဲလှယ်နှုန်းအမျိုးမျိုး ဖြစ်နေပါတယ်။ ဒါကြောင့် စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ အဆင်မပြေမှုနဲ့ ရှုပ်ထွေးမှုတွေဖြစ်ပေါ် စေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီအခြေအနေတွေကို ကုစားဖို့အတွက် တစ်ခုတည်းသော ငွေလဲလှယ်နှုန်းကို သတ်မှတ်ဖို့ လိုအပ်လာတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေလဲလှယ်နှုန်းပေါင်းစည်းရေး လုပ်ဆောင်ဖို့အတွက် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်နေပြီး ဖြစ်ပါတယ်။ နိုင်ငံခြားဝင်ငွေလဲလှယ်မှုပေါင်းစည်းရေး Exchange Rate Unificationကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကိုလည်းပဲ အသိပေးပြီးတော့ ပူးပေါင်းဆောင်ရွက်လျက် ရှိတယ်ဆိုတာကိုလည်း တင်ပြလိုပါတယ်။ Exchange Rate က Monetary Policy မှာ အရေးကြီးတဲ့ကိရိယာတစ်ခု ဖြစ်တဲ့အတွက်ကြောင့် အထူးအလေးထားပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ရေးအတွက် ကမ္ဘာ့ရွှေဈေး၊ မြန်မာ့ရွှေဈေး၊ အမေရိကန်ဒေါ်လာနဲ့ မြန်မာကျပ်လဲလှယ်တဲ့နှုန်း နယ်စပ်မှာဖြစ်နေတဲ့ နှုန်းတွေလောက်ကို ကျွန်တော်တို့ ကြည့်ပြီးတော့မှ ဒီလောက်နဲ့တင် ပြီးသွားတဲ့အနေအထားမရှိပါဘူး။ နိုင်ငံခြားငွေလဲလှယ်ပြောင်းလဲရေး သတ်မှတ်မှုကို လွယ်လွယ်ကူကူမြန်မြန်ဆန်ဆန် ဆောင်ရွက်မယ်ဆိုရင်လည်း နိုင်ငံရဲ့စီးပွားရေး လူမှုရေးအခြေအနေတွေ၊ ဆိုးရွားတဲ့အကျိုးသက်ရောက်မှုတွေ၊ မလိုလားအပ်ဘဲနဲ့ ဖြုန်းဒိုင်းရောက်ရှိ လာနိုင်တာလည်း သတိထားရမှာ ဖြစ်ပါတယ်။ နိုင်ငံခြားငွေ လဲလှယ်နှုန်းသတ်မှတ်ခြင်းသည် နိုင်ငံတော်ရဲ့ ပြည်တွင်း အသားတင်ထုတ်လုပ်မှု GDP အခြေအနေ၊ ပြည်ပကုန်သွယ်မှု အခြေအနေ၊ ငွေကြေး ဖောင်းပွမှုနှုန်း၊ နိုင်ငံတော်ရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းနဲ့ ပြည်ပကြွေးမြီများအခြေအနေ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အခြေအနေ၊ နိုင်ငံတော်ရဲ့ သီးသန့်ငွေ၊ သီးသန့်နိုင်ငံခြားငွေ ပမာဏ ဖြစ်ပေါ်လာမယ့် နိုင်ငံခြားငွေဈေးကွက်တို့ကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်တဲ့အတတ်ပညာ၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်စတဲ့ အခြေခံအဆောက်အဦတွေ လုံလောက်စွာ ရန်ပုံငွေ ထားရှိပြီးမှ ကျွန်တော်တို့ ဆောင်ရွက်နိုင်မယ့် ဘက်စုံထောင့်စုံစဉ်းစားပြီးတော့မှ ဆောင်ရွက်ရမယ့်

ကိစ္စဖြစ်ပါတယ်။ ဒါ့ကြောင့် ငွေလဲလှယ်နှုန်းပေါင်းစည်းရေး ဆောင်ရွက်ပြီးပြီဆိုရင်တော့ လိုအပ်ရင် လိုအပ်သလို နိုင်ငံတော်က နေပြီးတော့ နိုင်ငံခြားငွေဈေးကွက်ကို ဝင်ရောက်ထိန်းကျောင်းနိုင်မယ့် ဆောင်ရွက်သွားနိုင်မယ့် အနေအထားတွေ ဖြစ်ပါတယ်။ ဒီလို ထိန်းကျောင်းဆောင်ရွက်သွားနိုင်ခြင်း အားဖြင့် အခွန်မူဝါဒနှင့် ကုန်သွယ်မှုမူဝါဒတွေမှာလည်းပဲ ငွေလဲလှယ်နှုန်း အထောက်အကူပြုသွားတဲ့ အတွက်ကြောင့် စီးပွားရေးဟာ ပိုမိုပြီးတော့ ရှင်သန်လာမယ်ဆိုတာ ကျွန်တော်တို့အားလုံး အသိပဲ ဖြစ်ပါတယ်။ တစ်ဆက်တည်းပဲ ကျွန်တော်တို့ Monetary Policyနဲ့ ပတ်သက်ပြီးတော့မှ ဘဏ်အတိုးနှုန်းကို အမျိုးမျိုးတင်ပြဆွေးနွေးကြတာတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဘဏ်အတိုးနှုန်း ပြင်ဆင်ရေးကိစ္စတွေကိုလည်း လက်ရှိအခြေအနေနဲ့ကိုက်ညီတဲ့ နှုန်းထားတွေနဲ့ ပြင်ဆင်နိုင်ဖို့အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းလည်း ဒါလည်း ကျွန်တော် ဖြည့်စွက် ပြောကြားလိုပါတယ်။ အထက်ပါ အမေရိကန်ဒေါ်လာနဲ့ မြန်မာကျပ်ငွေ လဲလှယ်နှုန်းကျဆင်းနေတဲ့ အတွက်ကြောင့် ကျွန်တော်တို့ တွေ့ကြုံနေရတဲ့ စီးပွားရေးလုပ်ငန်းများ အဆင်ပြေဖို့အတွက် Fiscal Policy အနေနဲ့ အခွန်နှုန်းတွေ လျှော့ချပေးခဲ့ပါတယ်။ ဒီအခွန်နှုန်းတွေကို ၃၀-၆-၂၀၁၁ တုန်းက ကုန်သွယ်လုပ်ငန်းခွန် ရှစ်ရာခိုင်နှုန်းကနေပြီးတော့ ငါးရာခိုင်နှုန်းသတ်မှတ်ပြီးတော့ လျှော့ချခဲ့ပါတယ်။ နောက် ၁၁-၈-၂၀၁၁ ရက်နေ့မှာ နယ်စပ်မှာရှိတဲ့ ကျပ်နဲ့ဆောင်ရွက်နေတဲ့ ကုန်သွယ်လုပ်ငန်းခွန် တွေကို ရှစ်ရာခိုင်နှုန်းကနေ ငါးရာခိုင်နှုန်း လျှော့ပေါ့ပေးခဲ့ပါတယ်။ ဒါ့အပြင် ၁၁ ရက်နေ့မှာပဲ ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် အဓိကကုန်တွေဖြစ်တဲ့ ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရာဘာ၊ ရေချိုရေငန်ထွက်ပစ္စည်း၊ တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်းတွေကိုလည်းပဲ ပြည်ပပို့ကုန်ရငွေအပေါ် စည်းကြပ်ကောက်ခံတဲ့ ကုန်သွယ်လုပ်ငန်းခွန်တွေကို ယာယီကန့်သတ်ခြောက်လနဲ့ ခွင့်ပြုလုံးဝ မကောက်ဘဲနဲ့ ထားရှိပေးခဲ့ပါတယ်။ ဒါ့အပြင် ၁၈-၈-၂၀၁၁ ရက်နေ့မှာလည်း CMPလုပ်ငန်းက ရရှိတဲ့ ဝင်ငွေတွေကို မူလက ၁၀ ရာခိုင်နှုန်း ကောက်ခံတဲ့အစား နှစ်ရာခိုင်နှုန်း ပြောင်းလဲပေးခဲ့ပါတယ်။ ၁၈ ရက်နေ့မှာလည်း ပြည်တွင်းမှာနေ နိုင်ငံသားနဲ့ ပြည်ပနေနိုင်ငံသားများက နိုင်ငံခြားငွေရရှိတဲ့ လစာခေါင်းစဉ်ပေါ်မှာလည်း ဝင်ငွေခွန်ကို ရှစ်ရာခိုင်နှုန်းကနေ နှစ်ရာခိုင်နှုန်းအထိ လျှော့ပေါ့ သတ်မှတ်ပေးခဲ့ပါတယ်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေ အကြပ်အတည်း တချို့ဖြစ်ပေါ်လာတာ တွေ့ရှိနေတဲ့အတွက်ကြောင့် ပြည်ပကုန်သွယ်မှုလုပ်ငန်းတွေကို ပိုမိုမြန်ဆန် သွက်လက်လာအောင် ပို့ကုန်၊ သွင်းကုန် လိုင်စင်တွေကိုလည်း အများဆုံးနှစ်ပတ်အတွင်း ရရှိအောင် ကုမ္ပဏီထုထောင်တဲ့ လိုင်စင်တွေကိုလည်းပဲ ထုထောင်ခွင့်လိုင်စင်တွေကိုလည်း အများဆုံးနှစ်လအတွင်းရရှိအောင် Trade Policy အနေနဲ့လည်း ပိုမိုပြီးတော့ ဆောင်ရွက်ပေးပါတယ်။ အလားတူပဲ သွင်းကုန်၊ ပို့ကုန်နဲ့

ပတ်သက်ပြီးတော့လည်း ပိုမိုပြီးတော့မှ ငွေကြေးပေါ်မှာ ပိုမိုတိုးတက်လာအောင် ဆိုပြီးတော့မှ ဆောင်ရွက်ထားတာ တွေ ရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ရဲ့ နိုင်ငံဟာ အာဆီယံအဖွဲ့ အတွင်းမှာ၊ အာဆီယံဒေသ အတွင်းမှာ လွတ်လပ်သောကုန်သွယ်မှုဒေသ Asean Free Trade Area (AFTA)ကို ပူးပေါင်းပါဝင်ဖို့ အကောင်အထည်ဖော် လျက်ရှိပါတယ်။ အာဆီယံ စီးပွားရေး အသိုက်အဝန်းဖြစ်တဲ့ Asean Economic Committee ကိုလည်း ၂၀၁၅ ခုနှစ်မှာ ပေါ်ပေါက်ဖို့အတွက် ရည်မှန်းထားပါတယ်။ လက်ရှိ အကောက်အခွန်နှုန်းထားတွေ လျှော့ချမယ်။ အကောက်အခွန်မဟုတ်တဲ့ ကုန်သွယ်ရေး အတားအဆီးတွေ ဖယ်ရှားမယ်။ ကုန်သွယ်ရေးနှင့် အကောက်အခွန် စည်းမျဉ်း စည်းကမ်းတွေ၊ လုပ်ငန်းစဉ်တွေ၊ လုပ်ထုံးလုပ်နည်းတွေ တစ်ပြေးညီဖြစ်အောင် ဆောင်ရွက်မယ်။ ဖြေလျှော့မှုတွေပေးမယ်။ အပြည်ပြည်ဆိုင်ရာနဲ့ ဒေသတွင်းမှာရှိတဲ့ အဖွဲ့အစည်းများနဲ့ ပူးပေါင်း ဆောင်ရွက်မယ်စတဲ့ အစီအမံတွေကိုလည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက်ကြောင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအနေနဲ့ အခွင့်အလမ်းများ ပိုမိုရယူစေနိုင်မှာ ဖြစ်တယ်ဆိုတာလည်း ကျွန်တော် တင်ပြလိုပါတယ်။ ဒါကြောင့် ယနေ့ ဖြစ်ပေါ်နေတဲ့ ဈေးကွက်တွေ ဖြစ်ပေါ်နေတဲ့ အမေရိကန်ဒေါ်လာ မြန်မာကျပ်ငွေ လဲလှယ်နှုန်းကျဆင်းမှုကြောင့် အခက်အခဲ ကြုံနေရတဲ့ လုပ်ငန်းတွေကို ကျွန်တော်တို့အားလုံး အားတက်သရော စိတ်ပါလက်ပါနဲ့ ဆွေးနွေး နေသလို အစိုးရအဖွဲ့ အနေနဲ့လည်း ဒီလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီးတော့မှ လိုအပ်တဲ့ဟာတွေကို ခုန ပြောတဲ့ Monetary Policy , Fiscal Policy တွေကို စီမံဆောင်ရွက်ပြီးတော့ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး တချို့ကို ဆောင်ရွက်ပြီး တချို့ဆောင်ရွက်ဆဲနဲ့ တချို့ကိုလည်း ဆက်လက်ဆောင်ရွက် နေတဲ့ ရှိတဲ့အခြေအနေများကို ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုးသာ၊ တွံတေးမဲဆန္ဒနယ်ရဲ့ အဆိုဟာ ဈေးကွက်တွင် ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာနဲ့ မြန်မာကျပ်ငွေ လဲလှယ်နှုန်းကျဆင်းမှုကြောင့် အခက်အခဲကြုံတွေ့နေရသည့် ဒါကတော့ ပြောမယ်ဆိုရင်တော့ Immediate com ပေါ့လေ။ ဝရီမက်ကော့တွေလည်းရှိဦးမှာပါ။ ဒီဟာကို အခြေခံလိုက်ပြီးတဲ့အခါမှာ အဓိက အဆိုကတော့ ဘာလဲဆိုတော့ နောက်ပိုင်းကမှ အဓိက အဆိုဖြစ်ပါတယ်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် စီမံဆောင်ရွက် ပေးပါတယ်၊ အဓိကဒီအဆိုပါပဲ။ ဒီအဆိုနဲ့ပတ်သက်လို့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးဌာနတစ်ခုတည်းနဲ့ လုပ်လို့မရပါဘူး။ ဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးချက်အတိုင်းပဲ အစိုးရအဖွဲ့တစ်ခုလုံး ပြီးတဲ့အခါမှာ

လွှတ်တော်မှာဖွဲ့စည်းထားတဲ့ကော်မတီများ ညှိနှိုင်းပေါင်းစပ်ပြီးဆောင်ရွက်ရမယ့်ကိစ္စဖြစ်တယ်လို့ ကျွန်တော်အနေနဲ့ မြင်ပါတယ်။ ဒီဟာသည် စီးပွားရေးကိစ္စ ဖြစ်ပါတယ်။ ဒီ စီပွားရေးကိစ္စက နိုင်ငံရေးကိုလည်း ပြဌာန်းသလို တည်ငြိမ်အေးချမ်းမှုကို ပြဌာန်းတဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ လွှတ်တော်အစည်းအဝေးစတင်တဲ့ ဩဂုတ်လ ၂၂ ရက်နေ့မှာ စီးပွားရေးနဲ့ ပတ်သက်ပြီးတော့ အချင်းချင်းအပြန်အလှန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ဖို့အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ဖို့အတွက် ဘဏ္ဍာရေးနှင့်အခွန် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဖွဲ့စည်းထားပါတယ်။ ဒီကိစ္စတွေကတော့ ရှေ့ကတစ်ခု ကျန်သွားတယ်၊ စီမံကိန်း၊ အမျိုးသားစီမံကိန်း၊ စီမံကိန်းတွေကလည်း သူ့အချိန်သူ့ကာလနဲ့ရှိမှသာလျှင် လုပ်ငန်းကိုင်ငန်းတွေ လည်း အဆင်ပြေမှာ ဖြစ်ပါတယ်။ လုပ်ငန်းကိုင်ငန်း အဆင်ပြေမှပဲ ငွေရေးကြေးရေးရမှာ ဖြစ်ပါတယ်။ ဒီကော်မတီဟာ စီးပွားရေးအတွက် ခုနကပြောမယ်ဆိုရင် စီမံကိန်းအပြင် ဘဏ္ဍာရေးကိစ္စ ပြောမယ်ဆိုရင် Fiscal policy ဒါပါထိန်းညှိပေးရမယ့် သဘောရှိပါတယ်။ အဲဒီအတိုင်းပဲ ဘဏ်များနဲ့ငွေရေးကြေးရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီဆိုလို့ရှိရင်လည်း ခုနက စီးပွားရေးဖြစ်ထွန်း ကြိုးပမ်းမှုအတွက် ဒီဟာမပါဘဲနဲ့ ခုနကအစိုးရတစ်ခုတည်းလုပ်ရမယ်ဆိုလို့ရှိရင် အစိုးရအတွက် အင်မတန်မှ တာဝန်ကြီးပါတယ်။ ကျွန်တော်တို့ လွှတ်တော်ဘက်ကလည်း တာဝန်မကျေရာ ရောက်ပါ တယ်။ အဲဒီအတိုင်းပဲ စီးပွားရေးနှင့်ကုန်သွယ်ရေးတိုးမြှင့်မှုဖွံ့ဖြိုးမှုကော်မတီ၊ ဒီဟာကျတဲ့အခါကျ ခုနက ဆွေးနွေးသွားတဲ့ Trade policy တို့ ခုနက ပြောခဲ့ပါတယ်။ Import First တို့၊ Export First တို့ ဒီဟာကလည်း ဒီနေ့ထုတ်ပြန်ထားတဲ့ဥပဒေ တွေရှိတယ်။ ဆင့်ကဲဆင့်ကဲ ထုတ်ပြန်ထားတဲ့ဥပဒေ တွေရှိပါတယ်။ ကျွန်တော်လည်း မနေ့က ဒါနဲ့ပတ်သက်ပြီးတော့ ပြောပြီးပါပြီ။ ဥပဒေ ဘယ်သူက ပြုစုမလဲ။ ဘယ်သူကပြဌာန်းမလဲ။ လွှတ်တော်တွေက ပြဌာန်းမယ်၊ ဘယ်သူ အတည်ပြု မလဲ။ နိုင်ငံတော်သမ္မတ အတည်ပြုမယ်။ သတ်မှတ်တဲ့ရက်အတွင်းမှာ အဲဒီရက်မှာ အတည်မပြုလည်း လွှတ်တော်နှစ်ရပ်ကနေပြီးတော့ အတည်ပြုထားတဲ့ကိစ္စ ဥပဒေဟာ အတည်ဖြစ်မယ်။ ဒီ ဥပဒေပြီးတဲ့ အခါမှာ နည်းဥပဒေကျတဲ့အခါကျတော့ ဘယ်သူတွေကထုတ်မှာလဲဆိုတော့ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနတွေက နည်းဥပဒေထုတ်ကြတယ်။ လွှတ်တော်နဲ့ဆိုင်ရင်တော့ လွှတ်တော်ဘက်က အခြား အခြားဘက်ကတော့ သက်ဆိုင်ရာဘက်ကနေပြီးတော့ ဒီနည်းဥပဒေထုတ်မှာပါ ဒီမှာတင်ရပ်သွားတာ လားဆိုတော့၊ မရပ်ဘူး။ အလုပ်ဖြစ်အောင် စည်းကမ်းဥပဒေတို့၊ စည်းမျဉ်းဥပဒေတို့ အဲဒါတွေ အကျယ်ချဲ့ပြောရမယ်ဆိုရင် အမိန့်၊ ညွှန်ကြားချက်၊ ကြော်ငြာ ပြီးတဲ့အခါမှာ လုပ်ထုံးလုပ်နည်း ပြီးတဲ့အခါမှာ Manual အဲဒါအားလုံးဟာ ဥပဒေထဲမှာ အကျုံးဝင်ပါတယ်။ အဲဒါတွေကို ဆင့်ကဲဆင့်ကဲ

ထုတ်တဲ့အခါမှာ မူလလွှတ်တော်က ထုတ်လိုက်တဲ့ ဥပဒေနဲ့အညီဖြစ်ရဲ့လား။ ကွဲလွဲမှုတွေ ရှိသလား။ ဥပဒေနဲ့အညီဖြစ်လျှင် ဒါကို အားလုံးလိုက်နာဆောင်ရွက်ကြ၊ ဥပဒေနဲ့ မညီဘူးဆိုလို့ရှိရင် ထပ်ဆင့်ထုတ်လိုက်တဲ့ဟာတွေကို ပြန်ပြီးတော့ Review လုပ်ပြီးလို့ရှိရင် ခုနကတချို့တင်ပြ သွားတာရှိပါတယ်၊ ပြေလျှော့ပေးရမယ့်ကိစ္စတွေရှိပါတယ်။ အဲဒီအပိုင်းကြတဲ့ အခါကြတော့ ဥပဒေနဲ့ မဆိုင်ဘူး။ သက်ဆိုင်ရာဌာနအသီးသီးရဲ့ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာမှာ သွားပြီးဟိုဟာ ဖြစ်ပါတယ်။ ပြီးတော့ စည်းမျဉ်း၊ စည်းကမ်းက တင်းကျပ်နေတယ်ဆိုရင် ပြေလျှော့ဖို့ မမှန်ဘူးဆိုလို့ရှိရင် မှန်အောင်လုပ်ဖို့ ဘယ်သူကကြည့်မလဲဆိုတာ ခုနကဖွဲ့စည်းပေးလိုက်တဲ့ ကော်မတီထဲက ကိုယ်နှင့်ဆိုင်တဲ့ဘာသာရပ်တွေကို Take Care လုပ်ရမယ်၊ ကိုယ့်မှာ Responsibility ရှိတယ်။ တာဝန်ရှိတယ်။ ဒါတွေ ကြည့်ပြီးတဲ့ခါမှာ ညှိနှိုင်းပြီးတော့ဆောင်ရွက်သွားမှသာလျှင်အဆင်ပြေမယ့်သဘောရှိပါတယ်။ ဒါကြောင့်မို့လို့ ယခု ဦးစိုးသာရဲ့အဆိုဟာ အဓိကကတော့ ဘာလဲဆိုတော့ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးပါရန်ဆိုတဲ့ အဆိုပဲဖြစ်ပါတယ်။ အဲလိုဖြစ်ဖို့ဆိုရင် ခုနက ငွေကြေးကိစ္စ၊ Trade policy ကိစ္စ၊ အခြားအခြားသော ကိစ္စတွေများစွာရှိတဲ့အတွက် ဒါကို အလေးအနက်ထားဆောင်ရွက်ဖို့လိုတယ်ဆိုတဲ့သဘော အားလုံးပေါ့လေ အားလုံးက ထောက်ခံဆွေးနွေးသွားတဲ့အတွက် မဲခွဲဆုံးဖြတ်စရာမလိုတဲ့ နိုင်ငံအတွက်လိုအပ်တဲ့ အဆိုတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို လွှတ်တော်ကမှတ်တမ်းတင်ပြီးတော့ ဒီအဆိုအတိုင်းဆက်လက်ဆောင်ရွက်နိုင်ဖို့ အဆိုဖြစ်သွားတဲ့အတွက် policy ဖြစ်သွားပါတယ်။ ဒီ policyကို သက်ဆိုင်ရာတာဝန်ရှိတဲ့လွှတ်တော်ရဲ့အဖွဲ့အစည်းများကော၊ လွှတ်တော်နဲ့ မသက်ဆိုင်သော အခြားအုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများကော ဆောင်ရွက်ရသွားမယ့်ကိစ္စဖြစ်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကိုရယူမှာ ဖြစ်ပါတယ်။ အဆိုနဲ့ပတ်သက်ပြီးတော့ သီးခြားဆုံးဖြတ်စရာ၊ သီးခြားမဲခွဲစရာမလိုဘဲနဲ့ ဆက်လက်ဆောင်ရွက်သင့်တဲ့အဆို ဆိုတာကို လွှတ်တော်အနေနဲ့ သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကသဘောတူတဲ့အတွက် တွဲတေးမဲဆန္ဒနယ်၊ ဦးစိုးသာရဲ့ဈေးကွက်တွင် ဖြစ်ပေါ်နေသော အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်း ကျဆင်းမှုကြောင့် အခက်အခဲကြုံတွေ့နေရသည့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများဆိုတာမှာ လူထုအားလုံးနဲ့ ဆိုင်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များမှမဟုတ်ပါဘူး။ နိုင်ငံအတွင်းမှာနေထိုင်တဲ့ သူများရဲ့စီးပွားရေး

လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးတွက် စီမံဆောင်ရွက်ပေးပါရန်အဆိုကို လွှတ်တော်က မှတ်တမ်းတင် အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်၏ “မြေယာမှုခင်းများကို စစ်ဆေးဆုံးဖြတ်ရာတွင် စကားရပ်များ အစားထိုးခြင်းဥပဒေအရ တစ်ဦးတည်းကို အခွင့်အာဏာပေးခြင်းထက် ကော်မတီ ပုံသဏ္ဍာန်ဖြင့်ဆောင်ရွက်သင့်ပါကြောင်း” အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်ဆက်လက်ပြီးတော့ ဆောင်ရွက်ပါမယ်။ ကျွန်တော်တို့ ဒီနေ့တော့ ရပ်နားချိန်မပေးဘဲနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အပေါ့အပါး အညောင်းပြေ သွားမယ်ဆိုလို့ရှိရင် လည်း အပြင်သွားနိုင်ပါတယ်။ ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်၏ မြေယာမှုခင်းများကို စစ်ဆေးဆုံးဖြတ်ရာတွင် စကားရပ်အစားထိုးခြင်း ဥပဒေအရတစ်ဦးတည်းကို အခွင့်အာဏာပေးခြင်းထက် ကော်မတီ ပုံစံဖြင့် ဆောင်ရွက်သင့်ကြောင်း အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်**၊ ၁၄ း ၅၄။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ကိုယ်၏ ကျန်းမာခြင်းနဲ့ပြည့်စုံကြ ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးစိုးဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းမယ့်အဆိုကတော့ မြေယာမှုခင်းများကို စစ်ဆေးဆုံးဖြတ်ရာတွင် စကားရပ် အစားထိုးခြင်း ဥပဒေအရတစ်ဦးတည်းကို အခွင့်အာဏာပေးခြင်းထက် ကော်မတီပုံသဏ္ဍာန်၊ (အဖွဲ့ပုံသဏ္ဍာန်)ဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း အဆိုဖြစ်ပါတယ်။ ဒီအဆိုကို တင်သွင်းရခြင်း ရည်ရွယ်ချက်ကတော့ တောင်သူလယ်သမားတွေရဲ့ ဘဝမနစ်နာစေဖို့၊ ၎င်းတို့၏အကျိုးစီးပွားကို ကာကွယ်ဖို့၊ ဆုံးဖြတ်တဲ့သူများကလည်း ဥပဒေနှင့်အညီ တိမ်းစောင်းမှုမရှိဘဲ ဆုံးဖြတ်သွားနိုင်ဖို့ ရည်ရွယ်ချက်နဲ့ တင်ပြရခြင်း ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မြေယာမှုခင်းများကို စစ်ဆေးဆုံးဖြတ်ဆောင်ရွက်နိုင်ရန် စကားရပ်များအစားထိုးခြင်းဥပဒေအရ အခြေခံရပ်ကွက်ကျေးရွာအုပ်စုမှာ အုပ်ချုပ်ရေးမှူး၊ မြို့နယ် အဆင့်မှာ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ ခရိုင်အဆင့်မှာ ခရိုင်မြေစာရင်းဦးစီးဌာနမှူး၊ တိုင်းနဲ့ ပြည်နယ်အဆင့်မှာ တိုင်းနဲ့ပြည်နယ် မြေစာရင်းဦးစီးဌာနမှူးများသို့ လွှဲအပ်ထားခဲ့ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ လွန်ခဲ့သောကာလများကို လေ့လာဆန်းစစ်ကြည့်မယ်ဆိုရင် တာဝန်ရှိမြေယာစီမံခန့်ခွဲရေး

အခွင့်အာဏာရရှိထားသူများရဲ့ ဆောင်ရွက်ချက်များဟာ ဥပဒေနဲ့အညီ ဆောင်ရွက်ခြင်းမပြုတဲ့အတွက် မြို့နယ်အများအပြားရှိ တောင်သူများဟာ နစ်နာမှုများရှိခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ဒီအချက်နဲ့ပတ်သက်လို့ ကျွန်တော်တို့ဒေသမှာဖြစ်ခဲ့တဲ့ ဖြစ်စဉ်အချို့ကို သာဓကအနေနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဖြစ်စဉ်ကိုတင်ပြရရင်ကျေးရွာတစ်ရွာမှာ လယ်ယာမြေ ၃.၀၈ ဧကနဲ့ပတ်သက်ပြီး အငြင်းပွားမှု ဖြစ်ပါတယ်။ ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူက မြေယာမှုခင်း ဖွင့်လှစ်စစ်ဆေးခြင်း မပြုဘဲနဲ့ ခုနှစ်နှစ်ခန့်လယ်ယာမြေ ဆက်တိုက်လုပ်ကိုင်သူကို အရှုံးပေးခဲ့ပါတယ်။ ရှုံးတဲ့သူကဘာမှ မလုပ်တတ်တဲ့အတွက် အကူအညီတောင်းခံပါတယ်။ ကျွန်တော်တို့ကလည်း ကယာကံရှင်ကို ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူထံက အရှုံးအနိုင်တရားဝင်စာကို တောင်းခံစေခဲ့ပါတယ်။ တောင်းခံသော်လည်း တရားဝင် အရှုံးအနိုင်စာကို မပေးခဲ့ပါဘူး။ တစ်ဖက်ကလည်း လယ်ယာမြေကို အင်အားနဲ့ဝင်ပြီး လုပ်ကိုင်ကြတဲ့အတွက် ကာယကံရှင်တောင်သူအနေနဲ့ များစွာနစ်နာလှပါတယ်။ ဒီကာလမှာပဲ အုပ်ချုပ်ရေးအပြောင်းအလဲဖြစ်ပါတယ်။ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့သစ်ကလည်း မြို့နယ်မြေစာရင်းဦးစီးမှူးရဲ့ ညွှန်ကြားချက်အရ တရားဝင်အမှုတွဲဖွင့်လှစ် စစ်ဆေးပြီး ခုနှစ်နှစ်ခန့် လယ်ယာမြေဆက်တိုက်လုပ်ကိုင်သူကို အနိုင်ပေးခဲ့ပါတယ်။ ယင်းသို့အနိုင်ပေးခဲ့ပေမယ့် ကာယကံရှင်က အဆိုပါ လယ်ယာမြေ ၃.၀၈ ဧကကို လုပ်ကိုင်ခွင့်မရခဲ့ပါဘူး။ တစ်ဖက်ကလည်း မြို့နယ်မြေစာရင်းဌာနမှူးသို့ အယူခံတက်ပါတယ်။ မြေစာရင်းဌာနကလည်း အခြေခံရဲ့ ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ပါတယ်။ တစ်ဖက်က ငွေအင်အား၊ လူအင်အားတောင့်တင်းတဲ့အတွက် အားနည်းတဲ့ဘက်က လက်ပိုက်ကြည့်နေခဲ့ရပါတယ်။ မြို့နယ်ရဲ့ဒီအမိန့်ကို အာဏာသက်ရောက်စေဖို့ ဘယ်သူမှ ဆောင်ရွက်ပေးနိုင်ခဲ့တာကို မတွေ့ရပါဘူး။ ရှုံးတဲ့ဘက်ကလည်း တိုင်းသို့ အယူခံဝင်ရောက်ခဲ့သော်လည်း ရပ်ကွက်ကျေးရွာနဲ့ မြို့နယ်ရုံးအမိန့်ကို တိုင်းမှအတည်ပြုခဲ့တဲ့အတွက် အနိုင်ရသူက ၎င်းရဲ့ လယ်ယာမြေ ၃.၀၈ ဧကကို ဝင်ရောက်လုပ်ကိုင်ရာမှာ တစ်ဖက်က မြို့နယ်တရားရုံးမှာ တရားစွဲဆိုခဲ့ပါတယ်။ နောက်ဆုံးတရားရုံးနဲ့ စကားပြောကြရပါ တယ်။ အခုတော့ ပြဿနာပြီးသွားပါပြီ။ တင်ပြချင်တာကတော့ အခြေခံရပ်ကွက်၊ ကျေးရွာ၊ အုပ်စု အုပ်ချုပ်ရေးတာဝန်ရှိသူရဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်ခြင်း မပြုတာကြောင့် အမှန်တောင်သူမှာ နှစ်နှစ် ကျော်ကျော်တောင် ဘဝရပ်တည်မှု တော်တော်ကြိုးစားခဲ့ကြရပါတယ်။ အကြံပြုတင်ပြချင်တာကတော့ လုပ်ပိုင်ခွင့်အာဏာလွှဲအပ်ပေးမယ့် ရပ်ကွက်၊ ကျေးရွာ၊ အုပ်ချုပ်ရေးမှူးများကိုလည်း ဥပဒေနားလည်စေရန် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ အခါအားလျော်စွာ ပြုလုပ်ပေးသင့်ပါကြောင်း ဖြည့်စွက်တင်ပြ အပ်ပါတယ်။ ဒုတိယဖြစ်စဉ်ကို ကျွန်တော်ထပ်မံ တင်ပြပါမယ်။ ကျေးရွာတစ်ရွာမှာ ဖခင်အမည်ပေါက် နဲ့မြေယာတရားဝင်ချထားတဲ့

လယ်ယာမြေ ၁၃.၄၉ ဧကခန့် ရှိပါတယ်။ ဖခင်သေဆုံးတော့ သမီးဖြစ်သူက ဆက်လုပ်ပါတယ်။ သမီးဖြစ်သူ ကျန်းမာရေးမကောင်းတဲ့အတွက် အခြေကျနေထိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးနဲ့ စီမံမှုနဲ့ ပုဂ္ဂိုလ်တစ်ဦးကို သီးစားအငှားချထားပါတယ်။ ဆောင်ရွက်တဲ့ကာလ သုံးနှစ်လောက်ရှိလာချိန်မှာ ဦးလေးဖြစ်သူက မြေငါးဧကကို တိတ်တဆိတ် ရောင်းချပါတယ်။ တူမဖြစ်သူက အခြေအနေကိုသိတော့ ကန့်ကွက်ပါတယ်။ လယ်ယာမြေတည်ရာ အုပ်ချုပ်ရေးအဖွဲ့ကို တင်ပြပါတယ်။ အုပ်ချုပ်ရေးအဖွဲ့က ဦးလေးနှင့်တူမဖြစ်သူကို စီမံခန့်ခွဲရေးနည်းလမ်းအရ ဆောင်ရွက်ပေးရမယ့်အစား မြေယာမှုခင်းပေး လွှတ်ပြီး စစ်ဆေးခဲ့ပါတယ်။ ဆုံးဖြတ်ချက်ကတော့ လယ်ယာမြေ ၁၃.၄၉ ဧကခန့်ကို စည်းကမ်း ပျက်တယ်ဆိုပြီး အားလုံးသိမ်းလိုက်ပါတယ်။ အဲဒီနောက်မှာတော့ သီးစားလုပ်ကိုင်သူကို လုပ်ပိုင် ခွင့်ချထားပေးခဲ့ပါတယ်။ ဒီအချက်ဟာ တကယ်တမ်းစိစစ်မယ်ဆိုရင် ဥပဒေနဲ့ မညီညွတ်ပါဘူး။ ဒါနဲ့ မြို့နယ်ကို အယူခံတက်ရောက်ရပါတယ်။ မြို့နယ်ကလည်း အောက်ခြေအမိန့်ကို အတည်ပြုလိုက် ပြန်ပါတယ်။ နောက်ဆုံး တိုင်းကို အယူခံဝင်ပြီး မြေစာရင်း တိုင်းဦးစီးဌာနမှူးနဲ့ သွားရောက် တွေ့ဆုံ တင်ပြတဲ့အခါမှာ တိုင်းဦးစီးမှူးက တိုင်းရုံးမှာ မြေယာမှုခင်းအများအပြား ရှိနေပါတယ်။ ဦးစားပေး အလိုက် စစ်ဆေးပေးမည်ဟုသာ ဖြေကြားတဲ့အတွက် ပြန်လာခဲ့ရပါတယ်။ ၎င်းအမှုဟာ အချိန်အားဖြင့် နှစ်နှစ်ကျော်လောက်ကြာပြီဖြစ်တဲ့အတွက် အခုအချိန်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဝန်ကြီးချုပ်ထံ အသနားခံတင်ပြထားဆဲ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေကို ကြည့်မယ်ဆိုရင်တောင်သူများ ဘဝပျက်ရ ပါတယ်။ အခုလည်း ဒီမြေလုပ်ပိုင်ခွင့်ရ တောင်သူဆိုရင် မြေယာလုပ်ပိုင်ခွင့်အားလုံးကို သိမ်းဆည်း လိုက်တဲ့အတွက် များစွာနစ်နာမှုဖြစ်ရပါကြောင်း တင်ပြအပ်ပါတယ်။ ဒီဖြစ်စဉ်တွေနဲ့နည်းတူ အခြားမြို့နယ်တွေမှာလည်း ပြဿနာတွေရှိနိုင်ပါတယ်။ ဒီလိုနစ်နာမှုတွေကိုထောက်ရှုပြီး လယ်ယာမြေများနှင့် ပတ်သက်ပြီး စစ်ဆေးဆုံးဖြတ်သော အခွင့်အာဏာတွေကို တစ်ဦးတည်းကို အပ်နှင်းထားတာထက် ကော်မတီပုံသဏ္ဌာန်(ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သောအဖွဲ့)တို့ကို အပ်နှင်း ဆောင်ရွက်စေခြင်းဟာ လျော်ကန်သင့်မြတ်တယ်လို့ ယူဆမိတာကြောင့် အခွင့်ကြုံလာချိန်မှာ ပြည်သူ့လွှတ်တော်ကို တင်ပြရခြင်းပဲ ဖြစ်ပါတယ်။ လွှတ်တော်အစည်းအဝေး တက်ရောက်စဉ်မှာပဲ ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးရဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေ ဥပဒေကြမ်းကို ဖတ်ရှုလေ့လာခွင့်ရတဲ့အခါမှာ အချက်အလက်တွေက ပြည့်စုံတော့ ပိုပြီးစိတ်ဝင်စား မိပါတယ်။ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေကိုလည်း ရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ တိုင်းဗဟိုတွေမှာ အဆင့်ဆင့်ဖွဲ့စည်းမယ်ဆိုတော့ ပိုပြီးကောင်းမွန်တာကို တွေ့ရပါတယ်။ ဒီအချက်ကို ကျွန်တော် တင်ပြရတာလည်း ကျွန်တော်တင်သွင်းတဲ့အဆိုနဲ့ ဆက်စပ်ပတ်သက်တဲ့အတွက် ဖြစ်ပါ

တယ်။ ဒါကြောင့် လယ်ယာမြေများ စီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းရာမှာ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်အဆင့်တွေမှာ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြေစာရင်းဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာအဖွဲ့မှ ဝန်ထမ်းတွေကို မှန်ကန်စွာရွေးချယ်ပြီး တာဝန်ပေးဖွဲ့စည်းလျက် လုပ်ပိုင်ခွင့်၊ အခွင့်အာဏာ အပ်နှင်းပေးပါက ပိုမိုသင့်တော်မည်ဟု သုံးသပ်မိတဲ့အတွက် ဤအဆိုကို တင်သွင်းရခြင်း ဖြစ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**အချိန်၊၁၅း ၀၂။**

**ဦးတင်ဝင်း(ကောလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ယနေ့ ပြည်သူ့လွှတ်တော်မှာ တင်းသွင်းတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုးရဲ့ အဆိုအား ထောက်ခံအပ်ပါ ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးမယ့်အချိန်ကို ထပ်မံကြေညာပါမယ်။ သို့ရာတွင် ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးလိုတဲ့ ပုဂ္ဂိုလ်များ ဒီနေ့ညနေပိုင်းမှာ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်သို့ စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်က တင်ပြသွားသလို ဟသ်ာတမဲဆန္ဒနယ်က ဦးဌေးဦးလည်း မြေယာနဲ့ သက်ဆိုင်တဲ့ ဥပဒေကြမ်း တင်ပြထားတာ ရှိပါတယ်။ ထိုနည်းတူစွာပဲ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနဲ့ ပတ်သက်တဲ့ ဥပဒေကြမ်းကိုလည်း ဆွေးနွေးဖို့ ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ အခု တင်သွင်းတဲ့ ဦးစိုးစိုးရဲ့ အဆိုကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ အစည်းအဝေးပြီးတဲ့ အခါမှာ လက်ရေး သို့မဟုတ် ခုနက ပြုစုထားတဲ့အတိုင်း တင်ပြပေးပါမယ်။ ဥပဒေကြမ်းအနေနဲ့ ဦးဌေးဦး တင်ပြထားတဲ့ ဥပဒေရယ်၊ အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထားရေး ဥပဒေရယ် ဆက်စပ်ပြီးတဲ့အခါမှာ ဒီ ဥပဒေများနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုအကျိုးဝင်အောင် ဆောင်ရွက်နိုင်မလဲဆိုတာကိုလည်း ပြန်လေ့လာပြီးတော့

မိမိထံ ပြန်တင်ပြပါ။ ဒီ့မှ နောက်မှသာလျှင် ဒီအဆိုနဲ့ပတ်သက်လို့ ဆွေးနွေးဖို့ ထပ်မံပြီးတော့ ကြေညာပါမယ်။

## ဦးဇုံးတိန့်၊ ချီဖွေမဲဆန္ဒနယ်၏ "ကချင်ပြည်နယ်သည် မြန်မာနိုင်ငံရဲ့ စတုတ္ထစပါးကျီ ဖြစ်ရမည်ဟူသော ရည်မှန်းချက်အောင်မြင်ရေးအတွက် စိုက်ပျိုးရေ ရရှိရေး၊ ဆည်မြောင်းတာတမံများ၊ ဒေသအခြေအနေအရ တည်ဆောက်ပေးရေး" အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန် ၊၁၅ း ၀၅**။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံရဲ့ စတုတ္ထစပါးကျီ ဖြစ်ရမည်ဟူသော ရည်မှန်းချက်အောင်မြင်ရေးအတွက် စိုက်ပျိုးရေ ရရှိရေး၊ ဆည်မြောင်းတာတမံများ၊ ဒေသအခြေအနေအရ တည်ဆောက်ပေးရေးအဆိုနဲ့ စပ်လျဉ်းတဲ့ အဆိုတစ်ခုကို အချိန်ကို လေးစားသောအနေဖြင့် ဖတ်ကြားတင်သွင်းခွင့်ပြုရန် တင်ပြအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် အဆိုတစ်ရပ်တင်ပြလိုတာကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ အဓိက စိုက်ပျိုးသီးနှံဖြစ်တဲ့ ဆန်စပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ စိုက်ပျိုးထုတ်လုပ်ပြီး ဝမ်းစာဖူလုံမှုရရှိသော နိုင်ငံဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အဓိက သီးနှံဖြစ်တဲ့ ဆန်စပါးကို ဒေသအလိုက် ဝမ်းစာဖူလုံအောင် စိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချရန်အတွက်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက အရန်ရိက္ခာ ဆန်များအဖြစ် သိုလှောင်ထားနိုင်ရန် အတွက်သော်လည်းကောင်း ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များအရ ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီ ဖြစ်ရမည်ဟူသော ရည်မှန်းချက်စီမံကိန်းကို ကချင်ပြည်နယ်၊ စိုက်ပျိုးရေး ကြီးကြပ်ကော်မတီမှ ဆောင်ရွက်ထားလျက်ရှိတာကို တွေ့ရှိရပါတယ်။ လက်တွေ့မြေပြင် အနေအထားအရ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အားနည်းချက်များရှိနေတာကို တွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအခါ နိုင်ငံတော်က ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ လုပ်ငန်းစဉ်(၈)ရပ်အနက် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍသည် အခြေခံကျပြီး အရေးပါလှပါတယ်။ ဤကမ္ဘာမြေကြီးသည် လူဦးရေတိုးပွားလာသည်နှင့် စားနပ်ရိက္ခာများသည် ယခင်ကထက် ပို၍လိုအပ်လာမည်ဖြစ်ပါတယ်။ ယင်းကဲ့သို့ တိုးပွားလာသည့် လူဦးရေအတွက် အစားအစာလုံလောက်မှုရရှိစေရန် ကမ္ဘာ့နိုင်ငံကြီးများက အပူတပြင်း ပြင်ဆင်လျက်ရှိသည့်နည်းတူ မိမိတို့မြန်မာနိုင်ငံကလည်း နည်းလမ်းရှာဖွေပြီး ကြိုတင်တွက်ဆထားရမှာဖြစ်ပါတယ်။

ဒါကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီနည်းပညာများ အသုံးပြုရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးရေရရှိရေးကိုလည်း ဦးစားပေးထည့်သွင်းစဉ်းစားရန် လိုအပ်လျက်ရှိပါတယ်။ ယခုအခါ မိမိတို့ ကချင်ပြည်နယ်သည်လည်း နိုင်ငံတော်၏ စတုတ္ထစပါးကျီ ဖြစ်ရမည်ဟူသော ရည်မှန်းချက်အောင်မြင်ရေးအတွက် စိုက်ပျိုးရေရရှိရေးသည် မလွဲမသွေလိုအပ်မည်ဖြစ်ပါတယ်။ နိုင်ငံတော်မှ စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်း တာတမံစီမံကိန်းများ တည်ဆောက်ပေးခဲ့တာလည်း ရှိပါတယ်။ သို့သော်ငြားလည်း ကချင်ပြည်နယ်အတွင်း တည်ဆောက်ပေးခဲ့သော အချို့ဆည်များမှာ ပျက်စီးနေပါသဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ပေးရန်နှင့် ဆည်အသစ်များတိုးချဲ့ တည်ဆောက်ရန် လိုအပ်လျက်ရှိနေပါတယ်။ အထူးသဖြင့် ကချင်ပြည်နယ်၏ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်း စိုက်ပျိုးရေပေးဝေနေသော ဝါးရှောင်ဆည်မြောင်းကို ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင် ပြုပြင်ထိန်းသိမ်းပြီး စိုက်ပျိုးဧက တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေးအတွက် တင်ပြလိုပါတယ်။ တည်ဆောက်ဆောင်ရွက်နေဆဲလုပ်ငန်းများဖြစ်တဲ့ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်မှာရှိတဲ့ ပေါင်းနက်ရေလှောင်တမံစီမံကိန်းကို ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ကချင်ပြည်နယ်၊ ဆည်မြောင်းဦးစီးဌာနမှ ဆောက်လုပ်ခဲ့ရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်ခဲ့သော်လည်း ၂၅.၀၂ ရာခိုင်နှုန်းသာပြီးစီးကြောင်း မှတ်တမ်းတင်ထားတာကို တွေ့ရှိရပါတယ်။ အလားတူ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်မှာရှိတဲ့ တာလီရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်း၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ နောင်းမိဒေသတွင် လယ်ယာမြေဧက ၂၀၀၀ ဖော်ထုတ်ရေးလုပ်ငန်းတွင် ရေသောက်စနစ် ဆောင်ရွက်ပြီးစီးမှုအခြေအနေမှာ ၄၅.၀၈ ရာခိုင်နှုန်းရှိပြီး ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသော သတ်မှတ်ဧကများအတွက် အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် တင်ပြလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တည်ဆောက်ရန် လျာထားသည့် ဆည်မြောင်းစီမံကိန်းလုပ်ငန်းသစ်များဖြစ်သည့် ဆက်လက်စူးစမ်းလေ့လာ မြေပြင် တိုင်းတာမှုများဖြင့် အချို့ဒီဇိုင်းရေးဆွဲနေဆဲဖြစ်သော ဝိုင်းမော်မြို့နယ်တွင် ရေလှောင်တမံ ၂ ခု၊ မိုးညှင်းမြို့နယ်တွင် ရေလွှဲဆည် ၃ ခု၊ ပူတာအိုဒေသတွင် ရေလွှဲဆည် ၆ ခု၊ ဗန်းမော်ဒေသတွင် ရေလွှဲဆည် ၁ ခု၊ စုစုပေါင်း ၁၂ ခုတို့အား ဆောလျင်စွာ စတင် တည်ဆောက်နိုင်ရေးအတွက်ကိုလည်း တစ်ပါတည်း တင်ပြလိုပါတယ်။ ဤကဲ့သို့ တည်ဆောက်ပေးနိုင်ပါက ကချင်ပြည်နယ်အတွင်း ဆည်ရေသောက်ဧရိယာများ တိုးမြှင့်လာခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကျော်လွှားနိုင်ပြီး တစ်သီးစားမှနှစ်သီး၊ သုံးသီးအထိ တိုးတက်ထုတ်လုပ်နိုင်ကာ ကျေးလက်တောင်သူများ၏ ဝင်ငွေလည်း တိုးတက်ရရှိလာမှာဖြစ်ပါသည်။

ကချင်ပြည်နယ်သည် တောင်ကုန်းတောင်တန်းများ ထူထပ်ပေါများသည့်ဒေသဖြစ်ပြီး ကျေးရွာများမှာလည်း လူနေကျဲပါးကာ တစ်ရွာနှင့်တစ်ရွာ ခရီးလမ်းဝေးကွာသောဒေသလည်း ဖြစ်ပါတယ်။ ဥပမာ ဝမ်းစာဖူလုံမှုအားနည်းသော ချီဖွေမြို့နယ်ကဲ့သို့သော ဒေသတွင်လည်း အခြေအနေအရ အသေးစားရေလွှဲမြောင်းများ ဖောက်လုပ်ပြီး လှေကားထစ်စိုက်ပျိုးရေးကို ဖော်ဆောင်ပေးခြင်းအားဖြင့် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းများ လုပ်ကိုင်ခြင်းကို လျှော့ချကာ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုကို ထိန်းသိမ်းကာကွယ်ရေးကို ဖော်ဆောင်နိုင်ရန်အတွက်လည်း တင်ပြလိုပါတယ်။ နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ "ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီ ဖြစ်ရမည်ဟူသော ရည်မှန်းချက်အောင်မြင်ရန်အတွက် စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်း၊ ရေလှောင် တာတမံများ တိုးချဲ့အသစ်တည်ဆောက်ပေးရေး"အဆိုကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးခွင့်ပြုပေးနိုင်ရန်အတွက် လေးစားစွာဖြင့် တင်သွင်းရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းနိုင် (ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ဖြစ်ပါတယ်။ ချီဖွေမြို့နယ်၊ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးဖုံးတိန့် တင်သွင်းသွားသော အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးဖုံးတိန့်၊ ချီဖွေမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့်**
**လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း**
**ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။အဆိုကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်(ကြာသပတေးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ ညနေပိုင်းမှာ ဆွေးနွေးလိုသော ကိုယ်စားလှယ်များ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းဖို့ဖြစ်ပါတယ်။

**"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို**
**သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က တင်သွင်းခြင်း"**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်းရန် ဖြစ်ပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်အား ဥပဒေကြမ်းတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၅ း ၁၂။**

**ဦးမြင့်နိုင်(အဖွဲ့ဝင်၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ရှိပါတယ်။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေမှာ အခန်း (၁၆)ခန်းရှိပြီးတော့ ပုဒ်မပေါင်း ၉၁ ခု ရှိပါတယ်ခင်ဗျား။ ပုဒ်မ ၉၁ ခု ရှိတဲ့အနက်က ပုဒ်မ ၄၉(က)၊ ပုဒ်မ ၇၄ (က)နဲ့ ပုဒ်မ ၈၈ သုံးခုကိုသာ ပြင်ဆင်တဲ့ဥပဒေကြမ်းကို တင်သွင်းထားပါတယ်။ လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ပြင်ဆင်ထားတဲ့ ဥပဒေကြမ်းကို ဖတ်ကြားခြင်းမပြုတော့ဘဲနဲ့ ပြင်ဆင်ရသည့် အကြောင်းပြချက်

အနှစ်ချုပ်ကို ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) ရဲ့ ပုဒ်မ ၂ မှာ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉ (က)ကို အစားထိုး ပြင်ဆင်ထားပါတယ်။ အဲသလို အစားထိုးပြင်ဆင်ရခြင်းရဲ့ အကြောင်းကတော့ ပုဒ်မ ၄၉ ပြဋ္ဌာန်းချက် အရ မြို့နယ်ကော်မရှင် အဖွဲ့ခွဲများက လွှတ်တော် ကိုယ်စားလှယ်လောင်းများရရှိတဲ့ ဆန္ဒမဲများကို ကြေညာရမှာဖြစ်ပါတယ်။ ထိုကဲ့သို့ပဲ ပုဒ်မ ၄၉(ခ)အရ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက မြို့နယ်များမှ ပေးပို့လာတဲ့ စာရင်းများကို စုစည်းပြီးတော့ မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက် ခံရသောပုဂ္ဂိုလ်ရဲ့အမည်ကို ကြေညာခြင်းပြုရပါတယ်။ လက်တွေ့ဆောင်ရွက်တဲ့နေရာမှာ ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ရဲ့ လုပ်ပိုင်ခွင့်များ ရောထွေးသွားသည်ကို တွေ့ရှိနေရပါတယ်။ ထိုသို့ ရောထွေး မသွားနိုင်စေရန်အလို့ငှာ ပုဒ်မ ၄၉(က)မှာ ပထမဝါကျကို ပယ်ဖျက်ပြီးတော့မှ ပြင်ဆင်ရေးသား ထားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်ခင်ဗျား။

ကျွန်တော်တို့ ပုဒ်မခွဲ(ခ)မှာ ပုဒ်မ ၇၄(က)ကို အစားထိုး ပြင်ဆင်ထားပါတယ်။ ပုဒ်မ ၇၄ (က)ကို ပြင်ဆင်ရခြင်းရဲ့ အကြောင်းပြချက်ကတော့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၀၂ (ခ)နဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၉(ခ)ပါ ပြဋ္ဌာန်းထားချက်တို့အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဟာ ရွေးကောက်ပွဲခုံအဖွဲ့များရဲ့ ဆုံးဖြတ်ချက်များ အမိန့်များနှင့်စပ်လျဉ်း ပြီးတော့မှ အယူခံမှုများနှင့်ပြင်ဆင်မှုများကိုပါ အဆုံးအဖြတ်ပေးရန် လုပ်ပိုင်ခွင့်ပေးထားပါတယ်။ လက်ရှိဥပဒေ ပြဋ္ဌာန်းချက်အရဆိုလည်း ပြင်ဆင်မှုတစ်မျိုးတည်းအတွက်သာ ပါရှိနေသည့်သဘော ပြဋ္ဌာန်းချက်ဖြစ်နေပါ၍ အခြေခံဥပဒေနှင့် ညီညွတ်စေရန် ပြင်ဆင်ရေးသားထားခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ပုဒ်မခွဲ(ဂ)ကတော့ ပုဒ်မ ၈၈ ကို အစားထိုး ပြင်ဆင်ထားပါ တယ်။ ပုဒ်မ ၈၈ ကို ပြင်ဆင်ရခြင်းရဲ့အကြောင်းပြချက်ကတော့ ယခင်မူလပြဋ္ဌာန်းချက်အရဆိုရင် လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ ပယ်ဖျက်ခြင်းခံရတဲ့ ပြစ်မှုရဲ့အတိမ်အနက်များ မတူညီသော်လည်းဘဲ ရွေးကောက်ပွဲဝင်ခွင့် ပိတ်ပင်မှုကာလမှာ တစ်မျိုးတစ်စားတည်းဖြစ်နေတာကိုတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခြင်းခံရတဲ့ ပြစ်မှုရဲ့အတိမ်အနက်များ တူညီမှုမရှိကြသည့် အားလျော်စွာ ရွေးကောက်ပွဲဝင်ခွင့် ပိတ်ပင်မှုကာလကိုလည်း သုံးမျိုးခွဲခြားပြီးတော့မှ ပြင်ဆင် ရေးသားထားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

# “ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ၁၅၄၊ နည်းဥပဒေခွဲ(ခ)အရ “ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”နဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့စိစစ်တွေ့ရှိမှု အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းရန် ဖိတ်ခေါ်ပါတယ်။

**အချိန် ၊၁၅ း ၁၉။**

**ဦးသိန်းထွန်းဦး (အမရပူရမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်းနဲ့ ပြည်ထောင်စုကြီး၏ အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ကြပါစေကြောင်း ဂါရ၀ပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ “ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”အား ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ကော်မတီ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးဆောင်ရွက်နိုင်ရန် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့စွဲဖြင့် ပေးပို့လာသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄ နှင့်အညီ စိစစ်ခြင်းလုပ်ငန်းများကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ကြပါသည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေသည်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၀ ခုနှစ်၊ ဥပဒေအမှတ်(၃/၂၀၁၀)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံတော်သည် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေး၊ ၂၀၁၁ ခုနှစ်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပါတီကိုယ်စားပြု ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ ပေါ်ထွက်လာစေရေးကို အဓိကဖော်ဆောင်ပေးသည့် ဥပဒေတစ်ရပ် ဖြစ်ပါတယ်။ ထိုပြည်သူ့လွှတ်တော်

ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပုဒ်မ ၃ ကိုပြင်ဆင်ရန် တင်ပြလာပါသည်။ ထိုတင်ပြချက်ဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၇၄၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၈၈ (က)(ခ)(ဂ)တို့ကို စိစစ်လေ့လာကြည့် သည့်အခါတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

ပထမပြင်ဆင်ချက်ဖြစ်သည့် ပုဒ်မ ၄၉၊ ပုဒ်မခွဲ(က)သည် ပုဒ်မ၄၉(ခ)ပါ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ပိုင်ခွင့်နှင့် ရောထွေးမသွားစေရန်၊ မလိုအပ်သည်များ ပယ်ဖျက်ပြင်ဆင်ပြီးဖြစ်သည်ကိုတွေ့ရပါသည်။ လက်ရှိပြဋ္ဌာန်းချက်တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ်တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထက် ပို၍ရှိခဲ့လျှင် ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီး ရရှိသည့်ခိုင်လုံသော ဆန္ဒမဲအရေအတွက်ကို ကြေညာရမည်။ ခိုင်လုံသော ဆန္ဒမဲအများဆုံးရရှိသူကို ရွေးကောက်တင်မြှောက်ခံရသူအဖြစ် သတ်မှတ်ကြေညာနိုင်ရန်လည်းကောင်း၊ အများဆုံးရရှိသည့် ခိုင်လုံသောဆန္ဒမဲအရေအတွက် တူညီနေလျှင် ရွေးကောက်ပွဲ ထပ်မံကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြရမည်။ မိတ္တူကို နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ သက်ဆိုင်ရာကော်မရှင်၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ (သို့မဟုတ်) ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။ ပြင်ဆင်မည့်ပြဋ္ဌာန်းချက်တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ခိုင်လုံသောဆန္ဒမဲရရှိသူကို ရွေးကောက်တင်မြှောက်ခံရသူအဖြစ် သတ်မှတ်ကြေညာနိုင်ရန်လည်းကောင်း၊ အများဆုံးရရှိသည့် ခိုင်လုံသောဆန္ဒမဲအရေအတွက် တူညီနေလျှင် ရွေးကောက်ပွဲ ထပ်မံကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်တင်ပြရမည်။ မိတ္တူကို နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ခွဲ (သို့မဟုတ်) ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်ဟူသည့် ပြင်ဆင်မည့် ပြဋ္ဌာန်းချက်သည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏လုပ်ပိုင်ခွင့် ဆုံးရှုံးသွားမည်ဖြစ်သဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများမှာ ရွေးကောက်ပွဲရလဒ်ကို အခြေခံကျသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှ သိရှိခွင့်မရမည်ကို စိုးရိမ်လာနိုင်ကြပါသည်။ ထို့နောက် ရွေးကောက်ပွဲကိုလည်း သံသယဝင်လာဖွယ်ရှိနိုင်သဖြင့် လက်ရှိပြဋ္ဌာန်းချက်အား ပြင်ဆင်ရန် မလိုကြောင်း သုံးသပ်တွေ့ရှိရပါ၍ အကြံပြုတင်ပြအပ်ပါသည်။

ဒုတိယပြင်ဆင်ချက်ဖြစ်သည့် ပုဒ်မ ၇၄(က)သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၂(ခ)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ၊ ပုဒ်မခွဲ(ခ)တို့နှင့် ညီညွတ်စေရန် ပြင်ဆင်ရေးသားထားခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ ဥပဒေကြောင်းအရ မှားယွင်းသဖြင့် ပြင်ဆင်ပေးရန်ဟူသည့် မူလဥပဒေမှာ ဥပဒေရေးရာအရ ပြဿနာပေါ်မှသာလျှင် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် လျှောက်ထားနိုင်ခြင်းဖြစ်ပြီး ယခုပြင်ဆင်ချက်မှာ အယူခံမှု (သို့မဟုတ်) ပြင်ဆင်မှုများကို သတ်မှတ်နည်းလမ်းအတိုင်း လျှောက်ထားနိုင်ကြောင်း တွေ့ရှိရသဖြင့် ပိုမိုပြည့်စုံသွားရာ ကော်မတီဝင်အားလုံးက ပြင်ဆင်မည့်ပြဋ္ဌာန်းချက်ကို ပြင်ဆင်သင့်ပါကြောင်း တင်ပြလိုပါသည်။ တတိယပြင်ဆင်ချက်ဖြစ်သည့် ပုဒ်မ ၈၈ သည် ၁၉၉၁ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးဥပဒေ (၁၀/၉၁)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခြင်းခံရသည့် ပြစ်မှု၏အတိမ်အနက်များ မတူညီမှုကြောင့်လည်းကောင်း၊ ရွေးကောက်ပွဲဝင်ခွင့် ပိတ်ပင်မှုကာလကို (၃)မျိုးခွဲခြား၍ ပြင်ဆင်ရေးသားခြင်းဖြစ်ပါသည်။ ထိုသို့ခွဲခြားပြင်ဆင်ရာတွင် ပုဒ်မ ၈၈၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၈၈၊ ပုဒ်မခွဲ(ခ)တို့ကို ပြင်ဆင်ချက်အတိုင်း ထားရှိသင့်သည်ဟု သဘောတူသုံးသပ်ရရှိကြပြီး ပုဒ်မ ၈၈(ဂ)တွင်မူ ပုဒ်မ ၈၈၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)မှအပဟူသော စကားရပ်ကို ဖြည့်စွက်မှသာ ပြင်ဆင်ချက်သည် ပိုမိုပြည့်စုံရှင်းလင်းမည်ဟု တွေ့ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ လွှတ်တော်မှာ ဖွဲ့စည်းပေးရာ၌ ကော်မတီ၏တာဝန်ကို တစ်ပါတည်း သတ်မှတ်ပေးပြီး ဖြစ်ပါသည်။ လွှတ်တော်မှာသတ်မှတ်ပေးခဲ့သည့်တာဝန်မှာ ဥပဒေကြမ်းကို စိစစ်ရာတွင် အချက် ၁၂ ချက်ပါသည့် အခြေခံစိစစ်ရမည့် အချက်များဖြစ်ရာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုလည်း စိစစ်ကြရာ အချက် ၁၂ ချက်နှင့်ညီညွတ်ကြောင်း တွေ့ရှိရပါသည်။ ဒါ့ကြောင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ဥပဒေ ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အသေးစိတ်စိစစ်လေ့လာကြပြီး ကော်မတီဝင်အားလုံးမှ ဖော်ပြပါအချက်များကို အခြေခံလျက် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဥပဒေတစ်ရပ်အဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့် လွှတ်တော်တွင် တင်သွင်းဆွေးနွေးသင့်ပါကြောင်း သဘောတူတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## “ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနဲ့စပ်လျဉ်း၍ လာမည့်အပတ်အတွင်း သင့်လျော်သည့်ရက်တွင်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နဲ့အညီ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ ဖော်ပြ၍ ၂-၉-၂၀၁၁ ရက် (သောကြာနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး နဝမနေ့ကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေးအဋ္ဌမနေ့ကို ၁၅း၃၀ နာရီ အချိန်တွင် ရပ်နားပါသည်။]